


www.burmeseclassic.com
BURMESE
CLASSIC
.com
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၄၁၈၀၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၃၈၉၁၂၁၁ |
| အကြိမ် | – | ပထမအကြိမ်၊ |
| | | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၈၈)၊ ၅၁ လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဘြိစတ္တ

ကျောက်ပြာသာဒ် ပလ္လင်မှော်/ ဘြိစတ္တ၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၂၂၄ – စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) ကျောက်ပြာသာဒ် ပလ္လင်မှော်


## ဒဿနလက်ဆောင်

- ဆင်းရဲသူများက
  စားဝတ်နေရေးအတွက်သာ မျှော်မှန်းကြသည်။
  ချမ်းသာသောသူများကတော့
  အရာအားလုံး ပိုင်ဆိုင်ခွင့်ရစေရန်
  နည်းအမျိုးမျိုးတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြသည်။
- လောကအကြောင်းကို
  အနည်းငယ်မျှ သိသောသူသည်
  အရာအားလုံးကို သိပြီဟု ယူဆကြသည်။
  လောကအကြောင်းကို အတော်များများ သိပြီးသူကတော့
  သူ ဘာမှ မယ်မယ်ရရ မသိသေးကြောင်း
  သဘောပေါက်လေသည်။
- အမျိုးသမီးတစ်ယောက်သည်
  မိမိအလှကိုသာ အရေးကြီးသည်ဟု ထင်မှတ်နေပါက

www.burmeseclassic.com

www.burmeseclassic.com

အခြားအရေးကြီးသော အရာအားလုံး
ပျက်စီးဖို့ နီးစပ်နေပြီ ဖြစ်တော့သည်။

✪ ကိုယ်ကျင့်တရား ကောင်းမွန်ပါက
လွတ်လပ်ခွင့်အရသာများကို ခံစားရနိုင်ပြီး
ကိုယ်ကျင့်တရား မကောင်းပါက
လွတ်လပ်ခွင့် မရသည့်အပြင်
စိတ်ဆင်းရဲစရာများပါ ထပ်မံရနိုင်ပေသည်။

✪ မိမိက ရန်သူဟု သိထားသောသူကို
တုံ့ပြန်ရင်ဆိုင်ရတာ မခက်ခဲလှပေ…။
မိမိက ချစ်သူအဖြစ် သတ်မှတ်ထားသူက
ရန်ပြုလာလျှင်တော့ တုံ့ပြန်ခုခံရန် အချိန်မရနိုင်ပေ။

✪ အိမ်ထောင်ရေးဟူသော စက်ဝိုင်းသည်
မဝင်ဘူးသေးသူက ဝင်ချင်ကြပြီး
ဝင်ရောက်ပြီးသူက
အပြင်သို့ ပြန်ထွက်ချင်ကြလေသည်။

✪ လက်ထပ်ခြင်းဟူသည်
အမျိုးသားများက လွတ်လပ်ခြင်းကို
အရင်းအနှီးပြုကြရပြီး ..
အမျိုးသမီးများက
ကိုယ်ကျင့်တရားဖြင့် ပေးဆပ်ကြရလေသည်။

✪ အောင်မြင်မှုကို ရှာဖွေနေသူအတွက်
ရန်သူများ ပြိုင်ဘက်များ တွေ့နိုင်သကဲ့သို့
အောင်မြင်မှုရပြီးသောအခါ
ဖြိုဖျက်ရန် နည်းအမျိုးမျိုးနှင့် ကြိုးစားလာသူများနှင့်
ထပ်တွေ့ရနိုင်ပေသည်။

✪ ကောင်းမှုပြုလုပ်သောအခါ
မကောင်းမှုဟူသော ရန်သူတစ်ဦးအား ရှိသည်။
မကောင်းမှု ပြုလုပ်သောအခါမှာတော့
ကောင်းမှုသည် ရန်သူဖြစ်ရုံမက
အရာအားလုံးနှင့်ပါ ဆန့်ကျင်ဘက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေကို ငရဲမီးဖြင့် စမ်းကြည့်က သိနိုင်သည်။

လူတစ်ယောက်၏ ကိုယ်ကျင့်တရားကိုတော့

ရွှေဖြင့်စမ်းကြည့်က သိနိုင်ပါသည်။

အိမ်မှ ကြောင်တစ်ကောင်အတွက်

အမှုအခင်းဖြစ်သောအခါ

နွားတစ်ကောင်ရောင်းပြီး ပေးသော်လည်း

အမှုက မပြီးနိုင်တော့ပေ။

အကောင်းအဖျင်းပြောတတ်သူသည်

လျှာတစ်ချောင်းကို ရင်းပြီး

အခြားသူများ၏မကောင်းကြောင်းကို ပြောလေ့ရှိသည်။

ယိုကဲ့သို့ လိုက်လံပြောဆိုခြင်းဖြင့်

သူ၏ မကောင်းကြောင်းကိုလည်း

အခြားသူများကို အလိုအလျောက် ပြောဆိုပြီးသား

ဖြစ်နေတော့သည်။

## ကျမ်းဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) ဘုရားမရှိနိုးဝံ့သော ကျွန်း

အခန်း(၂) မုန်တိုင်းရန်စွယ်မှ ကယ်တင်ပေးသော ငါး

အခန်း(၃) အံ့သြဖွယ်ရာကောင်းသောကျွန်း

အခန်း(၄) နေမြင်ညပျောက် ဝှပေါက်မာယာ

အခန်း(၅) ပျောက်ကွယ်နေသည့် ဆန်းကြယ်သော
နေရာများ

အခန်း(၆) သိုက်ဆက် နဂါးဆက်ရှိကြသူများ

အခန်း(၇) မြသင်းကြူနှင့် မမျှော်လင့်ဘဲ တွေ့ရခြင်း

အခန်း(၈) အရှင်ဉပဂုတ္တ ရဟန္တာ

အခန်း(၉) ဖောင်တော်ပူဇော်ပွဲနှင့် ထူးဆန်းမှုများ

အခန်း(၁၀) ကျောက်ပြာသာဒ်ပေါ်မှ ရုပ်တုတော်

အခန်း(၁၁) ဘုံပချိုင်နှင့် ယုတ်မာသော အကြံအစည်

အခန်း(၁၂) နတ်ထေရာ ဇာလာဟီး

အခန်း(၁၃) မမျှော်လင့်ဘဲ ရောက်လာသည့် ဧည့်သည်များ

အခန်း(၁၄) အတ္တကြီးသူတို့အတွက် ထိုက်တန်သော ရလဒ်

အခန်း(၁၅) ရေးရေစက်ကြောင့် ချစ်ကြိုးသွယ်


www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁]

## ထူးရှားမွှေးမြိုင်ဝံ့ဝထော ဆွမ်း

နေဝင်တော့မည် ...၊

ပင်လယ်ရေပြင်ပေါ်မှာ ဆည်းဆာရောင်များက နေရာအနှံ့အပြားတွင် တောက်ပလျက် ရှိနေကြသည်။ အဖြူရောင်များနှင့်အတူ နီညိုရောင်များကပါ ရောနှောနေကြလေသည်။

အနီရောင်နှင့် အဖြူရောင်များ ရောနှောသွားသောအခါ မူလအရောင်များ မဟုတ်တော့ဘဲ ပန်းနုရောင်များအသွင် ပြောင်းသွားလေသည်။





ကဗျာဆန်သူများကတော့ ထိုမြင်ကွင်းမျိုးကို မြင်တွေ့ရလျှင် ဝန်းနုရောင်ဆည်းဆာရိပ်များဟု တင်စားပြောဆိုကြလေသည်။

နီမောင်တို့လို ဘဝဝမ်းစာ ရှာဖွေနေသူများအတွက်ကတော့ ဝင်လယ်ပြင်မှာ တွေ့မြင်ရလေ့ရှိသော ဆည်းဆာရောင်များ အပါအဝင် သဘာဝအလှအပများထက် သဘာဝဘေးအန္တရာယ်များကိုသာ ဂရုပြုပြီး ကြည့်ကြရလေသည်။

ကပ္ပလီပင်လယ်ပြင်သည် မျက်စိတစ်ဆုံး ကျယ်ဝန်းလှသည်။

ထိုကဲ့သို့ ကျယ်ဝန်းလှသော ပင်လယ်ပြင်သည် နီမောင်တို့လို ပင်လယ်ထွက်၍ ဝမ်းစာရှာသူများအတွက် ဝမ်းစာလည်း ရနိုင်သလို အန္တရာယ်များလည်း ရနိုင်လေသည်။

ငါး၊ ပုစွန် စသော ဝမ်းစာများ ရနိုင်သလို လှိုင်းလုံးကြီးများနှင့် လေပြင်းမုန်တိုင်း အစရှိသော အန္တရာယ်များကလည်း အချိန်မရွေး ရောက်လာနိုင်သည်။

ထို့ကြောင့် ပင်လယ်ပြင်မှာ ဝမ်းစာရှာဖွေကြသူများမှာ ညောင်သီးလည်း စား၊ လေးညို့သံလည်း နားထောင် ဆိုသကဲ့သို့ ဝမ်းစာလည်းရှာ အန္တရာယ်များကိုလည်း သတိထားကြရလေသည်။

သဘာဝဘေးအန္တရာယ်များမှာ လာတော့မည်ဆိုလျှင် နှင်းချင်းကြီးတော့ ရောက်မလာတတ်ပေ။ ကြိုတင်နိမိတ်များပြပြီးမှ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ့ရှိသည်။ လူက သတိထားနိုင်ဖို့သာ အရေးကြီးသည်။

နာဂစ်မုန်တိုင်းများ မတိုက်ခင်က ပင်လယ်နှင့်နီးသော နေရာများမှာ ထူးခြားမှု အတော်များများ ပေါ်ပေါက်ခဲ့ပေသည်။ ထိုဒေသတွင် နေကြသူများက အမှုမဲ့အမှတ်မဲ့နေကြသောကြောင့်သာ (အချို့က ရိပ်မိသော်လည်း ထိုမျှလောက် မဖြစ်တန်သည်ဟု ပေါ့ပေါ့ပင် သဘောထားကြသည်။) နာဂစ်မုန်တိုင်းမဝင်မီ ရက်ပိုင်းအလိုက ပင်လယ်နှင့်နီးသော ရွာများတွင် နေ့ရောညပါ ခွေးများ အူနေခြင်း၊ လယ်ကြွက်များ အပါအဝင် ကြွက်မှန်သမျှ နေရာရွှေ့ပြောင်းကြသည်။

ငှက်များ အသိုက်ပြောင်းခြင်း၊ ပင်လယ်ဘက်မှ ဟီးသံ(အော်သံ)များ ကြားကြရခြင်း၊ အိမ်မှာမွေးထားကြသည့် ကျွဲ နွား တိရစ္ဆာန်များ ဂဏှာမငြိမ် ဖြစ်နေခြင်း။

ပင်လယ်ပြင်တစ်ခွင်လုံး ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်ခြင်း အပါအဝင် အန္တရာယ်များနှင့် သက်ဆိုင်သော ကြိုတင်နိမိတ်များ ပေါ်ပေါက်ခဲ့ပေသည်။

ထိုအရပ်ဒေသများမှာ နေထိုင်သူများအဖို့ကတော့ နှစ်စဉ် နှစ်တိုင်းလိုလို လေပြင်းမုန်တိုင်းများအထံကို တွေ့ကြုံကြရသောကြောင့် သာမန်မျှသာ သဘောထားကာ ပေါ့ပေါ့ပင် နေခဲ့ကြလေသည်။





ထို့ကြောင့် နာဂစ်မုန်တိုင်းများ ဝင်ရောက်လာသောအခါ အထိနာခဲ့ကြခြင်း ဖြစ်ပေသည်။ ပင်လယ်ပြင်မှာ ဝမ်းစာရှာကြသောသူများအဖို့ မိုးရာသီရောက်လျှင် ပင်လယ်သို့ မထွက်ကြတော့ဘဲ အခြားလုပ်ငန်းများ လုပ်ကိုင်၍ ဝမ်းစာရှာဖွေကြသော်လည်း မိုးရာသီကုန်သည်နှင့် ပင်လယ်ထွက်၍ လုပ်ကိုင်ကြလေသည်။

သို့သော်လည်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများအထိတော့ ရာသီဥတု စိတ်ချရသော အနေအထားမျိုး မရှိသေးပေ။

ဒေသခံများ၏ လက်သုံးဝေါဟာရအရ 'တန်ဆောင်မုန်းလမှာ သောင်ကတုံးမှာ မအိပ်ကြလေနဲ့' ဆိုသော စကားအတိုင်း မိုးကုန်ပြီဆိုပြီး အကာအကွယ်မရှိသော မြစ်ပြင်၊ ပင်လယ်ပြင်များမှာ စိတ်ချလက်ချ မနေသင့်၊ မအိပ်ဝံ့ကြရန် သတိပေးထားခြင်းပင် ဖြစ်၏။

အချိန်မှာ ၁၉၄၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်းရက် ဖြစ်သည်။ ရာသီဥတုက သာယာနေသည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ နေဝင်ချိန်မှာ ဖြစ်ပေါ်လေ့ရှိသော ဆည်းဆာရောင်များပင် တောက်ပလျှက်ရှိနေကြသည်။

မိုးတွင်းကာလတစ်လျှောက်လုံး ထိုကဲ့သို့သော သာယာလှပသည့် ဆည်းဆာရောင်များကို မမြင်ရ မတွေ့ကြရသည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရာသီဥတုသာယာသော အချိန်မျိုးမှာ တစ်မိုးတွင်းလုံး ပင်လယ်မထွက်နိုင်ခဲ့ကြသော ငါးရှာသူတို့ လှေကြီးလှေငယ် အသွယ်သွယ်တို့ဖြင့် ပင်လယ်ပြင်သို့ အလျှိုလျှို ထွက်လာကြလေသည်။

ဆည်းဆာရောင်များ ဖြန့်ခင်းထားသော ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ငါးဖမ်းထွက်လာကြသော လှေကြီးလှေငယ်တို့မှာ နေရာအနှံ့အပြားရှိနေကြရာ အမည်းစက်ကလေးများ စွန်းထင်းနေသကဲ့သို့ ရှိလေသည်။ တစ်နည်းပြောရလျှင် ပန်းရောင်မျက်နှာပြင်ပေါ်သို့ အနက်ရောင် ဆေးစက်ကလေးများ နေရာအနှံ့အပြား ကျနေသကဲ့သို့ ရှိနေတော့သည်။

သို့သော်လည်း သဘာဝအလှတရားမှာ အကျည်းတန်သွားခြင်းမျိုး မရှိဘဲ တစ်နည်းတစ်ဖုံတော့ လှပတင့်တယ်နေသည်။ လိုက်ဖက်မှုတစ်ခုအနေနှင့်တော့ ရှိနေသည်။

ရာသီဥတုသာယာသည်နှင့် ဝမ်းစာရေးအတွက် ငါးဖမ်းထွက်လာကြသော ငါးဖမ်းလှေများမှာ ပင်လယ်ပြင် နေရာအနှံ့အပြားမှာ တွေ့နိုင်လေသည်။ ထိုအထဲတွင် နီမောင်၏လှေလည်း တစ်စင်း အပါအဝင် ဖြစ်သည်။

နီမောင်က 'ကျောက်ပြာသာဒ်ကျွန်း'သားတစ်ဦး ဖြစ်သည်။





'ကျောက်ပြာသာဒ်ကျွန်း'မှာ ကပ္ပလီပင်လယ်ပြင်၌ရှိသော ကျွန်းတစ်ကျွန်းပင် ဖြစ်၏။ ထိုကျွန်းမှာ ထပ်တစ်ရာကျွန်း စသော ကမ်းခြေအစ်ဝိုက်မှာရှိသော ကျွန်းစုများနှင့်လည်း မဝေးလှပေ။

ကျွန်းပေါ်၌ ကျောက်ဆောင်များ၊ လိုဏ်ခေါင်းများနှင့် ပြာသာဒ်နှင့်ပုံသဏ္ဌာန်တူသော ကျောက်ဆောင်များရှိသောကြောင့် ကျောက်ပြာသာဒ်ကျွန်းဟု အလွယ်တကူ အမည်ပေးထားခြင်းဖြစ်သည်။

ကျွန်း၏ တစ်နေရာ၌ရှိသော သဘာဝအတိုင်းဖြစ်နေသည့် ကျောက်ပြာသာဒ်ကြီးတစ်ခုဆိုလျှင် လူတို့ပြုလုပ်ထားသော ကျောက်ပြာသာဒ်ကြီးနှင့် များစွာတူလှပေသည်။ ကျောက်ပြာသာဒ်ဆိုသောအဘောမှာ ဘာသာရေးနှင့်သက်ဆိုင်သော အရာဝတ္ထုတစ်ခု ဖြစ်သည်။

ဘာသာရေးနှင့် သက်ဆိုင်ပြီး ယုံကြည်ကိုးကွယ်ရာ ရုပ်တုများ ထားသောနေရာလည်း ဖြစ်သည်။ သို့သော် ကျောက်ပြာသာဒ် ရွာသားများကတော့ ဘာသာရေး မလုပ်နိုင်ကြပေ။ ဘာသာရေးထက် ဝမ်းစာရေးကိုသာ စိတ်ဝင်စားကြလေသည်။

ကျွန်းပေါ်၌ နေထိုင်သူ အများစုများမှာ ငါးရှာသောအလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။ ကျွန်းပေါ်မှာ ကျောက်ဆောင် ကျောက်တောင်များသာ ရှိသောကြောင့် အခြားလုပ်ငန်းများ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ထွန်းကြပေ။

ထို့ပြင် ကျွန်းပေါ်၌ နေကြသူများမှာ ဗမာဦးရေ နည်းပြီး အခြားလူမျိုးစု အရေအတွက်က ပိုများပေသည်။ ထိုလူတွေ အတော်များများကတော့ ဘာသာရေးကို စိတ်မဝင်စားပေ။ ထိုကျွန်းပေါ်၌ ပညာနှင့် ဆလုံအချို့ ရှိကြလေရာ ၎င်းတို့က နတ်ကိုးကွယ်မှု ပြုကြသည်။

ကျန်သည့်လူအတော်များများကလည်း ဘုရား၊ တရား၊ သံဃာ ကိုးကွယ်သောအလုပ်ထက် သူတို့အလုပ်ကို တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်သည်ဟု ယူဆထားသော နတ်ကိုးကွယ်မှုများကိုသာ ပြုလုပ်ကြသည်။

သက်ဆိုင်ရာနတ်များကို ကိုးကွယ်ကြခြင်းဖြင့် ပင်လယ်ထွက်ပြီး အလုပ်လုပ်သောအခါ ဘေးအန္တရာယ်များကို ကာကွယ် တားဆီးပေးနိုင်ပြီး ငါး၊ ပုစွန် အရများအောင် ပြုလုပ်ပေးနိုင်သည်ဟု အများက ယုံကြည်ထားကြသောကြောင့် ဖြစ်သည်။

ရွာလူကြီး ဇမုန်းထန်မှာ ပညာအနွယ်ဝင်တစ်ဦးဖြစ်ပြီး နတ်ကိုးကွယ်မှုကိုသာ ယုံကြည်သက်ဝင်သူတစ်ဦး ဖြစ်သည်။ သို့ကြောင့်လည်း တစ်ရွာလုံးကလည်း နတ်များကိုသာ ယုံကြည် ကိုးကွယ်ကြခြင်းဖြစ်သည်။





ထို့ပြင် ပင်လယ်ထွက်ပြီး ငါးရှာဖွေနေကြသူများမှာ ဘာသာရေး ယုံကြည်သက်ဝင်၍ အိမ်မှာကိုးကွယ်ဆည်းကပ်မှု ပြုထားပါက ငါးရှာဖွေရာတွင် အနှောင့်အယှက်များ တွေ့နိုင်ခြင်း၊ ငါး၊ ပုစွန်များ မရနိုင်ခြင်း စသော အယူဝါဒများကလည်း ရှိနေကြသည်။

ထို့ထက် မြန်မာပြည်ကို သိမ်းပိုက်အုပ်ချုပ်နေကြသည့် အင်္ဂလိပ် မျက်နှာဖြူများကလည်း ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုကို အားမပေးခဲ့ပေ။

၎င်းတို့ ယုံကြည်သော ခရစ်ယာန်ဘာသာနှင့် နတ်ကိုးကွယ်မှုများပြုရန်သာ မသိမသာ တိုက်တွန်း အားပေးခဲ့ကြလေသည်။

၎င်းတို့ ဘာသာဝင် မဖြစ်လျှင်သော်မှ ဗုဒ္ဓဘာသာဝင် မဖြစ်စေရန်ကိုတော့ နည်းအမျိုးမျိုးနှင့် ဟန့်တားနှောင့်ယှက်မှု ပြုခဲ့ကြသည်။

ရွာလူကြီး ဇမုန်းထန်ကိုယ်တိုင်ပင်လျှင် အင်္ဂလိပ်များပေးသော လက်ဆောင်နှင့် အခွင့်အရေးများကို ရနေသောကြောင့် ခရစ်ယာန်ဘာသာဝင် မဖြစ်သည့်တိုင် ဗုဒ္ဓဘာသာကိုးကွယ်မှုကိုတော့ အားပေးခြင်း မပြုပေ..။

"မင်းတို့ တစ်ကျွန်းလုံး ငါးရှာမှ ထမင်းစားရမယ်၊ ပင်လယ်ထွက်ပြီး ငါးရှာတဲ့အခါ နတ်တွေက အကူအညီပေးမှ ငါးများများရမယ် ..၊ ဘေးအန္တရာယ်တွေကင်းဖို့ နတ်တွေက ကာကွယ် စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ပေးမှ ဖြစ်မယ် ..၊ ဒါကြောင့် ကိုယ့်နေရာ ကိုယ့်ဒေသနဲ့ သက်ဆိုင်တာကိုပဲ လုပ်ကြ၊ ကိုယ့်အလုပ်ကို အကျိုးပြုမယ့်အလုပ်ပဲ လုပ်ကြ..၊ ကိုယ်နေတဲ့နေရာ ကိုယ်လုပ်တဲ့အလုပ်နဲ့ မသက်ဆိုင်တဲ့အလုပ်တွေကို လုပ်တာ ငါ မကြိုက်ဘူး”

ဟု သွယ်သွယ်ဝိုက်ဝိုက်နှင့် အသိပေးထားလေသည်။ ထို့ကြောင့် ကျွန်းပေါ်မှာနေကြသော တဲများ၌ ဘုရားသခင်လည်း မရှိ၊ ပုံတူရုပ်ပွားတော်များလည်း မထားကြပေ။

အမှန်တော့ ထိုကျွန်းပေါ်၌ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူ အချို့လည်း ရှိပေသည်။ သို့သော် အများနှင့်အနည်း ဖြစ်နေသောကြောင့် ဆန့်ကျင်ဘက် မလုပ်ငံ့ကြပေ။

တစ်ခါက ထိုကျွန်းပေါ်သို့ အခြားတစ်နေရာမှ မိသားစုများ ပြောင်းလာပြီး အလုပ်လုပ်ကြလေသည်။ ထိုအုပ်စုထဲမှာ အဘိုးကြီးတစ်ယောက်ပါလာပြီး ညစဉ်လိုလို အသံကျယ်ကျယ်ဖြင့် ဘုရားရှိခိုးလေသည်။

ကျွန်းမှာနေထိုင်သူများက ပထမတော့ ဘာလုပ်မှန်း မသိသောကြောင့် ကြည့်နေကြသည်။ နောက် သိတဲ့လူတစ်ယောက်က ပြောပြတော့မှ ဘုရားရှိခိုးနေမှန်း သိကြရသည်။ ထိုအချိန်မှာပင် အရက်မူးနေသော ပသျှူးတစ်စုရောက်လာပြီး ရန်ရှာလေတော့သည်။





“ခင်ဗျား ဘာလုပ်နေတာလဲ”

“ဘုရားရှိခိုးနေတာပါကွယ်”

“ငါးရှာတဲ့ကျွန်းမှာ ဒီလိုလာလုပ်နေမှတော့ ဘယ်မှာ ငါးရှာလို့ရပါတော့မလဲ၊ ဒီတော့ ခင်ဗျား ဒီအလုပ်တွေ လုပ်ချင်ရင် တခြားမှာ ပြောင်းလုပ်ပါ။ ဒီကျွန်းပေါ်မှာတော့ မလုပ်နဲ့ .. နောက်တစ်ခါတွေ့ရင်တော့ ကျုပ်တို့အဆိုး မဆိုနဲ့”

ဟု လာရောက် ကြိမ်းမောင်း ပြောဆိုသွားသောကြောင့် ထိုအဘိုးကြီးလည်း ဆက်မလုပ်ဝံ့တော့ပေ။ နောက်တော့ ထိုကျွန်းမှ ပြောင်းသွားလေတော့သည်။

‘ကျောက်ပြာသာဒ်’ဟု အမည်တွင်ရခြင်းမှာ ထိုကျွန်းပေါ်တွင် ပြာသာဒ်နှင့် ပုံသဏ္ဌာန်တူသော ကျောက်ဆောင်တစ်ခု ရှိသောကြောင့် ဖြစ်သည်။

ရှေးအခါက ထိုကျောက်ဆောင်ပေါ်မှာ ရုပ်တုတစ်ခု ရှိခဲ့သည်ဟုတော့ အဆက်ဆက်ပြောကြသည်။ မရှိတော့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် မည်သည့်ရုပ်တုမျိုးဖြစ်သည်ကိုတော့ မည်သူကမှ တိတိကျကျ မပြောနိုင်ကြပေ။

ထိုကျွန်းပေါ်မှာ နေကြသူများ အားလုံးတော့ နတ်ကိုးကွယ်ကြသူများ မဟုတ်ကြပေ။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူ အချို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိကြသည်။

သို့သော် လွတ်လွတ်လပ်လပ် ပေါ်ပေါ်ထင်ထင်တော့ ကိုးကွယ်ခွင့် မရပေ။ မိမိတို့ယုံကြည်မှုအလျောက် တိုးတိုးတိတ်တိတ် ကိုးကွယ်ကြရခြင်း ဖြစ်သည်။

ထိုအထဲတွင် နီမောင်လည်း အပါအဝင်ဖြစ်သည်။ နီမောင်သည် လူရွယ်တစ်ယောက်ပင် ဖြစ်သော်လည်း ဘာသာရေးကို လေးစားယုံကြည်သူ ဖြစ်သည်။

ဘဝပေး ကံအကျိုးပေး မကောင်းခဲ့သောကြောင့် သားငါး ရှာစားနေရသော ဘဝမျိုးနှင့် နေရသော်လည်း ယုံကြည်ခြင်းကတော့ ပျက်ယွင်းမသွားပေ..။

ဝမ်းစာရေးအတွက် လောလောဆယ်ဆယ် အဆင်ပြေသော အလုပ်ကို လုပ်ရသည်က တစ်ဖက်၊ စိတ်ထဲမှ ယုံကြည်မှုရှိသည်ကို လုပ်ရသည်က တစ်ဖက်ဟုသာ ခံယူထားလေသည်။

၎င်း၏ မိခင်ဖခင်တို့မှာလည်း ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သူများ ဖြစ်ကြသည်။ ၎င်းတို့နေသောတဲမှာ ရုပ်ပွားတော်နှင့် ဘုရားစင် ဟူ၍ သီးသန့်မထားနိုင်စေကာမူ ရသမျှ ဘုရားစာ၊ တရားစာများကိုတော့ အချိန်ရသမျှ ရွတ်ပွားနေကြသူများ ဖြစ်သည်။ ဖခင်ဖြစ်သူ ဦးဘရှိန်ကတော့ ပြောသည်။





"ကိုယ့်စိတ်ထဲမှာ ယုံကြည်ကိုးကွယ်မှု မှန်ကန်ဖို့ပဲ အရေးကြီးပါတယ် .. ဝမ်းစာအတွက် ဘာပဲလုပ်ရပေမယ့် ကိုယ့်စိတ်ထဲက ဘုရား တရား မမေ့နဲ့ ..၊ အန္တရာယ်နဲ့တွေ့တဲ့အချိန်မျိုးမှာ ကိုယ့်ရဲ့ ယုံကြည်ကိုးကွယ်မှု မှန်ကန်ခြင်းကသာ ကယ်တင်နိုင်တယ်"

"အဖေရာ ဒီကျွန်းပေါ်မှာ နေရတာတစ်မျိုးပါပဲ..၊ ဘုရားမရှိ ကျောင်းမရှိ ဘုန်းကြီးလဲ မတွေ့ရ ..၊ ဘုရားသံ တရားသံဆိုတာလဲ ဘာမှမကြားရနဲ့ ကျွန်တော်တော့ နေတောင် မနေချင်တော့ပါဘူး"

ထိုစကားကိုကြားသောအခါ မိခင်ဖြစ်သူ ဒေါ်ကျင်မေက ဖျောင်းဖျပြောဆိုသည်။

"ဘုရားတရားဆိုတာ ကိုယ့်စိတ်ထဲက ယုံကြည်သက်ဝင်မှု ရှိနေဖို့သာ အရေးကြီးပါတယ် သားရယ် ..၊ ဘယ်နေရာနေနေ အရေးမကြီးပါဘူး၊

ဘုရားရှိခိုးတာကို အသံကျယ်ကျယ်နဲ့ မလုပ်ရဘူးဆိုတော့လဲ စိတ်ထဲကပဲ အာရုံပြုပြီး ရှိခိုးပေါ့၊ အနည်းဆုံး မင်း ငါးရှာသွားရင်တောင် ကိုယ့်စိတ်ထဲမှာရတဲ့ ဘုရားစာ တရားစာလေးတွေကို ရွတ်နေပေါ့၊

"ငါး ရတာ မရတာက မင်းရဲ့ကံတရားနဲ့ ကြိုးစားမှုနဲ့ပဲဆိုင်တယ်၊ ဘုရားတရားကို မမေ့ခြင်းကြောင့် ဘေးအန္တရာယ်နဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရရင်တောင် ကယ်မယ့်သူ ပေါ်လာတတ်ပါတယ်"

ဟု မိခင်ဖြစ်သူက ဖျောင်းဖျ ပြောဆိုလေသည်။

တဖြည်းဖြည်းနှင့် နေလုံးကြီးက ပင်လယ်ရေပြင်အောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေပြီ..။ သို့သော် ဆည်းဆာရောင်များ ကတော့ တော်တော်နှင့် မကွယ်ပျောက်သေးပေ ..။

နီမောင်လုပ်သော ငါးဖမ်းခြင်းမှာ ဖော့မျှောသော ငါးဖမ်းခြင်း ဖြစ်သည်။ လမုဖော့လုံးကြီးများတွင် ငါးမျှားကြိုးနှင့် ငါးမျှားချိတ် တပ်ဆင်ထားပြီး ထိုငါးမျှားချိတ်၌ ရာသီအလိုက် သင့်တော်သော ငါးစာများချိတ်ကာ ရေစီးနှင့်မျှောချခြင်း ဖြစ်သည်။

ထို ဖော့လုံးမျှောသောလုပ်ငန်းမှာ ပင်လယ်ပြင်၌ ပြုလုပ်သူ ရှိသလို မြစ်ကျယ်ကြီးများ၌လည်း ပြုလုပ်ကြသည်။ သစ်တောနှင့် နီးသော မြစ်များတွင် ဖော့မျှောပါက လမုသီးကဲ့သို့ သစ်သီးအစာ များ အသုံးပြုနိုင်သော်လည်း အများအားဖြင့်တော့ ရေသတ္တဝါများ နှစ်သက်သည့် သား၊ ငါး၊ ပုစွန်စာများ အသုံးပြုကြလေသည်။

လမုသီးကဲ့သို့အစာ သုံးပါက ငါးတန်တစ်မျိုးသာ ရပြီး အခြား ငါး မရပေ။ အသား၊ ငါး၊ ပုစွန်များဖြင့် မျှောပါက ငါးကြီးမျိုးစုံ ရနိုင်လေသည်။

အများအားဖြင့် ကပ်သပေါင်း၊ ကပ်သမျှင် စသော ငါးကြီး





များအပြင် ပင်လယ်ပြင်၌ ဖော့မျှောသည့်အခါ ငါးမန်း၊ ငါးလိပ် ကျောက်နှင့် ရေဘဝဲကြီးများအထိ ရနိုင်လေသည်။

ပင်လယ်ပြင်၌ ဖော့မျှောရာတွင် အများအားဖြင့် ငါးမန်းမျိုးစုံ တို့ အရများပြီး လူကိုအန္တရာယ်ပေးနိုင်သော ရေဘဝဲများပင် ရတတ် ပေရာ တော်ရုံသတ္တိကောင်းရုံနှင့်တော့ တစ်ယောက်တည်း မထွက်ဝံ့ ကြပေ ..။

နီမောင်အနေနှင့် ခါတိုင်း ပင်လယ်ထွက်လျှင် စောထီး၊ ငမဲ အောင်တို့နှင့်အတူတူ သွားလေ့ရှိသော်လည်း ဒီကနေ့မှာတော့ ကျွန်း နှင့်မဝေးလှသောနေရာမှာ ထွက်မျှောသဖြင့် တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

နေဝင်ခါနီးအချိန်လောက်မှာတော့ သူ့လှေထဲမှာ ငါးမန်းတစ် ကောင်နှင့် ငါးချောင်းတစ်ကောင် ဖမ်းမိထားပြီးလေပြီ။ မှောင်ရီ သန်းစအချိန်မှာတော့ မျှောထားသော ဖော့လုံးများကို လိုက်လံ သိမ်းဆည်းလေသည်။

သည့်ထက်ပိုမှောင်သွားပါက ရေပြင်ပေါ်မှ ဖော့လုံးများကို မမြင်နိုင်တော့သဖြင့် ပျောက်သွားတတ်သည်။ ထို့ကြောင့် အလင်း ရောင်မပျောက်မီ မိမိချထားသော ဖော့လုံးများကို လိုက်လံ သိမ်း ဆည်းနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူလှေ၏တောင်ဘက်ပင်လယ်ပေါ်မှာ အရောင်တဝင်းဝင်းထွက်နေသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်ရသည်။ ပထမတော့ ငါးဖမ်းနေသည့် စက်လှေတစ်စင်းများလားဟု ထင်လိုက်မိသေးသည်။ သို့သော် သူ မြင်နေရသော အလင်းရောင်က စက်လှေမှ မီးရောင်မျိုး မဟုတ်ပေ။

ထို့ထက် အလင်းရောင်ထွက်နေသော အရာဝတ္ထုမှာ စက်လှေတစ်စင်း၏ ပုံသဏ္ဌာန်မျိုးနှင့် မတူပေ။ ပို၍ထူးဆန်းသည်မှာ လှမ်းမြင်နေရသော ထိုအရာမှာ ရေစီးနှင့်မျောပါသွားခြင်း မရှိဘဲ တစ်နေရာတည်းမှာပင် ကျောက်ချထားသကဲ့သို့ ရပ်တန့်နေခြင်းဖြစ်သည်။ ထိုနေရာမှထွက်နေသည့် အလင်းရောင်များကတော့ ကောင်းကင်အထိ တက်နေလေသည်။

နီမောင်က တအံ့တသြနှင့် လှမ်းကြည့်နေစဉ်မှာ အလင်းရောင်များက ထူးဆန်းစွာ ပျောက်ကွယ်သွားလေသည်။ နီမောင့်စိတ်ထဲမှာတော့ 'ပင်လယ်စုန်း'တောက်စားခြင်း ဖြစ်မည်ဟုသာ ရိုးရိုးသားသား တွေးလိုက်မိသည်။





အခန်း [၂]

## မုန်တိုင်းရန်စွယ်မှ ထယ်တင်ဝေးသော ဝါး

ရေကျသွားသော အချိန်တစ်လျှောက်လုံး မျှောချသွားသော နီမောင်မှာ ပင်လယ်ဒီရေ ပြန်တက်လာသောအချိန်တွင် တစ်ကျော့ပြန် မျှောလာလေသည်။

ရေစုန် အသွားအပြန် အလုပ်လုပ်ကြခြင်း ဖြစ်ပေသည်။ ညနေ ၆ နာရီအချိန်တွင် ရေကျသွားပါက ညသန်းခေါင်ယံအချိန် ကျော်ပါ

www.burmeseclassic.com



က ရေပြန်တက်လာပြီး နံနက် ၆ နာရီရောက်ပါက ရေပြည့်ချိန်သို့ ရောက်သည်။

ညနေ ၆ နာရီအချိန် ကျွန်းမှထွက်ပြီး မျှောချသွားသူသည် ပင်လယ်ရေပြည့်ချိန်ဖြစ်သော နံနက်ပိုင်း ၆ နာရီအချိန်တွင် (အခြား သဘာဝဘေးအန္တရာယ် အနှောင့်အယှက်များနှင့် မကြုံတွေ့ရပါက) မိမိထွက်သွားသော ကျွန်းရှိရာသို့ ပြန်လည် ရောက်ရှိလာနိုင်ပါသည်။

အချို့ကလည်း မိမိတို့ကျွန်းမှ ရေတက်နှင့် အထက်ပိုင်းသို့ တစ်ရေတက်လုံး လိုက်သွားပြီးမှ ရေကျသွားသောအခါ ပြန်ဆင်းလာသည်။

ရေစစ်ချိန်ရောက်သောအခါ မိမိတို့ကျွန်းသို့ ပြန်လည် ရောက်လာနိုင်သည်။ အချို့ကတော့ အထက်ပိုင်းသို့တက်ပြီးမှ ပြန်ဆင်းလာခြင်းက သူတို့အတွက် အန္တရာယ်ပိုကင်းသည်ဟု ယူဆကြလေသည်။

မည်သို့ပင် ရှိစေ ...

ပင်လယ်ပြင်မှာဖြစ်စေ၊ မြစ်များအတွင်းမှာဖြစ်စေ၊ သားငါးရှာဖွေကြရသော တံငါသည်တို့အတွက်ကတော့ အနည်းနှင့် အများဆိုသလို အန္တရာယ်နှင့် တွေ့ကြုံလေ့ ရှိကြသည်။

လေပြင်းမုန်တိုင်းများ၊ လှိုင်းလုံးကြီးများ ဘေးအန္တရာယ်တို့





အပြင် ရေသတ္တဝါကြီးများ အန္တရာယ်တို့နှင့်လည်း တွေ့ကြုံကြရလေသည်။

ရေသတ္တဝါတိုင်းတွင် အကောင်သေးသည်ဖြစ်စေ အကောင်ကြီးသည်ဖြစ်စေ အနည်းနှင့်အများ အန္တရာယ်ရှိကြလေသည်။

ပင်လယ်ပြင်မှာ အကြီးဆုံးနှင့် ကြောက်စရာအကောင်းဆုံးဖြစ်သော 'ညံ'သတ္တဝါကြီးများမှ အပ်ချည်မျှင်မျှ သေးငယ်သော်လည်း ထိမိပါက အန္တရာယ်ရှိနိုင်သော 'ရေကြော'သတ္တဝါတို့အထိ အန္တရာယ်ပေးနိုင်သော ရေသတ္တဝါ အများအပြား ရှိကြလေသည်။

ရေသတ္တဝါသည် ကုန်းမြေမှာ ကျင်လည်ကျက်စားကြသော သတ္တဝါများထက် အရေအတွက်နှင့် အမျိုးအမည် ပိုမိုများပြားကြလေသည်။

ကုန်းမြေပေါ်မှာ နေထိုင်ကျက်စားသော သတ္တဝါ အမျိုးအမည်မှန်သမျှ ရေသတ္တဝါများ၌ ရှိကြသည်။ ငါးဆင်၊ ကျားငါးမန်း၊ ကျွဲငါးမန်း၊ ရေနွား၊ ရေမြင်း၊ ရေသူမ အပါအဝင် အမျိုးအမည် မြောက်မြားစွာ ရှိကြလေသည်။

လူနှင့်များစွာတူသော ရေသတ္တဝါအချို့လည်း ရှိကြလေသည်။

အချို့က အပေါ်ပိုင်းက လူကိုယ်ခန္ဓာ၊ အောက်ပိုင်းက ငါးကိုယ်နှင့်တူသောပုံကို ရေးဆွဲပြီး ရေသူမဟု ခေါ်ဝေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်၌သာမက မြန်မာပြည်မြောက်ပိုင်း တောတောင်ထူထပ်သော နေရာများ၌ရှိသော ကျောက်ဂူလိုဏ်ခေါင်းများအတွင်း၌ လူနှင့်တူသော ရေသတ္တဝါများရှိကြောင်း မှတ်တမ်းအချို့ ရှိပေသည်။

ထိုအကြောင်းကို ယခင်ရေးသားခဲ့သော ဝတ္ထုအချို့၌ ထည့်သွင်း ရေးသားခဲ့ပေသည်။ အချို့ကတော့ လူနှင့် ပုံသဏ္ဍာန်တူသော ရေသတ္တဝါကို ရေဝက်ဟု ပြောသူက ပြော၊ လင်းပိုင်ဟု ရေးသူက ရေးကြသည်လည်း ရှိသည်။

မည်သို့ပင်ရှိစေ အရွယ်အစားမတူသော်လည်း လူနှင့် ပုံပန်းသဏ္ဍာန် များစွာတူသော ရေသတ္တဝါအချို့ကတော့ အမှန်ပင် ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ပင်လယ်ပြင်မှာ ဝမ်းစာ ရှာဖွေခဲ့ကြသော ရေလုပ်သားကြီးများ ပြောပြချက်အရ ၎င်းတို့အနေနှင့် ရေသူမကို တွေ့ဖူးကြောင်း၊ ယခင်က ပင်လယ်ပြင်ထွက်သူ မရှိသောကြောင့် ကမ်းနှင့်မဝေးလှသော ကျောက်ဆောင်များပေါ်မှာ ထိုင်နေပြီး နေပူဆာလှုံနေသော ရေသူမများကို မကြာခဏ တွေ့ရလေ့ရှိကြောင်း..။

"ဟိုတုန်းက ပင်လယ်ပြင်မှာ ငါးရှာတဲ့လူက ဒီလောက် မများ





ဘူး၊ လှေတွေနဲ့ သွားတာလည်း မရှိသလောက်ပဲ၊ အဲဒီတုန်းက လှေနဲ့သွားရင် ကမ်းနဲ့ဝေးတဲ့ ကျောက်ဆောင်တွေပေါ်မှာ တက်နေတဲ့ ရေသူမတွေကို တွေ့ရတယ်၊

အပေါ်ပိုင်းကတော့ လူမိန်းမနဲ့တူတယ်..၊ အသားအရည်ရော ဆံပင်တွေရော နီကြောင်ကြောင်ပါပဲ..၊ ကိုယ်တစ်ပိုင်းက ရေထဲမှာဆိုတော့ ငါးအမြီးမျိုးနဲ့လား ခြေထောက်ပါသလားတော့ မမြင်ရပါဘူး၊ သူတို့ကလည်း အနားကပ်မခံပါ ဘူး..၊ လူတွေမြင်တာနဲ့ ရေထဲ ဆင်းပြေးကြတာပဲ"

"အဲဒီလိုမြင်ရပြီး တစ်ခါတလေ ဖမ်းမိတာမျိုး မရှိဘူးလား အဘ"

"မိတဲ့လူတွေလဲ မိဖူးပါတယ်၊ ပိုက်ထဲမှာပါလာတာမျိုးတို့ စနွားထဲ ရေကြောင်းမှားဝင်လာတာမျိုးတော့ ကြားဖူးပါတယ်၊ ဒါပေမယ့် ဘယ်သူမှ မဖမ်းဝံ့ဘူး၊ အနီးကပ်မြင်ဖူးတဲ့လူ ပြောပြပုံအရတော့ အသားအရောင်က မွဲချောက်ချောက် နီကြောင်ကြောင်နဲ့ အကွက်အကွက်တွေလဲ ထနေတယ်"

"အဲဒီအကွက်တွေက အကြေးခွံတွေများလား အဘ"

"ငါလည်း သေသေချာချာတော့ ဘယ်သိပါ့မလဲ..၊ ကြောင်းစရာအကောင်းဆုံးက မျက်လုံးပဲ၊ မျက်လုံးက အဖြူရောင် မပါ ဘူး



www.burmeseclassic.com

www.burmeseclassic.com



နီရဲနေတာပဲ …၊ သူ့မျက်လုံး နီနီရဲရဲနဲ့ကြည့်ရင် ဘယ်သူမှ မနေဝံ့ဘူး.. မိရင်တောင် ပြန်လွှတ်ပေးရတာချည်းပဲ”

“တကယ်လို့ ဖမ်းမိလို့ သတ်ဖြတ်ပစ်ရင်ကော ဘယ်လိုဖြစ်သလဲ အဘ”

“သတ်တဲ့လှေဆိုရင် လှေပေါ်မှာရှိတဲ့ လူတွေအားလုံး သေတာပဲ..၊ အိမ်ဆိုရင်လည်း တစ်အိမ်လုံးမှာရှိတဲ့လူတွေ သေကြတာပဲတဲ့..၊ ဒါကြောင့် မိရင်တောင် ဘယ်သူမှ မသတ်ဝံ့ဘဲ ပြန်လွှတ်ပေးကြရတယ်”

“ရေသူမကတော့ ဟုတ်ပါပြီ …၊ ရေသရဲကရော တကယ်ရှိသလား အဘ”

“ရှိတာပေါ့”

“အဘ မြင်ဖူးလား၊ ဘယ်လို ပုံသဏ္ဌာန်မျိုးလဲဟင်”

“တစ်ခါက ငါတို့ရွာက မိန်းမတစ်ယောက် ရေသရဲ တက်ဆွဲတာ ခံရဖူးတယ်..၊ ငှက်ပျောမြောင်းဘေးမှာ အဝတ်လျှော်နေတုန်း ရေထဲက မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာပြီးတော့ အတင်း တက်ဆွဲတာပဲ”

“ဘယ်လို ပုံသဏ္ဌာန်မျိုးလဲ အဘ”

“သူ ပြန်ပြောတာတော့ ဆံပင်က စုတ်ဖွား၊ မျက်လုံးက နီရဲ





နေပြီး ပါးစပ်ထဲမှာလဲ သွားနဲ့အစွယ်တွေပါတယ်၊ ကိုယ်လုံးကတော့ သိပ်အကောင်မကြီးဘူးလို့ ပြောတယ်၊ အရိုးပြိုင်းပြိုင်းနဲ့ နက်မှောင်နေတာပဲတဲ့..၊ ပုံပန်းသဏ္ဌာန်ကတော့ ဦးခေါင်းကကြီးပြီး ကိုယ်လုံးက မည်းမည်းသေးသေးနဲ့ ကြောက်စရာကောင်းတဲ့ ပုံသဏ္ဌာန်မျိုးပဲ ဖြစ်မှာပေါ့”

“နောက်တော့ ဘယ်လိုဖြစ်သွားသလဲ အဘ..၊ အဲဒီမိန်းမ ပါသွားသလား”

“ပါတော့ မပါဘူး၊ ကမ်းစပ်က သစ်ကိုင်းကို ဆွဲထားပြီး အတင်းအော်တော့ လူတွေရောက်လာကြတယ် …၊ အဲဒီတော့ ရေသရဲက အဲဒီမိန်းမရဲ့ လက်မောင်းတစ်ဖက်ကို ကိုက်ပြီး ရေထဲ ပြန်ဆင်းသွားတယ်၊ သူကိုက်သွားတဲ့နေရာကတော့ အကွင်းလိုက် ပြတ်ပါသွားတာပေါ့”

“အတော့်ကို ကြောက်စရာကောင်းတာပဲနော်”

“ရေအောက်မှာဆိုတာ ကိုယ့်မျက်စိနဲ့ တပ်အပ်မမြင်နိုင်တဲ့ အန္တရာယ်တွေ အများကြီးရှိတာပေါ့ကွာ” ဟု ပြောပြဖူးလေသည်။

ယခုတစ်ခေါက် ဖော့မျှောရန်အတွက် ပင်လယ်ပြင်သို့ ထွက်လာကြရာ နီမောင်၊ ဇော်ထီး၊ ငမဲအောင်တို့ သုံးယောက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေ့မှာ အတော်အတန်ကြီးမားပြီး ရှက်တိုင်ပါသည်။ [illegible]မှာ ပေါင်းမိုးပါသည်။ ခတ်တက် လှော်တက်ပါသည်။ ထမင်းရန့် ဓား၊ မှိန်း၊ လှေွတ် အစုံအလင်ပါသည်။

သူတို့သုံးယောက်မှာ လူရွယ်တွေချည်းဖြစ်ကာ တက်ညီလက်ညီလည်း ရှိကြသည်။

တစ်ခါက သူတို့လှေနှင့် မတိမ်းမယိမ်း အရွယ်အစားလောက်ရှိသော ငါးမန်းတစ်ကောင်ကို ရအောင် ဖမ်းခဲ့ကြဖူးသည်။ သူတို့သည် ထိုငါးမန်းကြီးကိုရဖို့ ပင်လယ်ပြင်မှာ နှစ်ရက်လောက် အချိန်ပေးခဲ့ကြရသည်။

ငါးမျှားချိတ်မှာ မိနေသော ငါးမန်းကြီးက အလွယ်တကူ အဖမ်းမခံဘဲ ရေစုန်ရေဆန် ဆွဲပြေးနေသောကြောင့် လိုက်ကြရသည်။

နောက်ဆုံး ငါးမန်းကြီး မောတော့မှ ကြိုးများဖြင့် သိုင်းချီပြီး ကျွန်းရောက်အောင် ပြန်ခဲ့ကြရသည်။

ငါးမန်းကြီးမှာ ၁၆ တောင်ခန့် အလျားရှည်တော့ သူတို့ ငါးဖမ်းလှေနှင့် တစ်ရွယ်တည်း တူနေသောကြောင့် တစ်ကျွန်းလုံးက အံ့သြကြရလေသည်။

နောက်တစ်နေ့ ကဒုံကနီဘက်မှ ငါးဝယ်ရန် စက်လှေရောက်လာပြီး ထိုငါးမန်းကြီးကို ဈေးဖြတ်ကာ ဝယ်ယူသွားကြလေသည်။





အသက်နှင့်လဲပြီး ဖမ်းဆီးခဲ့ရသော နီမောင်တို့အတွက်ကတော့ မပြောပလောက်သော ငွေကြေးအနည်းငယ်သာ ရလိုက် ကြလေသည်။

ငါး၊ ပုစွန် ဝယ်ယူသောဈေးက ၎င်းတို့ပါးစပ်ထဲမှ ပြောသည့်ဈေးသာ ဖြစ်သည်။ ကျွန်းပေါ်မှာ နေသူများက အနီးဆုံးမှာရှိသော ကဒုံကနီကိုပင် တစ်နှစ်နေ၍ တစ်ခေါက် မရောက်ကြသဖြင့် ငါး၊ ပုစွန်ဈေး မည်ရွေ့မည်မျှ ရှိသည်ကိုလည်း မသိကြပေ ..။

ကဒုံကနီမှာရှိသော ငါးရှဲဒိုင်များက ဈေးနှိမ်ကောက်သည့်အပြင် စက်လှေပေါ်မှာပါလာသော အဝယ်သမားများက ၎င်းတို့အတွက် ကျန်အောင် ဈေးနှိမ် ဝယ်ယူပြန်သည်။

ထို့ကြောင့် ငါးရောင်းသူများမှာ အနည်းငယ်သာ ရတော့သည်။ ဥပမာ ငါးတစ်ပိဿာကို ၁၀ ကျပ်ဈေးရှိလျှင် ပွဲစားက ၆ ကျပ်လောက်နှင့် ကောက်သည်။

ကြားထဲမှ အဝယ်တော်က ၂ ကျပ်လောက် ဖြတ်ယူထားပြန်လေရာ ရောင်းသူက ၄ ကျပ်လောက်သာ ရတော့သည်။ ဤသို့ ခေါင်းပုံဖြတ်ခြင်း ခံရသော်လည်း မသိကြဘဲ ရသမျှဖြင့်သာ ကျေနပ်ရောင့်ရဲနေကြသဖြင့် ဆင်းရဲတွင်း နက်သည်ထက် နက်နေကြရခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညနေပိုင်းအချိန်ပင် ဖြစ်သည်။

အနောက်ဘက် မိုးကောင်းကင်၌ ပုံမှန်မြင်တွေ့နေကျ နေဝင်ချိန် ဆည်းဆာရောင်မျိုးမဟုတ်ဘဲ အနီရောင်တိမ်များ တောက်ပနေသည်။

အချိန်အခါမဟုတ် အနောက်တောင်ဘက်နှင့် အနောက်ဘက်တွင် မိုးသားတိမ်တိုက်များ တက်နေသည်။ ရာဟုထောင့်ဟု ခေါ်သော အနောက်မြောက်ထောင့်ဘက်၌ မှိုင်းညို့နေသည်။

"နီမောင် မင်း တလောက ပင်လယ်ပြင်မှာ ထူးထူးခြားခြား အလင်းရောင်တွေ တွေ့ရတယ်ဆိုတာ ဘယ်ဘက်မှာလဲ"

စောထီးက မေးသည်။

နီမောင်က တောင်ဘက်စူးစူးဘက်သို့ လက်ညှိုးထိုးပြသည်။

"ဟိုဘက်မှာ တွေ့တာ"

"သမုဒ္ဒရာရှိတဲ့ဘက်ပဲ ..၊ ပင်လယ်ကူးသင်္ဘောမီးရောင်ပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး ..၊ သင်္ဘောက ဆလိုက်မီးရောင်ထက် ပိုပြီး တောက်ပတယ်"

"ဒါဖြင့် ပင်လယ်စုန်း တောက်တာလဲ ဖြစ်နိုင်တာပေါ့"

"ပင်လယ်စုန်း တောက်သလိုမျိုး ဟိုတစ်နေရာ ဒီတစ်နေရာ





မဟုတ်ဘူး ..၊ ပင်လယ်ရေအောက်က အလင်းရောင်တွေ ဖြာတက်နေသလိုမျိုး ကောင်းကင်အထိ ဖြာတက်နေတာမျိုး တွေ့ရတာကွ"

စောထီးက ဘာမှ ထပ်မပြောတော့ပေ။ ထိုအခါ ငမဲအောင်က ဝင်ပြောပြန်သည်။

"ရှေးလူကြီးတွေ ပြောကြတာတော့ ငါတို့ အခုရောက်နေတဲ့ နေရာက ပင်လယ်ရေအောက်မှာ နစ်မြုပ်ပျောက်ကွယ်နေတဲ့ မြို့ဟောင်းကြီးတစ်ခု ရှိတယ်လို့ ပြောသံကြားတယ်"

"ဘယ်မြို့ဟောင်းကြီးလဲ"

"သုဝဏ္ဏဘုမ္မိဆိုလား ဘာလား ငါတော့ မသိဘူး ..၊ အဲဒီ မြို့ဟောင်းကြီးကို ထိုက်တဲ့လူတွေ တွေ့ရနိုင်တယ်လို့တော့ လူကြီးတွေ ပြောသံ ကြားဖူးတယ်"

ထိုသို့ပြောနေစဉ် ပင်လယ်ပြင်မှာ ပုံမှန်မဟုတ်သော ရာဟုထောင့်ဘက်မှ လေတိုက်လာသည်။

"ဒီလေမှာ မိုးနံ့မိုးငွေ့ ပါလာတယ်၊ မကြာခင် မိုးရွာတော့မယ်နဲ့ တူတယ်"

နီမောင်က အခြေအနေကိုကြည့်ပြီး ပြောသည်။

"မိုးရွာရုံတင် မကဘူး လေပြင်းတွေပါ ကျလာနိုင်တယ်..၊ ဟိုး.. အနောက်မြောက်ထောင့်ဘက်မှာ တိမ်နီတွေ တောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လေပြင်းကျရင်တော့ လှိုင်းကြီးတော့မှာပေါ့ ..၊ ငါတို့ ဘယ်လို လုပ်ကြမလဲ"

"အခုမှတော့ အနီးအနားမှာ ဝင်ခိုစရာ ကျွန်းမရှိဘူး၊ ဒီအတိုင်း ခံရမှာပဲ"

"မုန်တိုင်းမကျခင် ဖော့လုံးတွေကို ပြန်သိမ်းထားရရင် မကောင်းဘူးလား။ ရေပြင်ပေါ်မှာ လှိုင်းထလာရင် ငါတို့ဖော့လုံးတွေ ပျောက်သွားနိုင်တယ်"

"အေး .. ကောင်းတယ်"

ထိုနေ့က အချိန်မတိုင်ခင် ဖော့လုံးများ ပြန်သိမ်းကြရသောကြောင့် ငါး တစ်ကောင်နှစ်ကောင်သာ ရထားသေးသည်။

အရေးကြီးတာက ငါးရခြင်း မရခြင်းထက် မိမိတို့ အလုပ်လုပ်ရာတွင် အသုံးပြုသော ငါးမျှားနှင့် ဖော့လုံးများ မပျောက်ဖို့ သာ အရေးကြီးပေသည်။

ထိုသို့ ဖော့လုံးများ လိုက်လံသိမ်းဆည်းနေစဉ်မှာ လေက တဖြည်းဖြည်း ကြမ်းလာသည်။ ပင်လယ်ပြင်၏ သဘောသဘာဝအရ လေထန်လာသည်နှင့် လှိုင်းလုံးများက ထလာလေတော့သည်။ အိပ်မောကျနေသော နဂါးတစ်ကောင်ကို လှုပ်နှိုးလိုက်သကဲ့သို့ အမောက်ထောင်ထလာချေပြီ။





ရေးလူကြီးများ ဆိုစကားအရ တန်ဆောင်မုန်းလသည် မိုးကုန်ကာစဆိုသော်လည်း ထိုအချိန်မှာတိုက်သောလေသည် ခန့်မှန်းရခက်သည်။ ပိုကြမ်းလေသည်။

သို့ကြောင့် 'တန်ဆောင်မုန်း သောင်ကတုံးမှာ မအိပ်နဲ့'ဟူသော စကား ထားခဲ့ကြခြင်း ဖြစ်ပေသည်။ ဖော့လုံး အတော်များများ လှေပေါ်ရောက်လာသောအချိန်တွင် မိုးက ရွာစပြုလာပြီ။

ဖော့လုံးကို ဆွဲသူကဆွဲ ကြိုးမရှုပ်အောင် ခွေသူက ခွေ၊ လှေတက်မကို ထိန်းသူကထိန်းဖြင့် သုံးယောက်စလုံး တက်ညီလက်ညီ ရှိနေကြသည်။

သို့သော်လည်း ပင်လယ်ရေပြင်မှာ လှိုင်းလုံးကြီးများက ထလာပြီဖြစ်သောကြောင့် လှေက လူးနေပြီဖြစ်ရာ အလုပ်လုပ်ရသည်မှာ ခရီးမတွင်တော့ပေ ..။

"နီမောင် .. ငါတို့ ဖော့လုံးတွေ စုံပြီလား"

"မစုံသေးဘူး .. တစ်လုံးလိုသေးတယ်"

ကျန်နေသော တစ်လုံးကို လှိုင်းထဲလေထဲမှာပင် လိုက်ရှာကြရာ မနီးမဝေးနေရာမှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေသည့် ဖော့လုံးကို လှမ်းမြင်ကြရသည်။

"ဟိုဘက်မှာဟော့ .."



www.burmeseclassic.com

www.burmeseclassic.com



နီမောင် လက်ညှိုးထိုးပြရာဘက်သို့ စောထီးနှင့် ငမဲအောင်က လှေကိုရောက်အောင် လှော်ပို့ပေးကြသည်။ လှိုင်းလုံးများက မြင့်မား လာပြီဖြစ်သောကြောင့် တစ်နေရာမှ တစ်နေရာရောက်ဖို့ မလွယ်ကူ တော့ပေ ..။

ဖော့လုံးက သာမန်ပေါ်နေခြင်းတော့ မဟုတ်ပေ။ မြုပ်သွား လိုက် အတော်ကြီးကြာတော့မှ တစ်နေရာ၌ ပြန်ပေါ်လာလိုက် ဖြစ် နေသည်။

"ဖော့လုံးမှာ ငါးမိနေပြီဟေ့ ..၊ ဒီလောက်ကြီးတဲ့ ဖော့လုံးကို ရေထဲမြုပ်အောင် ဆွဲပြေးနိုင်ပုံထောက်တော့ အကောင်အတော်ကြီး ပုံ ရတယ်"

"အရေးထဲကျမှကွာ .."

နီမောင်က အခြေအနေကို ပြောပြသော်လည်း ကျန်နှစ် ယောက်က ဝမ်းမသာကြပေ ..။ ယခုကဲ့သို့ ရာသီဥတုဆိုးဝါးသော အခြေအနေမျိုးတွင် မိမိတို့ အသက်ဘေး လွတ်မြောက်အောင် မနည်းကြိုးစားကြရမည့်အချိန် ဖြစ်နေသောကြောင့် ငါးများ၌ ငါးမိ နေသည့်တိုင် ဝမ်းမသာနိုင်ကြတော့ပေ ..။

ကြည့်ရင်းနှင့်ပင် လေက ပိုပြင်းထန်လာသည်။ လှိုင်းလုံးကြီး များက ပိုကြီးလာသည်။ စောစောက ကန္တာရ သဲမျက်နှာပြင်တစ်ခု





လို ပြန့်ပြူးညီညာနေသော ပင်လယ်ရေမျက်နှာပြင်မှာ ယခုတော့ တောင်စွယ်တောင်ထွတ်တို့ဖြင့် နေရာမလပ်ရှိနေသော ဟိမဝန္တာ တောင်ကြောကဲ့သို့ ဖြစ်နေချေပြီ ..။

နီမောင်တို့သုံးယောက်စလုံးမှာ ပင်လယ်ပိုင်းအရပ်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ကြသောကြောင့် ပင်လယ်နှင့်တော့ မစိမ်းလှပေ။

အန္တရာယ်မျိုးစုံတို့နှင့် တွေ့ကြုံခဲ့ရပြီး ထိုအန္တရာယ်စက်ကွင်း တို့မှလည်း လွတ်မြောက်အောင် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးပေသည်။

ပင်လယ်ရေပြင်ပေါ်မှာ လှိုင်းမိလျှင် လှိုင်း၏သဘောသဘာဝ များကို နားလည်ရန် အရေးကြီးသည်။ လှိုင်းမျက်နှာပြင်ပေါ်မှာ အလိုက်သင့် လိုက်သွားနိုင်ပါက ရုတ်တရက် အန္တရာယ်နှင့်မတွေ့ နိုင်ပေ ..။

သုံးယောက်သား တက်ညီလက်ညီ ကြိုးစားရင်းမှပင် ဖော့လုံး ရှိရာသို့ ရောက်သွားကြသည်။ ဖော့လုံးရှိရာသို့ သူတို့လှေက ရောက် သွားခြင်းမျိုး မဟုတ်ဘဲ ရေထဲမြုပ်နေသည့် ဖော့လုံးက လှေနံဘေး မှာ ရုတ်တရက်ပေါ်လာခြင်း ဖြစ်သည်။

နီမောင်က အခွင့်အရေးကို လက်လွှတ်မခံဘဲ ပေါ်လာသော ဖော့လုံးကို ကောက်ယူလိုက်သည်။

"ငါးမိနေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အကောင်ကြီးသလား"

"ကြီးတယ်ထင်တယ် .. လက်နဲ့ဆွဲမှကြည့်တာတောင် ဝါ
လောဘူး"

"ဒီလောက် လှိုင်းထန်နေတဲ့အချိန်မှာ ဒီလောက်ကြီးတဲ့ ငါးကို ဆွဲတင်နေရင် လှေနစ်သွားလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ဖော့လုံးလည်း ပြန်မပါသွားအောင် လှေကိုလည်း ထိန်းနိုင်အောင် မင်းက အလျော့အတင်း လာလုပ်ပေး"

ထိုသို့ပြောနေစဉ်မှာ ရေအောက်မှ မိသောငါးက ရှေ့သို့ တရကြမ်း ဆွဲပြေးလေတော့သည်။

"ဟာ!... ဆွဲပြီဟ"

"ပြန်ပါသွားမယ် နီမောင်..၊ ကြိုးတစ်စကို လှေဦးမှာ ချည်ထားလိုက်ဟေ့"

နီမောင်က လက်ဖြင့် ဆွဲမထားနိုင်သောကြောင့် ဖော့လုံးမှာ တပ်ထားသော ကြိုးတစ်စကို လှေမှာချည်ထားလိုက်လေသည်။ ထိုအချိန်မှာပင် ရေအောက်မှ ငါးမျှားချိတ်မိထားသော ငါးက တရကြမ်း ဆွဲပြေးလေတော့သည်။

အကောင် မည်ရွေ့မည်မျှ ကြီးလေသည်လည်းတော့ မမြင်ရ





သေးပေ ..။ ဆွဲအားကတော့ အတော်ကလေး ပြင်းသည်။

လှေက ငှင်းဆွဲရာနောက်သို့ ပါသွားလေရာ စက်ဖြင့်မောင်းသည်ထက်ပင် ပိုမြန်လေသည်။ တစ်ခုကံကောင်းခြင်းကတော့ ငါးက ရေဆန်လေဆန် ဆွဲပြေးခြင်းမျိုး မဟုတ်ဘဲ ရေစုန်လေစုန်အတိုင်း ဆွဲပြေးသွားခြင်းပင် ဖြစ်၏။

အကယ်၍သာ ရေဆန်လေဆန် ဆွဲပြေးပါက လှိုင်းအောက်သို့ လှေရောက်သွားမှာ သေချာတော့သည်။ ပဲ့ပိုင်းမှာ တက်မ ကိုင်ပေးနေသူက ငမဲအောင် ဖြစ်သည်။ စောထီးက လှေဝမ်းအလယ်မှ ဝင်လာသော ရေများကို ပက်ခွက်ဖြင့် ခပ်ထုတ်နေရသည်။ နီမောင်က လှေဦးပိုင်းမှာ ငါးမျှားကြိုး အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေရသည်။

"ငါတို့လှေကို ဘယ်နေရာရောက်အောင် ဆွဲပြေးနေတာလဲ နီမောင်ရေ"

"ငါလဲ မသိဘူးကွ"

"ငါတို့သုံးယောက်ကို သမုဒ္ဒရာထဲရောက်အောင်တော့ ဆွဲခေါ်မသွားပါဘူးနော်"

"ဘယ်သိမှာလဲကွာ..၊ အရေးထဲမှာ မင်းက ပေါက်ကရတွေ ပြောနေနိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေမိုးများ ပြင်းထန်နေသောကြောင့် ကစ်ယောက်နှင့်တစ်ယောက် အသံကုန်အော်ပြောမှ ကြားနိုင်ကြသည်။ ရေအောက်မှ ငါး၏ဆွဲအားက အစေတော်များသောကြောင့် လှေ၏အသွားနှုန်းက မြန်နေရာ တစ်ခါတစ်ရံ လှိုင်းလုံးများကြားထဲသို့ လည်းကောင်း၊ အောက်သို့ လည်ကောင်း ရောက်သွားကြသည်မျိုးပင် ကြုံရလေသည်။

သို့သော်လည်း ထိုရေအောက်မှ ပြန်တက်လာနိုင်သည်။ နောက်ဆုံးမှာတော့ သူတို့လှေမှာ ကမ်းခြေတစ်ခုနှင့်နီးသောနေရာသို့ ရောက်သွားကြသည်။

ထိုကမ်းခြေမှာ အခြားမဟုတ်ပေ ..။ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ရှိနေသော အခြားကျွန်းတစ်ကျွန်းပင် ဖြစ်တော့သည်။

ထိုကျွန်းနှင့် မနီးမဝေးနေရာရောက်တော့ လေဒဏ်၊ လှိုင်းဒဏ်အတော်ကြီး သက်သာသွားသည်။ ထိုနေရာရောက်သောအခါ ရေအောက်မှ ဆွဲပြေးနေသော ငါးက ဆွဲအား ရပ်တန့်သွားတော့သည်။

"မောသွားပြီ ထင်တယ်"

စောထီးက မှတ်ချက်ချလိုက်သည်။ နီမောင်က ငါးမျှားကြိုးကိုဖြည်းဖြည်းချင်း ဆွဲတင်သောအခါ ရေအောက်မှ သတ္တဝါ က ဆွဲခြင်း၊





ရုန်းခြင်း မရှိဘဲ အလိုက်သင့် ပါလာလေသည်။

အတန်ကြာသောအခါ ရေပြင်ပေါ်သို့ ဟဖြည်းဖြည်း ပေါ်လာခြင်း ဖြစ်သည်။ ငါးမန်းဖြူကြီးတစ်ကောင်ပင် ဖြစ်သည်။ အလျားက ၁၆ တောင် အရှည်ရှိသော သူတို့လှေနှင့် မတိမ်းမယိမ်းရှိပြီး အလုံးအထည်ကလည်း လှေလုံးနှင့်အမျှ ကြီးလေသည်။

ငါးမန်းဖြူကြီး ပေါ်လာသောအခါ စောထီးက လှေဝမ်းထဲမှာ ချထားသော လှေွတ်ကို ကောက်ယူပြီး ထိုးရန်ပြင်လေရာ နီမောင်က လှမ်းတားလိုက်သည်။

"မလုပ်နဲ့ စောထီး"

"ဟင် .. ဘာဖြစ်လို့လဲကွ"

"ငါ့အဖေက မှာထားဖူးတယ် ..၊ ကျေးဇူးရှင်ကို မပြစ်မှားကောင်းဘူးတဲ့၊ ကျေးဇူးရှင်ကို ပြစ်မှားရင် ဘေးအန္တရာယ်ဆိုးတွေနဲ့ တွေ့တတ်တယ်တဲ့"

"ကျေးဇူးရှင်ဆိုတာ ဘယ်သူလဲ"

"အဲဒီ ငါးမန်းဖြူကြီးလေ .. သူ ဆွဲခေါ်လာပေးလို့ ငါတို့ ဒီနေရာရောက်လာတာ မဟုတ်လား ..၊ သူသာ သမုဒ္ဒရာဘက် ဆွဲပြေးသွားရင် ဒီအချိန်လောက်ဆိုရင် လှေမှောက်ပြီး သေနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စောထီးက သဘောပေါက်သွားဟန်ဖြင့် ခလွတ်ကို ပြန်ချထား လိုက်လေသည်။

"အင်း .. မင်း ပြောတာလဲ ဟုတ်တာပဲ..၊ ဒါပေမယ့် ဒီလောက် ကြီးတဲ့ငါးကို မိထားပြီးမှ ပြန်လွှတ်ပေးရမှာကိုတော့ နှမြောစရာပဲ"

"မင်း သတိမထားမိလို့ပါ .. သူ့သာ တကယ်လွှတ်အောင် ရုန်း မယ်ဆိုရင် ငါတို့တပ်ထားတဲ့ ငါးမျှားမျိုး ဆယ်ချောင်းတပ်ထားမယ် ဆိုရင်တောင် မရနိုင်ပါဘူး"

ထိုသို့ပြောနေစဉ် ငါးမန်းဖြူကြီးက ဦးခေါင်းတစ်ချက် ခါယမ်း လိုက်ရာ ရေလှိုင်းလှုပ်ခတ်သံကြီးနှင့်အတူ အာမှာချိတ်နေသော ငါးမျှားက ကန့်ထွက်သွားလေတော့သည်။

ငါးမန်းဖြူကြီးလည်း လွတ်သွားကာ ရေအောက်သို့ တဖြည်း ဖြည်း ပြုတ်သွားလေတော့သည်။

ထိုမြင်ကွင်းကြောင့် နီမောင်တို့ သုံးယောက်မှာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး တအံ့တဩ ဖြစ်နေကြတော့သည်။





အခန်း [၃]

## ဗုံးထွက်ရာတောင်းတော တွန်း

သုံးယောက်သား အချိန်မည်မျှကြာအောင် အိပ်ပျော်နေကြ သည် မသိပေ။

နောက်တစ်နေ့ နံနက်ပိုင်း နေရောင်ခြည်များ လင်းလက်လာ သောအခါမှ တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်ရာမှ နိုးလာကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါမှာတော့ ညက သဲကြီးမဲကြီး တိုက်ခတ်ခဲ့သော လေပြင်းများသည် လည်းကောင်း၊ အချိန်အခါမဟုတ် သဲသဲမဲမဲ ရွာချခဲ့သော မိုးသည် လည်းကောင်း ရပ်စဲသွားခဲ့လေသည်။

ညက လေမိုးပြင်းထန်သောအချိန်တွင် သူတို့ရောက်ခဲ့သော ကျွန်းနံဘေးမှ လေကွယ်မိုးကွယ်နေရာတွင် လှေကြိုးခိုင်အောင် ချည်ပြီး အိပ်ခဲ့ကြခြင်းဖြစ်ရာ မည်သည့်နေရာမှ ကျွန်းမှန်းပင် မသိကြရသေးပေ ..။

သုံးယောက်သား အိပ်ရာမှထပြီး ကြည့်တော့ ကမ်းခြေတွင် ကျောက်ဆောင်ကျောက်တန်းများရှိပြီး ကျွန်းပေါ်တွင် သစ်ပင်မြင့်ကြီးများရှိသည်ကို တွေ့ရသည်။ ကျွန်းကတော့ အတော်ကလေးကြီးမားကျယ်ပြန့်သော ကျွန်းတစ်ကျွန်း ဖြစ်ပေသည်။

"ငါတို့ ရောက်နေတာ ဘယ်နေရာက ကျွန်းလဲ"

"ပင်လယ်ထဲမှာ ကျွန်းတွေအများကြီး ရှိတာပဲ ..၊ ညတုန်းက မှန်တိုင်းတွေကျနေတုန်းဆိုတော့ ဘယ်နေရာက ကျွန်းဆိုတာ ဘယ်သိမှာလဲ စောထီးရေ"

"အဲဒါက အရေးမကြီးဘူး ..၊ ငါတို့လှေပေါ်မှာ ပါလာတဲ့ အစားအစာတွေလဲ ညက မောမောနဲ့ စားလိုက်ကြတာ ကုန်သွားပြီ ..၊ အခုမှ ဗိုက်ဆာလိုက်တာကွာ"





"စားစရာ မရှိတာက အရေးမကြီးဘူး ..၊ သောက်ရေ မရှိလို့တော့ ဖြစ်မှာမဟုတ်ဘူး။ ကျွန်းပေါ်တက်ပြီး ရေလေးဘာလေး တက်ရှာကြည့်ကြရင် မကောင်းဘူးလား"

"အေး .. ကောင်းသားပဲ"

ဟု ပြောနေကြစဉ် ကျွန်းပေါ်မှ ဆင်းလာသော ခြေသံများကို ကြားကြရသည်။ ခဏကြာတော့ ကမ်းစပ်မှ လူသုံးယောက် ထွက်လာသည်။ အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့ ဖြစ်ကြလေသည်။

"မောင်ရင်တို့က ခရီးသွားတွေများလား"

"ဟုတ်ပါတယ် .. အဘ၊ ညက မုန်တိုင်းမိလာလို့ပါ"

"ဘယ်ကျွန်းကလဲကွယ့်"

"ကျောက်ပြာသာဒ်ကျွန်းဘက်ကပါ"

"အင်း .. ဒီနေရာကနေ တစ်ရေတက်လောက်သွားမှ ရောက်နိုင်မယ့်နေရာပဲ၊ ရေလှည့်မသင့်သေးတော့ ပြန်ဖို့မလွယ်သေးဘူး၊ ကျွန်းပေါ်တက်ပြီး နားကြပါဦးလား"

ဟု ဖိတ်ခေါ်သဖြင့် နီမောင်တို့ သုံးယောက်လည်း ဝမ်းသာစွာဖြင့် မဆိုင်းမတွ တက်သွားကြလေသည်။

သူတို့ ကျွန်းပေါ် ရောက်သောအခါ အဘိုးကြီးနှင့် မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တို့ ခေါ်ရာနောက်သို့ နောက်မှလိုက်သွားကြလေတော့သည်။

လှေပေါ်မှ လှမ်းကြည့်စဉ်က သာမန်ကျွန်းတစ်ကျွန်းဟု ထင်ရသော်လည်း အတွင်းပိုင်းရောက်သောအခါ ရွာရှိမှန်း သိရလေသည်။

၎င်းတို့ရွာက အပြင်ဘက်မှ သစ်တောများ ကွယ်နေသောကြောင့် လှမ်းမမြင်ရသော်လည်း ရွာက အတော်ကလေး အိမ်ခြေများသည်။

ဒီတော့မှ နီမောင်တို့လည်း အံ့သြသွားကြလေသည်။ အိမ်များမှာ သစ်သားအိမ်များပင်ဖြစ်ပြီး ခနိုမိုး ခနိုကာထားလေသည်။

ဆောက်ထားသော ပုံသဏ္ဌာန်မှာ တညီတည်း တစ်ပုံစံတည်းဖြစ်ပြီး သေသေသပ်သပ်လည်း ရှိလေသည်။ ရွာလမ်းကို အလယ်မှာထားပြီး မျက်နှာချင်းဆိုင် တည်ထားခြင်း ဖြစ်သည်။

ထို့ထက်ပိုပြီး အံ့သြဖို့ကောင်းသည်က ထိုကျွန်းပေါ်မှာ အုန်းတောကြီးများ ညို့နေအောင်ရှိပြီး ရွာအနောက်ဘက်တွင် တောင်တန်းများ ရှိသည်။

တောင်ခြေတစ်လျှောက်မှာ စပါးစိုက်ခင်းများနှင့် အခြား သီးနှံစိုက်ခင်းများလည်း ရှိကြလေသည်။ နီမောင်တို့ ရောက်သွားသောလမှာ တန်ဆောင်မုန်းလဖြစ်သောကြောင့် အချို့စပါးပင်များတွင်





စပါးနှံများပင် ထွက်နေလေသည်။

လယ်ကွင်းများနံဘေးတွင် စိုက်ပျိုးထားသော အခြားသီးနှံစိုက်ခင်းများကလည်း ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။ သူတို့သုံးယောက် ပါလာတော့ တစ်ရွာလုံးက အကဲခတ်ကြည့်ကြလေသည်။

တစ်ခုထူးခြားသော အချက်မှာ တစ်ရွာလုံး ငါးဖမ်းရာတွင် အသုံးပြုသော ပိုက်ကွန်၊ ငါးမျှား စသော ပစ္စည်းကိရိယာများ ချိတ်ဆွဲထားခြင်း မရှိကြပေ။

ရွာအစွန်ဘက်မှ အိမ်တစ်အိမ်ရောက်တော့ အဘိုးအိုက ထိုအိမ်ထဲသို့ ခေါ်သွားသည်။ အိမ်မှာ အတော်ကျယ်ဝန်းသည်။ အတွင်း၌ အုန်းသားများကို ပျဉ်ချပ်သဖွယ်ပြုလုပ်ပြီး ခင်းထားရာ တစ်အိမ်လုံး ပြောင်လက်နေသည်။

သူတို့ရောက်ပြီး မကြာမီ အမျိုးသမီးနှစ်ယောက်က လက်ဖက်ရည်ကြမ်းနှင့်ကောက်ညှင်းပေါင်း၊ မုန့်ဆန်း စသော အစားအသောက်များဖြင့် ဧည့်ခံသည်။

"စားကြပါကွယ် ဒီမှာတော့ ဘာမှ အားနာစရာ မရှိပါဘူး၊ ဝမ်းဝအောင်သာ စားကြပါ"

"ကျေးဇူးတင်ပါတယ် အဘ..၊ ဒါထက် ဒီရွာအမည်က ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါသလဲ"

"ရှာသာယာလို့ ခေါ်ပါတယ်၊ အဘနာမည်က ဘိုးပန်းဖြူလို့ ခေါ်တယ်၊ ဟို မြေးမလေးနှစ်ယောက်ကတော့ တစ်ယောက်က မြနှင်းဖြူ၊ တစ်ယောက်က မြဝင်းသူလို့ ခေါ်ပါတယ်"

နီမောင်တို့ သုံးယောက်က ခေါင်းညိတ်ပြလိုက်ကြသည်။

"ဒါထက် အဘတို့ ဒီကျွန်းပေါ်မှာ နေကြတာ အတော်ကြာပြီလားဟင်"

"ကြာပြီပေါ့ကွယ် ...၊ ရှေးနှစ်ပေါင်းများစွာ ဘိုးဘွားတွေ လက်ထက်ကတည်းက ဆိုပါတော့"

"ဒီရွာက လူအတော်များပုံရတယ် ...၊ ဘယ်လုပ်ငန်းတွေ လုပ်ကြတာလဲ ဟင်"

"ဒီမှာတော့ သီးနှံစိုက်ပျိုးကြတဲ့အလုပ်ပဲ ရှိပါတယ်၊ စီးပွားရေးအတွက်ကတော့ ဘယ်သူမှ ဘာမှမလုပ်ကြပါဘူး"

ထိုစကားကြောင့် များစွာ အံ့သြသွားကြလေသည်။

"စီးပွားရေး ဘာမှမလုပ်ကြဘူးဆိုတော့ ဘယ်လိုနေကြတာလဲ ဟင်"

ထိုစကားကြားသောအခါ ၎င်းတို့ကို ခေါ်လာသော ဘိုးပန်းဖြူ ဆိုသော အဘိုးကြီးက သဘောကျစွာပြုံးရင်း ကွမ်းအစ်အတွင်းမှ





ကွမ်းယာတစ်ယာ ယာစားပြီးမှ ပြန်ရှင်းပြသည်။

"လူရယ်လို့ဖြစ်လာရင် အသက်ရှင်ဖို့အတွက် အစာရေစာ ရဖို့ပဲ အရေးကြီးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အားလုံးကလဲ အစာရေစာအတွက်ပဲ အလုပ်လုပ်နေကြရတာ မဟုတ်လား၊ ရှေးတုန်းကတော့ အစားအစာအတွက် ဒီလိုလုပ်ဖို့ မလိုပါဘူး ...၊ စားချိန်ရောက်တော့မှ ကိုယ်စားသောက်ချင်တာကို ပဒေသာပင်မှာ သွားယူရုံပါပဲ"

"ဒါ .. ဒါဖြင့် လူကြီးတွေပြောတဲ့ ပဒေသာပင်ဆိုတာ တကယ်ရှိခဲ့တာပေါ့ အဘ"

"ရှိခဲ့တာပေါ့ ...၊ တစ်ခုတော့ရှိတာပေါ့လေ .. ပဒေသာပင်မှာ သွားယူလို့ရတယ်ဆိုပေမယ့် အပြစ်ကင်းတဲ့ အစားအသောက်တွေပဲ ရတယ် ...၊ အပြစ်မကင်းတဲ့ အစားအသောက်မျိုးတွေ စားချင်လို့တော့ မရနိုင်ဘူးပေါ့"

"အပြစ်မကင်းတဲ့ အစားအသောက်တွေဆိုတာ ဘယ်လိုမျိုးတွေလဲ အဘ"

"အသက်ရှိတဲ့ သတ္တဝါတွေရဲ့ အသားမျိုးကို ပြောတာပေါ့" ကြက်၊ နွား၊ ဝက်၊ ဆိတ်၊ ငါး စတဲ့ တိရစ္ဆာန်တွေရဲ့ အသားကို



www.burmeseclassic.com

www.burmeseclassic.com



စားချင်ရင် သူတို့ရဲ့အသက်ကို သတ်ရတယ် မဟုတ်လား ..၊ ဒါကြောင့် အသွေးအသားပါတဲ့ အစားအသောက်တွေဟာ အပြစ်ရှိတဲ့ အစားအသောက်တွေလို့ ပြောတာပေါ့"

ထိုအခါ စောထီးက ကြံကြံဖန်ဖန် မေးသည်။

"ကိုယ်မသတ်ဘဲ သူများသတ်ပြီး ရောင်းတာကို ဝယ်စားရင်ရော အပြစ်ရှိနိုင်သလား အဘ"

"တိုက်ရိုက်အပြစ်မရှိရင်တောင်မှ တစ်နည်းတစ်ဖုံတော့ ပါတာပဲပေါ့ ..၊ သတ်တဲ့လူမှာ တစ်ပိသဿာဖိုး အပြစ်ရှိရင် 'သတ်ပေဟ့'လို့ တိုက်တွန်းတဲ့လူလဲ အဲဒီအပြစ်ထဲမှာ ပါတာပေါ့ ..၊

"ဒါထက် မင်းတို့ကို မေးရဦးမယ် .. အသက်မွေးဝမ်းကျောင်း အလုပ် ဘာလုပ်ကြသလဲ"

"ငါးရှာပါတယ် အဘ"

"ဝမ်းစာအတွက် ငါးရှာတယ်ဆိုတာ မင်းတို့ရှာလို့ရတဲ့ငါးကို ဝယ်တဲ့လူတွေတော့ ရှိမှာပေါ့"

"ရှိပါတယ် အဘ"

"တကယ်လို့ အဲဒီငါးတွေကို ဝယ်တဲ့လူမရှိရင် မင်းတို့ ဘယ်လို လုပ်မလဲ"

"ကျွန်တော်တို့ဖမ်းတဲ့ငါးကို ဝယ်တဲ့လူမရှိတော့ဘူးဆိုရင်တော့





ဆမင်းစားဖို့တော့ တစ်ခုခုလုပ်ရမှာပေါ့"

"ဒီလိုပေါ့ကွယ် .. လုပ်လို့ရနေလို့သာ လုပ်နေကြတာ၊ တကယ်လို့သာ လုပ်ခွင့်မရတော့ဘူးဆိုရင်တော့လဲ တခြားအလုပ် ပြောင်းရမှာပဲပေါ့၊ ရှေးက ပဒေသာပင်ရှိတော့ လူတွေက စားချိန်တန်မှ ကိုယ်စားချင်တာကို သွားယူလို့ရကြတော့ လောဘ၊ ဒေါသ၊ မောဟတွေ ရှိကြဘူးပေါ့ ..၊ နောက်ပိုင်းရောက်လာတော့ ဒီကနေ့ သွားတဲ့လူက နောက်တစ်နေ့ မသွားရအောင် ပိုယူလာတယ်..၊ အဲသည်လို ယူတဲ့ သူများလာတဲ့အခါ နောက်ပိုင်း ပဒေသာပင်ပါ ကွယ်ပျောက်ခဲ့ရတယ်"

"နှမြောစရာပဲ အဘရယ် ..၊ အခုအချိန်မှာသာ ပဒေသာပင် ရှိနေသေးရင် သိပ်ကောင်းမှာပဲ"

- ငမဲအောင်က သူ့စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။

"အခုလို လောဘ၊ ဒေါသတွေ များလွန်းတဲ့ကာလမှာ ပဒေသာပင် ပေါက်လာရင် တွေ့တဲ့လူက အပင်လိုက် ဘူးယူသွားမှာပေါ့ကွယ်"

ဟုပြောရာ နီမောင်တို့သုံးယောက်က ရယ်ကြလေသည်။

"အဘတို့က စီးပွားရေး မလုပ်ဘူးဆိုတာ ဒီကျွန်းပေါ်မှာ နေကြတဲ့လူတွေက အပြိုင်အဆိုင်လဲ မရှိဘူး ..၊ အပြိုင်အဆိုင် မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



လောဘ ဒေါသ မောဟတွေ မရှိကြဘူး ...၊

"အသက်ရှင်နေနိုင်ဖို့အတွက် စားစရာတော့ လိုတယ် ...၊ ဒီအတွက် သီးနှံစိုက်ခင်းတွေ စိုက်ထားလိုက်တယ်၊ စားချင်တော့မှ သွားခူးဆွတ်ပြီး စားကြတာပါပဲ"

"ဒါဖြင့် ဒီကျွန်းပေါ်မှာရှိတဲ့ စိုက်ခင်းတွေက ဘယ်သူမဆို ခူးဆွတ်စားလို့ ရတာပေါ့နော်"

"ဟုတ်ပါတယ် ...၊ ဒီကျွန်းပေါ်မှာရှိတဲ့ သီးနှံစိုက်ခင်းတွေကို အဆင်ပြေတဲ့လူက စိုက်ပျိုးပေးကြပါတယ်၊ အသီးအနှံတွေ ထွက်လာတော့လဲ စားချင်တဲ့လူက ဝင်ခူးပြီး စားလို့ရပါတယ်၊ သူပိုင်တာ ကိုယ်ပိုင်တဲ့ပစ္စည်းရယ်လို့ သတ်မှတ်ထားတာ မရှိပါဘူး"

ထိုသို့ပြောပြသောအခါ သုံးယောက်စလုံး များစွာ အံ့သြသွားကြလေသည်။ သူတို့အနေနှင့် ငါးဖမ်းရင်း ထိုရွာသို့ ရောက်လာသည်ကိုပင် စိတ်ထဲမှ ရှက်သလို ခံစားကြရသည်။

"ကဲ .. ကဲ မောင်ရင်တို့ စားသောက်ပြီးရင် ရွာထဲကို လိုက်ပြပေးပါ့မယ်..၊ ရောက်တုန်းရောက်ခိုက် လိုက်ကြည့်ကြပါဦး"

ဟု ပြောလေသည်။

တကယ်တမ်း ရွာထဲသို့ပြသောအခါ မြနှင်းဖြူနှင့် မြဝင်းသူတို့နှစ်ယောက်ကသာ လိုက်လာပြီး ဘိုးပန်းဖြူကတော့ အိမ်မှာ ကျန်ခဲ့





လေသည်။

ရွာလမ်းတစ်လျှောက်မှာ အုန်းတောကြီးများက နေပြောက်မထိုးနိုင်အောင် ညို့နေပြီး မရန်းပင်၊ သရက်ပင် စသော အခြား သီးနှံပင်ကြီးများလည်း နေရာတိုင်းလိုလို၌ ရှိနေကြသည်။

အိမ်တိုင်းလိုလို လူရှိသော်လည်း အေးအေးချမ်းချမ်းနှင့်ပင် ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည်။

ရွာလမ်းဆုံးပြီး အပြင်ဘက်သို့ရောက်လာသောအခါ တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသည့် စပါးခင်းများ တွေ့ရပြီး လယ်ကွင်းများအစပ်မှာတော့ အခြားသီးနှံစိုက်ခင်းများကို သူ့နေရာနှင့်သူ စနစ်တကျ စိုက်ပျိုးထားလေသည်။

လယ်ကွင်းများ ဟိုဘက်မှာတော့ ကျောက်တောင်နံ့ရံများရှိပြီး ထိုနံရံများတွင် အပေါက်များစွာတို့လည်း ရှိနေသည်။ ထိုအပေါက်များမှာ သဘာဝအတိုင်း ဖြစ်ပေါ်နေသည်လား .. လူတို့ ဖောက်ထားလေသည်လားတော့ မသိနိုင်ပေ..။

ရွာအစွန်ဘက်ရောက်တော့ ကျောက်တောင်အမြင့်တစ်ခုပေါ်မှာ တည်ထားသော စေတီတစ်ဆူကို ဖူးတွေ့ရသည်။

နီမောင်တို့သုံးယောက်မှာ စေတီဘုရားများကို မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သောကြောင့် ဝင်ရောက်ဖူးမြော်ကြသည်။ စေတီ



www.burmeseclassic.com

www.burmeseclassic.com



တော် တည်ထားသော ကျောက်ဆောင်မှာ အတော်ကျယ်ဝန်းလေသည်။ ထိုနေရာတစ်ဝိုက် ရောက်သောအခါ ထူးခြားသော မြင်ကွင်းကို တွေ့မြင်ကြရလေသည်။

အခြားမဟုတ်ပေ ..။ စေတီတော်ရင်ပြင်ပေါ်တွင် အရွယ်အစားအမျိုးမျိုးနှင့် ရှိနေကြသော ရှင်ဥပဂုတ္တပုံတော် ရုပ်တုများစွာကို တွေ့ကြရခြင်း ဖြစ်သည်။

ပင်လယ်နှင့်နီးသော အချို့နေရာ အတော်များများတွင် ရှင်ဥပဂုတ္တပုံတော် ရုပ်တုများ ပြုလုပ်ကိုးကွယ်လေ့ ရှိကြလေသည်။

သို့သော် ယခုကဲ့သို့ တစ်နေရာတည်းမှာ အများကြီးတော့ မတွေ့ဘူးသေးပေ ..။

"ဒီရုပ်တုတွေက ရှင်ဥပဂုတ္တရုပ်တုတွေ မဟုတ်လားဟင်"

"ဟုတ်ပါတယ်"

နီမောင် တအံ့တသြဖြင့် မေးသောအခါ မြနှင်းဖြူဆိုသော အမျိုးသမီးက ပြန်ဖြေလေသည်။

"ဟို ဒီလောက်အများကြီး ဘာလုပ်ထားတာလဲဟင်"

"ဒီရုပ်တုတော်တွေက ကျွန်မတို့ လုပ်ထားတာ မဟုတ်ပါဘူး ရှင် ..၊ ဟိုး .. ကမ်းခြေဘက်မှာနေကြတဲ့လူတွေက ရှင်ဥပဂုတ္တ ပူဇော်ပွဲ လုပ်ကြတယ် .. ဖောင်တော်မျှောပွဲတွေ လုပ်ကြပါတယ်၊





သူတို့ မျှောချလိုက်တဲ့ ဖောင်တော်တွေက ပင်လယ်ရေစီးကြောင်းအတိုင်း မျောလာပြီး ဒီကျွန်းမှာ လာတင်နေတာပါ။ အချို့ရုပ်တုတော်တွေကိုလဲ ကျွန်မတို့က ထွက်ပြီး ဆယ်ထားရတာတွေလဲ ရှိပါတယ်"

ထိုစကားကြောင့် ထပ်မံ အံ့သြကြရပြန်သည်။ ၎င်းတို့အနေနှင့် ရေစီးကြမ်းသော ပင်လယ်ပြင်မှာ မျောလာသည့် ဖောင်တော်ကို မည်သို့မည်ပုံ ဆယ်ယူနိုင်ကြသည်ကိုလည်း စိတ်ဝင်စားကြလေသည်။

မြနှင်းဖြူနှင့် မြဝင်းသူတို့ နှစ်ယောက်က သူတို့သုံးယောက်ကို တစ်နေရာသို့ ခေါ်ပြလေသည်။ စေတီတည်ထားသော ကျောက်ဆောင်၏ အောက်အနိမ့်ပိုင်းနေရာတွင် အစီအရီတင်ထားသော ရှင်ဥပဂုတ္တဖောင်အဖြစ် အသုံးပြုခဲ့သော ဖောင်များစွာတို့ကို တွေ့မြင်ရလေသည်။

"ကမ်းခြေတွေက မျှောချလိုက်တဲ့ ဖောင်တော်တွေမှန်သမျှ သမုဒ္ဒရာထဲကို ရောက်မသွားပါဘူး။ ကျွန်မတို့ ကျွန်းပေါ်ကိုပဲ ရောက်တာပါ"

"ဒါ့ထက် ဒီလောက်ရေစီးကြမ်းတဲ့ ပင်လယ်ရေပြင်မှာ ဒီလောက်ကြီးတဲ့ ဖောင်ကြီးတွေကို ဒီကျွန်းရောက်လာအောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လို ဆယ်ယူတာလဲဟင် ..၊ ခင်ဗျားတို့မှာ စက်လှေတွေ ဘာတွေ ရှိလို့များလား”

“ကျွန်မတို့မှာ စက်လှေလဲ မရှိဘူး ..၊ လှေလဲ မရှိပါဘူး”

“ဒါဖြင့် ဘာနဲ့ ဆယ်ယူတာလဲဟင်”

မြနှင်းဖြူက သဘောကျစွာ ပြုံးရင်း ..

“ဒီလိုပဲ ရအောင် ဆယ်ယူရတာပေါ့” ဟု ပြောလေသည်။

“အံ့သြစရာပဲ”

“အစ်ကိုတို့က ရှင်ဥပဂုတ္တ ဖောင်တော်မျှောပွဲတွေ ဘာတွေ တစ်ခါမှ မလုပ်ဘူးလား ..၊ မလိုက်ဖူးဘူးလားဟင်”

“ဟင့်အင်း .. မလုပ်ဖူးဘူး ..၊ လိုက်လဲ မလိုက်ဖူးပါဘူး။ ကျွန်တော်တို့ကျွန်းမှာ အဲဒါမျိုးတွေ တစ်ခါမှ လုပ်တာ မတွေ့ဖူးဘူး”

မြနှင်းဖြူတို့ နှစ်ယောက်က သဘောကျစွာ ပြုံးလိုက်ကြသည်။

“ဒီလိုဆိုရင် ကျွန်မ ပြောလိုက်မယ် .. နောက်လကျရင် ကဒုံကနီကနေ ရှင်ဥပဂုတ္တဖောင်တော်မျှောပွဲ လုပ်ကြလိမ့်မယ်..၊ အဲဒီမှာ ဆရာတော်တစ်ပါးက ဦးဆောင်ပြီးတော့ နှစ်စဉ်ပြုလုပ်တဲ့ပွဲပေါ့..၊ အစ်ကိုတို့ မမြင်ဘူးရင် အဲဒီမှာ သွားကြည့်ပါလား။ အစ်ကိုတို့နေတဲ့ ကျွန်းနဲ့ ကဒုံကနီနဲ့က မဝေးလှပါဘူး”

ဟု ပြောလေသည်။





“ဟုတ် .. ဟုတ်ကဲ့ ..၊ ဒီတစ်ခါတော့ ရောက်အောင် သွားကြည့်ပါမယ်”

ဟု ကတိပေးလိုက်လေသည်။ ထို့နောက် မြနှင်းဖြူတို့ နှစ်ယောက်က အခြားနေရာများကို လိုက်ပြပြီး အိမ်သို့ ပြန်ခေါ်လာလေသည်။

နီမောင်စိတ်ထဲမှာ အပေါက်ဝတွေ အများကြီးရှိသော ကျောက်တောင်များရှိရာသို့ သွားကြည့်ချင်သော်လည်း ထိုနေ့က မရောက်ဖြစ်ခဲ့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၄]

## နေ့ခြင်းညရောက် ရှုဝေါ်တ်မာယာ

နောက်တစ်ရက်မှ ထိုကျွန်းမှ ပြန်မည်ဟု စိတ်ကူးသော် လည်း လေပြင်းများတိုက်ခတ်ပြီး လှိုင်းထန်နေသာကြောင့် မပြန်နိုင်သေးဘဲ ထိုမှာပင် ဆက်နေကြရလေသည်။

ရွာထဲမှာနေရသည်ဆိုသော်လည်း တစ်ခါတစ်ရံ တစ်ရွာလုံး တိတ်ဆိတ်နေပြီး လူတစ်ယောက်မှ မရှိသကဲ့သို့ ထင်ရလေသည်။





သူတို့တည်းခိုနေထိုင်သော ဘိုးပန်းဖြူတို့အိမ်မှာပင် တစ်ခါတလေ တစ်ယောက်မှ မတွေ့ရဘဲ သူတို့သုံးယောက်တည်းသာ ရှိလေသည်။

"နီမောင် ငါတို့ အခုရောက်နေတဲ့ကျွန်းက လူတွေနေတဲ့ကျွန်း ရော ဟုတ်ပါ့မလားကွာ"

ဟု ငမဲအောင်က မေးလေသည်။

"ဘာဖြစ်လို့ မေးတာလဲ"

"ငါ ကြားဖူးတာတော့ ပင်လယ်ထဲမှာ ကျတ်တွေ၊ အသူရကာယ်ဘုံသားတွေနဲ့ ဥစ္စာစောင့်တွေ နေတဲ့ကျွန်းတွေ ရှိတယ်လို့ လူကြီးတွေပြောသံ ကြားဖူးလို့ပါ"

"မင်းက .. အဲဒါတွေရော မြင်ဘူးလို့လား"

"မြင်တာတော့ ဘယ်မြင်ဘူးပါ့မလဲ ..၊ ဒါပေမယ့် တခြားလူတွေ ပြောသံကြားတာကြောင့် မေးကြည့်တာပါ"

ထိုအခါ သူတို့သုံးယောက်၏ ခေါင်းဆောင်ဖြစ်သော နီမောင်က သူသိသမျှ ပြောပြရလေသည်။

"ငါ့အထင်ပြောရရင်တော့ ဒီကျွန်းပေါ်မှာရှိနေကြတဲ့လူတွေက လူအစစ်တွေ မဟုတ်ရင်တောင် တခြားလူတွေကို ဖမ်းစားတတ်တဲ့ အကူပေးတတ်တဲ့ မိစ္ဆာတွေ မဟုတ်တာကတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလဲ တစ်ရွာလုံး တိတ်ဆိတ်နေတာပဲ ..၊ ဘယ်သွားနေကြသလဲ မသိဘူး"

"ငါ့အထင်ပြောရရင်တော့ သူတို့ အလုပ်တစ်ခုခု သွားလုပ်နေကြတယ် ထင်တယ်..၊ အဘတိုးပန်းဖြူ ပြောတဲ့ စကားအတိုင်းဆိုရင် ဒီကျွန်းပေါ်မှာရှိသမျှ လယ်ကွင်းတွေ သီးနှံစိုက်ခင်းတွေနဲ့ ဥယျာဉ်ခြံတွေက တစ်ဦးတစ်ယောက်တည်း ပိုင်ဆိုင်တာတွေ မဟုတ်ကြဘူးတဲ့ ..၊ ရှိသမျှပစ္စည်းတွေက အများပိုင်တွေဆိုတော့ အားလုံး ခွဲစားခွင့် ရှိတယ်"

"ဟုတ်တယ်လေ"

"ဒီလို အများပိုင်တွေဆိုတော့ စားစရာရှိရင်လဲ အားလုံး စားနိုင်ပြီး လုပ်စရာရှိရင်လဲ တစ်ရွာလုံးမှာရှိသမျှ လူတွေက ဝိုင်းလုပ်ကြရတယ် ထင်တာပဲ"

"အင်း .. ဒါလဲ ဖြစ်နိုင်တာပဲ"

နီမောင် တွက်ဆမှုက အတန်အသင့် မှန်လေသည်။

ညနေပိုင်း နေဝင်ကာနီးအချိန် ရောက်လာသောအခါ တစ်ရွာလုံး ပြန်ရောက်လာကြပြီး လူသံသူသံများ ကြားလာရသည်။

မြနှင်းဖြူတို့လည်း ပြန်ရောက်လာသည်။

အိမ်သို့ ပြန်ရောက်ရောက်ချင်း မြနှင်းဖြူတို့ ညီအစ်မနှစ်





ယောက်က သူတို့သုံးယောက်အတွက် ညစာ ပြင်ဆင်ပေးသည်။ ဘယ်အချိန် ချက်လိုက်သည်ပင် မသိလိုက်ပေ ..။

သိပ်မကြာခင် အချိန်မှာပင် ထမင်းနှင့်ဟင်းများက ရောက်လာတော့သည်။

ဟင်းကတော့ အသားငါးမပါဘဲ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်ထားသောဟင်း ဖြစ်သည်။

"ကျွန်မတို့ အလုပ်သွားနေကြတာနဲ့ အခုလို နောက်ကျသွားရတာပါ ..၊ ထမင်းဆာကြရောပေါ့"

"မဆာသေးပါဘူးဗျာ ..၊ ကျွန်တော်တို့ကသာ အိမ်ရှင်တွေကို ဒုက္ခပေးသလိုဖြစ်နေလို့ အားနာနေတာပါ"

"အားနာစရာ မလိုပါဘူး အစ်ကိုရယ် ..၊ ကျွန်မတို့လို ပင်လယ်ထဲမှာရှိနေတဲ့ ကျွန်းတွေဆီကို တကူးတက လာချင်လို့တောင် မရောက်နိုင်ကြပါဘူး။

မမျှော်လင့်ဘဲ အစ်ကိုတို့ အခုလိုရောက်လာကြတာကိုပဲ ကျွန်မတို့က ဝမ်းသာနေကြတာပါ"

ဟု ချိုသာသော အသံဖြင့် ပြောလေသည်။

"ဒါထက် ခင်ဗျားတို့တစ်တွေ တစ်နေ့လုံး အလုပ်လုပ်ကြရသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလဲ မဟုတ်ပါဘူး ..၊ အလုပ်ပြီးတဲ့အချိန်မှာ သစ်ပင်ရိပ်တွေမှာ ထိုင်ပြီး တရားရှုမှတ်တဲ့အလုပ်တွေလဲ လုပ်ကြရပါသေးတယ်"

"ဟင် .. တရားမှတ်တယ်ဆိုတာ ဘယ်လိုအလုပ်မျိုးလဲဟင်"

"တရားမှတ်တယ်ဆိုတာ စိတ်ကို တည်ငြိမ်အေးချမ်းအောင်လုပ်တဲ့ အလုပ်မျိုးပဲပေါ့..၊ အစ်ကို တစ်ခါမှ တရားမမှတ်ဖူးဘူးလား"

နီမောင်က အလွန် မျက်နှာမထားတတ်သော အမူအရာဖြင့် ခေါင်းခါပြလိုက်လေသည်။

သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ငါးဖမ်းခြင်းအလုပ်များဖြင့်သာ အချိန်ကုန်နေခဲ့ရာ တရားနှင့်ပတ်သက်သော အလုပ်မျိုး တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဘူးသေးပေ။

မထိတွေ့ခဲ့ဘူးသေးပေ။

ထိုအလုပ်မှာ သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်နှင့် ဆန့်ကျင်ဘက် တခြားစီဖြစ်သောကြောင့်လည်း ထိုကဲ့သို့ မပတ်သက်ခဲ့ခြင်းပင် ဖြစ်၏။

ယခု ထိုအလုပ်ကို အမြဲတစေ လုပ်နေသူများမှာ ရှေ့မှာ တစ်ကြိမ်မှ မလုပ်ခဲ့ဘူးကြောင်း ပြောရသည်ကိုပင် ရှက်ရွံ့သကဲ့သို့ ခံစားရလေသည်။

"အရင်က မလုပ်ခဲ့ဘူးပေမယ့် နောင်တစ်ချိန် အခွင့်သင့်ရင်





တော့ လုပ်ဖြစ်ရင် လုပ်ဖြစ်မှာပေါ့..၊ ကဲ .. စားလိုက်ကြပါဦး"

မြနှင်းဖြူက နီမောင် မျက်နှာပျက်သွားသည်ကို ရိပ်မိလိုက်သောကြောင့် စကားလမ်းလွှဲလိုက်လေသည်။

နီမောင်တို့ သုံးယောက်မှာ အမြဲတစေ အသားငါးဟင်းများဖြင့်သာ စားသောက်ခဲ့ကြရပြီး ယခုကဲ့သို့ အသီးအရွက်ချည်း ချက်သောဟင်းမျိုး စားရသောအခါ တစ်မျိုးတစ်ဘာသာဖြစ်ကာ ခံတွင်းမြိန်လှလေသည်။

"မိုးလေတွေကလဲ မငြိမ်သေးဘူး..၊ ကျွန်တော်တို့ ဘယ်တော့ပြန်ကြရမလဲ မသိဘူး"

"အဘကတော့ မနက်မိုးလင်းတာနဲ့ လေလှိုင်းတွေ ငြိမ်မယ်လို့ပြောပါတယ်..၊ အစ်ကိုတို့က ပြန်ချင်နေကြပြီလား"

"ပြန်ချင်လို့တော့ မဟုတ်ပါဘူး .. ကျွန်းမှာကျန်ခဲ့တဲ့ မိဘတွေစိတ်ပူနေကြမှာစိုးလို့ပါ"

ထိုစကားကြောင့် မြနှင်းဖြူတို့ညီအစ်မနှစ်ယောက်က သဘောကျစွာ ပြုံးလိုက်ကြသည်။

"ဒါ့ထက် .. မပြန်ခင် သိချင်တာလေးတွေ မေးကြည့်ချင်ပါတယ်"

"မေးလေ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး။ ဟိုး .. ကျောက်တောင်နံရံတွေက ဝှပေါက်တွေက ဘာတွေလဲဟင်"

ထိုသို့မေးသောအခါ မြနှင်းဖြူက တော်တော်နှင့် ပြန်မဖြေဘဲ ညီမဖြစ်သူကို ကြည့်နေသည်။

ထိုအခါ မြဝင်းသူက ဝင်ပြောပြန်သည်။

"အဲဒီ ဝှပေါက်တွေက သဘာဝအတိုင်း ဖြစ်နေကြတာပါ။ အထဲမှာတော့ ဘာမှမရှိပါဘူး..၊ ဒါပေမယ့် နည်းနည်းတော့ ထူးဆန်းတယ် အစ်ကိုရဲ့"

"ဘယ်လို ထူးဆန်းတာလဲဟင်"

"အဲသည် ဝှပေါက်ဝတွေကို နေ့အချိန်ပဲ လှမ်းမြင်ရပြီး ညအချိန်ရောက်တဲ့အခါ တစ်ပေါက်မှ မရှိကြတော့ဘူး၊ မမြင်ရတော့ဘူး"

"ဟင် .. ဘာဖြစ်လို့လဲဟင်"

"ကျွန်မတို့လဲ သေသေချာချာတော့ မသိပါဘူး..၊ ဒါ့ကြောင့် ဒီကျွန်းမှာနေကြတဲ့ လူတွေကတောင် အမည်ပေးထားသေးတယ်"

"ဘယ်လို အမည်မျိုးလဲဟင်"

"နေမြင်ညပျောက် ဝှပေါက်မာယာတဲ့ "

"နေမြင်ညပျောက် ဝှပေါက်မာယာ ဟုတ်လား"

"ဟုတ်ပါတယ် ..၊ ဒါကြောင့် တစ်ရွာလုံးက အကြောင်းမရှိဘဲ





သည်ဘက်ကို မသွားကြပါဘူး"

ဟု မြဝင်းသူက ပြောပြလေသည်။

သို့ကြောင့် နီမောင်လည်း ထိုအကြောင်းကို စကားမဆက်ဖြစ်တော့ပေ ..။

ထမင်းဝိုင်းသိမ်းပြီးတော့ ပေါက်ပေါက်ဆုပ်ကို ပျားရည်ဆမ်းပြီး ချပေးသည်။

"ဒီမှာ ပျားရည် ဘယ်လိုရတာလဲဟင်"

"ကျွန်းပေါ်မှာ ပျားအုံတွေ ရှိပါတယ်..၊ ကျွန်းပေါ်မှာရှိတဲ့ လူတွေက ပျားအုံတွေ ဖျက်ဆီးပြီးတော့ ပျားရည်မယူကြပါဘူး"

ထိုကျွန်းပေါ်မှာရှိသော ပျားအုံများမှာ ပျားကြီးမျိုးဖြစ်သည်။ ကောင်ကြီးသလောက် အဆိပ်ကလည်း ပြင်းသည်။

ပျားအုံကလည်း ကြီးသည်။ အနည်းဆုံး ဆန်ကောဝိုင်းခန့်ကြသည်။

သီးနှံစိုက်ခင်းများမှ အသီးအပွင့်များ ဖူးပွင့်သောအခါ ပျားများရောက်လာပြီး ပန်းခတ်လေ့ (ဝတ်ရည်စုပ်ယူခြင်း) ပြုကြသည်။

ထိုအခါ ပျားရည်လိုချင်သူက ပြောရသည်။

"ငါတို့စိုက်ခင်းက ဝတ်ရည်တွေကိုလဲ ယူပါ..၊ ငါတို့ကိုလဲ ဆေးဝင် ပျားရည် မျှပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်လျှင် ထိုသူ၏အိမ်အနီးတွင် ပျားအုံလာစွဲလေသည်။

ရက်အနည်းငယ်ကြာ၍ ပျားရည်စုမိသောအခါ ပျားများက တစ်ဝက်သာယူပြီး ပျံသွားကြသည်။

သူတို့ထားခဲ့သော ပျားအုံ၌ ပျားရည်အချို့ ကျန်ခဲ့လေသည်။

သုံးရက်စောင့်၍ ပျားကောင်များ ပျားအုံသို့ ပြန်မလာကြသောအခါ ထိုပျားရည်ကို ယူစားခွင့်ရလေသည်။

"သူတို့က သဘောတူလို့ ပေးထားခဲ့တဲ့ ပျားရည်ဆိုတော့ ယူစားလဲ မပြစ်မဖြစ်တော့ဘူးပေါ့ အစ်ကိုရယ်"

ဟု မြနှင်းဖြူက ပျားရည်ရရှိပုံကို ပြောပြသည်။

"လောကမှ ဆန်းကြယ်တဲ့ကိစ္စတွေ အများကြီးရှိနေပါလား"

"အရေးအကြီးဆုံးကတော့ မေတ္တာတရားပါပဲ..၊ လူတွေက တိရစ္ဆာန်တွေအပေါ်မှာ မေတ္တာမပျက်ရင် တိရစ္ဆာန်တွေကလဲ လူတွေကို အန္တရာယ်မပေးကြတဲ့အပြင် အရေးကိစ္စရှိရင်တောင်မှ အကူအညီပေးကြပါသေးတယ်..၊ ဒါထက် အဘပြောပုံဆိုရင် မနက်မိုးလင်းတာနဲ့ ရသေ့ဦးတုသာလာမယ်လို့ ပြောတယ်၊ အစ်ကိုတို့ ပြန်ကြမှာ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။





"ကျွန်မတို့ဆီကို နောက်တစ်ခေါက် လာကြဦးမှာလားဟင်"

"လာချင်ပါတယ် ..၊ အဆင်ပြေရင် ကျွန်တော်တို့ အရောက်လာပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

ထိုညက အိပ်ရာဝင်သောအခါ နီမောင်မှာ တော်တော်နှင့် အိပ်မပျော်ပေ။

သူသည် ယခုမှပင် တွေ့မြင်ရသော်လည်း မြနှင်းဖြူ အပေါ်မှာ ဘိတ်တခိုးကြိတ်၍ သံယောဇဉ် တွယ်မိနေလေပြီ။

သို့သော် အခြေအနေချင်းကတော့ တူညီမှု မရှိကြပေ ..။ ထိုညက အတော်ကြီး ညဉ့်နက်ပိုင်းရောက်သောအခါမှ မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်သွားစဉ်မှာ နေမြင့်ညပျောက် ဂူပေါက်မာယာဆိုသော ကျောက်ဆောင်များအတွင်းသို့ ရောက်သွားလေသည်။

ထိုဂူပေါက်များအတွင်း၌ ရှိနေကြသော အရာများကို မြင်တွေ့ရသောအခါ များစွာ ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်မိလေသည်။

ဂူပေါက်များအတွင်း၌ ရှိနေကြသော သတ္တဝါများမှာ အခြားမဟုတ်ပေ ..။

အစိမ်းရောင်ရှိသည့် နဂါးများပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်များ၏အတွင်းပိုင်း၌ အခန်းကျယ်ကြီးများ ရှိနေပြီ
ထိုအခန်းကျယ်ကြီးများအတွင်း၌ အကောင်အရေအတွက် မြောက်
မြားစွာတို့ ရှိနေကြသည်။

အချို့ အကောင်အရွယ်အစား သေးငယ်သော်လည်း အချို့မှာ
ထန်းလုံးပမာဏ အရွယ်အစား ကြီးမားလေသည်။

သူသည် နဂါးများရှိနေသော ဂူအတွင်းသို့ ရောက်နေသော်
လည်း အန္တရာယ် မပေးကြပေ။

"နဂါးဆိုတာ လူယောင်ဖန်ဆင်းနိုင်တယ်လို့ ပြောသံကြား
ဖူးတယ်၊ အခု မြင်နေရတဲ့ နဂါးတွေကရော လူယောင်ဖန်ဆင်းနိုင်
ကြသလား မသိဘူး၊

ငါတို့ရောက်နေတဲ့ ရွာမှာရှိနေကြတဲ့ လူတွေကရော လူအစစ်
တွေ ဟုတ်ပါ့မလား..၊ နဂါးတွေ လူယောင်ဖန်ဆင်းထားတာများ ဖြစ်
ရော့သလား"

ဟုလည်း စိတ်ထဲမှာ တွေးနေမိသည်။

အချို့နဂါးများကတော့ ကျောက်တောင်ထိပ်များပေါ်သို့ ထော
ကာ ပါးစပ်အတွင်းမှ မီးများမှုတ်ထုတ်နေကြသည်။ မီးရောင်များ
ဝင်းဝင်းတောက်လျက် ရှိသည်။

အတန်ကြာတော့ နီမောင် အိပ်ပျော်နေရာမှ ပြန်နိုးလာသည်





သူသည် အလန့်တကြား ထကြည့်သောအခါ သူတို့ရောက်နေ
သော အိမ်မှာပင် ရှိနေသည်။

အပြင်ဘက်မှာ မှောင်နေသော်လည်း အလင်းရောင်အချို့
ကတော့ ရှိနေသည်။

အခြားမဟုတ်ပေ ..

နွေမြင်ညပျောက် ဂူပေါက်မာယာရှိသောဘက်မှ အလင်းရောင်
များ တောက်ပနေခြင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

## ဈောက်တွယ်နေလည့် ဆန်းကြယ်သောနေရာများ

မြန်မာနိုင်ငံအတွင်းမှာသာမက ကမ္ဘာ့နေရာ အတော်များများတွင် လျှို့ဝှက်သောနေရာ အတော်များများရှိကြလေသည်။

အများအားဖြင့်တော့ သူတော်စင်၊ သူတော်ကောင်းတို့သည် လူများနှင့်ဝေးသော နေရာဒေသများတွင် လျှို့ဝှက်စွာ ရှိနေကြလေသည်။





ကွယ်ပျောက်နေသော နေရာအတော်များများလည်း ရှိကြပေသည်။

သာမန်လူတို့ မရောက်နိုင်၊ ရောက်လျှင်လည်း မမြင်နိုင် မတွေ့နိုင်ပေ ...။

သို့သော်လည်း ထိုကဲ့သို့ ပျောက်ကွယ်နေသော နေရာများကို ထိုက်သူတို့ ရောက်နိုင် တွေ့နိုင်လေသည်။

ကမ္ဘာပေါ်၌ လူသိများပြီး ကွယ်ပျောက်နေသော နေရာများထဲတွင် 'ရှမ်ဗဲလား'ဆိုသောနေရာသည် ထင်ရှားကျော်ကြားလှသော နေရာတစ်ခု ဖြစ်ပေသည်။

ရှမ်ဗဲလားနယ်မြေသို့ ဝင်ခွင့်ရအောင် ကြိုးစားနေသူ အများအပြား ရှိလေသည်။

ထိုနေရာသို့ ရောက်ဖူးအောင် ကြိုးစားနေသူများလည်း ရှိကြသည်။

ရှမ်ဗဲလားသည် သူတော်စင် သူတော်ကောင်းတို့ နေထိုင်ရာ သီးခြားရှိနေသောနေရာလည်း ဖြစ်သည်။

သာမန်လူတို့ မရောက်နိုင်ကြပေ။

သို့သော်လည်း ကံကောင်းထောက်မစွာဖြင့် ထိုနေရာသို့ ရောက်သွားခဲ့ကြသူများလည်း ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရောက်သွားခဲ့ပြီးမှ ရှမ်ဗဲလားမှန်း မသိသောကြောင့် ပြန်လည်ထွက်ခွာခဲ့ကြသော သာဓကအချို့လည်း ရှိပေသေးသည်။

လူသားတို့သည် သမိုင်းမတင်မီ ကမ္ဘာဦးကာလမှစ၍ ယနေ့ထိ မရပ်မနား ခရီးသွားခဲ့ကြသည်။

သို့ဖြစ်၍ လူ့အဖွဲ့အစည်း၏သမိုင်းသည် ခရီးသွားလာခြင်း၏ သမိုင်း ဖြစ်ပေသည်။

ကမ္ဘာ့ဘာသာတရားများသည်လည်း ခရီးသွားလာမှုနှင့် ဆက်နွယ်လျက် ရှိနေ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် လည်းကောင်း၊ ဂျိမ်းဘာသာကို တည်ထောင်သူ မဟာဝီရသည် လည်းကောင်း၊ ခရစ်တော်သည် လည်းကောင်း၊ မဟာမက်သည် လည်းကောင်း မဟာခရီးသည်ကြီးများ ဖြစ်ကြသည်။

မြတ်ဗုဒ္ဓသည် 'စရိတ၊ ဘိက္ခဝေ၊ စရိတံဗဟု ဇေတိတံယ၊ ဗဟုဇန သုခါယ' (ရဟန်းတို့ လူတို့၏အကျိုးရှိမှုနှင့် စိတ်ချမ်းသာမှုအတွက် ခရီးလှည့်လည်ကြကုန်လော့) ဟူ၍ ရဟန်းတို့အားထုတ် ဖော်မြွက်ကြားခဲ့သည်။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များ၊ ဇာတ်တော်များ၊ မဟာဝင်များတွင် ခရီးသွားလာမှုဆိုင်ရာ မှတ်တမ်းများ ရေးဖွဲ့ခြင်းဖြင့် ပြည့်





လျှမ်းနေပေသည်။

ထို့အတူ ခရစ်ယာန်ဘာသာရေးကျမ်းများတွင်လည်း ခရီးသွားလာမှုမှတ်တမ်းများ ပြည့်လျှမ်းနေပေသည်။

၁၉ ရာစု အစနှင့် ၂၀ရာစုတွင် မဟာခရီးသည်ကြီးများ၏ ခရီးသွားလာမှုမှာ အမြင့်မားဆုံးသို့ ရောက်ခဲ့သည်ဟု ထင်ပါ သည်။

ပုဂ္ဂိုလ်အမျိုးမျိုးတို့သည် အကြောင်းအမျိုးမျိုးဖြင့် လူများ ရောက်ရှိရန် မလွယ်ကူသည့်ဒေသများသို့ ရောက်ခဲ့ကြသည်။

သူတို့၏ မှတ်တမ်းများကို ပြန်လည်ရေးသားကြသည်အခါ ပုံပြင် ဒဏ္ဍာရီများ၊ လူတို့၏ နေထိုင်စားသောက်ပုံများ၊ ကိုးကွယ်မှု ဆိုင်ရာများ စသည်တို့သည် ထင်ဟပ်လျက်ရှိနေပေသည်။

၂၀ ရာစုခေတ်တွင် နာမည်ကျော် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အရှေ့တိုင်း စာပေသုတေသနဌာန မှ ဒေါက်တာ အက်(ဒ)ဝင်ဘန်ဘန်း(မ်) (Edwin Bembam) ၏ ရှမ်ဗဲလား ရှာပုံတော်ဖွင့်ခဲ့သည့်အကြောင်းကို တင်ပြပါမည်။

ဒေါက်တာ အက်(ဒ်)ဝင်ဘန်ဘန်း(မ်)သည် ကုလသမဂ္ဂမှ စေလွှတ်သော အဖွဲ့တစ်ဖွဲ့နှင့်အတူ နီပေါပြည်သို့ ရောက်လာခဲ့သည်။

သူ ကျောင်းသားဘဝကပင် ဂျိမ်း(စ်)ဟီလတန် ရေးသည့် (The Lost Horizon)ဝတ္ထုကြီးကို စွဲစွဲလမ်းလမ်း ဖတ်ခဲ့ရသည်။ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကိုလည်း အကြိမ်ကြိမ် ကြည့်ရှုခဲ့သည်။

ဤသို့ဖြင့် (The Lost Horizon)ဝတ္ထုကြီးထဲမှ ရှမ်ဂရီလာဟူသော သူတော်စင်တို့ တရားဓမ္မနှင့် ပျော်မွေ့သည့် စံတောမြိုင်ကို တသသဖြစ်ခဲ့သည်။

ရှမ်ဗဲလားနှင့်ပတ်သက်သော အကြောင်းအရာ ခရီးသွား မှတ်တမ်းများကို စုဆောင်းခဲ့သည်။

ဒေါက်တာ ဘသန်းသည် စာကြည့်တိုက်ကြီးများရှိ ဗုဒ္ဓကျမ်းစာများ၊ သက္ကတကျမ်းစာများ၊ တိဘက်ခရီးသွားမှတ်တမ်းများကို မနေမနား သုတေသန ပြုသည်။

တိဘက်အကြောင်း ရေးသားခဲ့ကြသည့် ခေတ်မီစာအုပ်များနှင့် ခရီးသွားမှတ်တမ်းများကို လေ့လာဆည်းပူးမိသော ဒေါက်တာအက်(ဒ)ဝင်ဘန်ဘန်း(မ်)အဖို့ ရှမ်ဗဲလားရှာပုံတော်ဖွင့်ရန် အကြံကိုနိုင်မာစေသည်ထက် နိုင်မာလာခဲ့သည်။

ဒေါက်တာဘန်း(မ်)သည် ရှမ်ဗဲလားအကြောင်းကို ၁၉၆၉ ခုနှစ်ကပင် တစိုက်မတ်မတ် လေ့လာခဲ့သည်။

ထိုစဉ်က ဒေါက်တာ ဘန်ဘန်း(မ်)သည် ဓဝရက်တောင်ကို လေ့လာရန် အိန္ဒိယပြည်သို့ ရောက်ရှိနေချိန် ဖြစ်သည်။

တစ်နေ့တွင် ဒေါက်တာဘန်းသည် တိဘက် ဗုဒ္ဓဘာသာ ဘုန်း





တော်ကြီးတစ်ပါးနှင့် တွေ့ဆုံရာမှ 'ရှမ်ဗဲလား'ဟူသော သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် စံတောမြိုင်အကြောင်း သိရှိလာခဲ့ရသည်။

သူ ကျောင်းသားဘဝက ဖတ်ရှုခဲ့ရသော ပျောက်ဆုံးသွားသည့် မိုးကုတ်စက်ဝိုင်းဝတ္ထုကြီးမှ ရှန်ဂရီလာသည် မလွဲမသွေ 'ရှမ်ဗဲလား' ဖြစ်ရမည်ဟု ယုံကြည်လာခဲ့သည်။

ဒေါက်တာ ဘန်ဘန်း(မ်)သည် ၁၉၇၀ ပြည့်နှစ်တွင် ဟိမဝန္တာတောင်တန်းဒေသသို့ တစ်ခေါက်ရောက်ရှိလာခဲ့ပြီး ရှမ်ဗဲလားနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ၊ အထောက်အကူများ၊ တိဘက်ဘာသာဖြင့် ရေးသားပြုစုထားသည့် ရှမ်ဗဲလားလမ်းညွှန်စာအုပ်များ၊ ဗုဒ္ဓဘာသာကျမ်းစာများကို စုဆောင်းခဲ့သည်။

ရှမ်ဗဲလားအကြောင်း ပြောဆိုခဲ့ကြသူ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ တိဘက်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို တွေ့ဆုံ၍ စုံစမ်းမေးမြန်းသွားခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ ပြန်သွားခဲ့သည်။

သူသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား တက္ကသိုလ်တွင် ခေတ္တနေထိုင်ပြီး ရှမ်ဗဲလားအကြောင်း သုတေသနပြုခဲ့ပြန်သည်။

၁၉၇၄ ခုနှစ်တွင် ဒေါက်တာ ဘန်ဘန်း(မ်)သည် နီပေါ၊ ဆစ်ကင်းနှင့် အိန္ဒိယနိုင်ငံတွင် ၇ လခန့် နေထိုင်ခဲ့ပြီး ရှမ်ဗဲလားနှင့် သက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သည့် ဒဿနာရှိများ၊ ပုံပြင်များ တိကျသည့် အထောက်အထားများကို တိဘက်နှင့် လာဒက်သို့ သွားလာခဲ့ကြသည့် ကုန်သည်များ၊ တိဘက်ဘုန်းတော်ကြီးများ၊ ကြေးစားလမ်းပြများ၊ မုဆိုးများ၊ ကုန်ထမ်းသမားများကို တွေ့ဆုံ မေးမြန်း စုံစမ်း၍ ရှေးဟောင်း ရှမ်ဗဲလားနှင့်ဆိုင်သည့် ကျမ်းစာများ၊ သက္ကတကျမ်းစာများ၊ တိဘက်ဘာသာနှင့် ရေးသားထားသည့် ရှမ်ဗဲလား လမ်းညွှန်ကျမ်းများကို စုဆောင်းခဲ့ပြန်သည်။

ဤသည်မှာ ရှမ်ဗဲလားအကြောင်း၊ တိတိကျကျ ရေးသားနိုင်ရန် ရည်ရွယ်ခဲ့သည်ဟု သူဆိုသည်။

ဒေါက်တာ ဘန်ဘမ်းသည် ရှမ်ဗဲလား ရှာပုံတော်ဖွင့်ရန် ရည်ရွယ်ခဲ့သော်လည်း တိဘက်တွင် ပြောင်းလဲနေသည့် နိုင်ငံရေး အခြေအနေများကြောင့် တိဘက်အတွင်းပိုင်း ဒို(လ်)ပိုဒေသ (Dolpo)သို့ ဝင်ရောက်နိုင်ရန် မလွယ်ပေ။

လာဒက်၊ ရှီဂတ်ဆီ စသည့်မြို့များ၊ ကျေးရွာများသို့ သွားရောက်ခဲ့ပြီး အထောက်အထားမှတ်ပုံ စုံစုံလင်လင်နှင့် 'ရှမ်ဗဲလားသို့ သွားရာခရီးလမ်း' (The way to Shambala)စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

သူ ရေးသားထုတ်ဝေခဲ့သည့် ဤစာအုပ်သည် ၁၉၈၀ ပြည့်





နှစ်တွင် ထူးထူးခြားခြား ရောင်းချရသည့်စာအုပ် ဖြစ်သည်။

နံရံကြီးရှိ အက်ကြောင်းကြီးမှ တစ်ဖက်သို့ ဝင်ခဲ့သည်နှင့် ထူးခြားသည့် ဘုန်းတော်ကြီးကျောင်း၊ ယာတောနှင့် သစ်သီးခြံများ၊ ဥယျာဉ်များ၊ ထူးဆန်းသည့် လူ့အဖွဲ့အစည်းတစ်ဖွဲ့ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

သူ့အား ပုဂ္ဂိုလ်တစ်ဦးက ဆန် ၇ စေ့ ပေးခဲ့သေးသည်ဟုလည်း ဆိုသည်။

သို့သော် နောက်တစ်ကြိမ် ယင်းကျောက်နံရံကြီးကို ရှာမတွေ့တော့ဟု ဆိုသည်။

ဤကဲ့သို့ လူပေါင်းစုံ တင်ပြထားသည့် ဒဿနာရှိများ၊ မှတ်တမ်းများကို ဒေါက်တာဘန်ဘမ်းသည် သူ၏ 'ရှမ်ဗဲလားလမ်းညွှန်' စာအုပ်တွင် ဖော်ပြခဲ့သည်။

စိတ်ကူးယဉ်ပုံပြင်များ ဖြစ်သည်ဆိုလျှင် ကာ့ယကံရှင်များသာ အဖြေပေးနိုင်ကြပေလိမ့်မည်။

လူ့ဘဝသို့ရောက်ရှိနေသည့် ပါရမီဆက်ရှိသည့် လူများအား 'ရှမ်ဗဲလား' တမန်တော်များက နည်းလမ်းအမျိုးမျိုးဖြင့် လမ်းညွှန်မှု ပြုသည်၊ မပြုသည်ဆိုသည်ကိုမူ ဉာဏ်မမီ၍ အတတ်မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်ဗဲလား ရှာဖွေတွေ့ရှိမှုနှင့်ပတ်သက်သည့် ဖော်ပြမှုများမှာ ဒို(လ်)ပိုဒေသ (Dolpo)နှင့် ပတ်သက်နေပေသည်။

သူ့စာအုပ်ကြီးကို ရေးသားပြုစုရာတွင် အနောက်ဘက်နီ ပြည်ထောင်စုတွင် ရောက်ရှိနေသော ဗုဒ္ဓဘာသာဘုန်းတော်ကြီး ရင်ပိုချီ (Rimpoche) ၏ အကူအညီကို အများဆုံး ရရှိခဲ့သည်ဟု ဆိုသည်။

ဒေါက်တာတန်ဘမ်းသည် သူ့စာအုပ်ကြီးကို အခန်း ၁၁ ခန်းခွဲ၍ ရေးသားခဲ့ပြီး ပထမ အခန်း ၄ ခန်းတွင် သူ တိဘက်နှင့် ဆစ်ကင်းပြည်နယ်များကို ရောက်ရှိခဲ့စဉ်က 'ရှမ်ဗဲလား'ကို ရောက်ရှိခဲ့ပါသည်ဟူသော မုဆိုးများ၊ ကုန်ထမ်းသမားများနှင့် တွေ့ဆုံရာတွင် အသံသွင်းယူခဲ့သည့်အတိုင်း ဖော်ပြထားခဲ့သည်။

ယခင်ထုတ်ဝေခဲ့ပြီးဖြစ်သော 'ရှမ်ဗဲလား'အကြောင်း ရေးသားဖော်ပြသည့် စာအုပ်များသည် ဂန္ထဝင်ခရီးသည်ကြီးများ၏ မှတ်တမ်းများကိုသာ ဖော်ပြခဲ့လေသည်။

ပထမဆုံး သူတွေ့ဆုံ၍ မေးမြန်းစုံစမ်းခဲ့သူမှာ တိဘက်နိုင်ငံ ဒို(လ်)ပိုဒေသ (Dolpo)မှ မုဆိုးချော့(ပ်)ဆာရင်း (Chope Tsering) ဆိုသူ ဖြစ်၏။

သူ၏ ထုတ်ဖော်ပြောကြားချက်မှာ ဤသို့ဖြစ်၏။

ချော့(ပ်) (Chope)အဖို့ သူ့မျက်လုံးကိုပင် သူ မယုံနိုင်ပေ။ သူ





ချက်စေ့ရှေ့တွင် ထူးဆန်းသော ဘုန်းတော်ကြီးကျောင်းကြီးနှင့် တစ်ချော်တစ်ခေါ်ကြီး မြင်ရသော လယ်ကွင်းများ၊ ဥယျာဉ်များ၊ သစ်သီးခြံများကိုတွေ့ရသည်။

နေထိုင်ကြသည့် လူများမှာလည်း ဘုန်းတော်ကြီးများနှင့်အတူ တရားခမ္မရှာမှီး၍ အေးအေးငြိမ်းငြိမ်းနေကြသည်။

ဤဒေသတွင် တွေ့မြင်နေရသည်မှာ 'ပျောက်ဆုံးသွားသော မိုးကုတ်စက်ဝိုင်း'ဝတ္ထုကြီးမှ ရှန်ဂရီလာ လူ့အဖွဲ့အစည်းအကိုင်း ဖြစ်နေသည်။

ချော့(ပ်) (Chope)အား ယင်းတရားရိပ်သာတွင် နေထိုင်ရန် ခေါ်ကြသော်လည်း ချော့(ပ်) (Chope)က သူ့မိသားစုကို ပြန်ခေါ်မည်ဟု အိမ်ပြန်ရန် ပြင်ဆင်သည်။

ထိုဒေသမှ လူများကလည်း သူပြန်လာရန် မလွယ်၊ လမ်းတွေ့ရန် ခဲယဉ်းပေလိမ့်မည်ဟု ဆိုကြသည်။

သို့သော် ပါရမီမရှိသော ချော့(ပ်) (Chope)သည် သူ့ရွာသို့ ပြန်လာခဲ့သည်။

သူတွေ့ရသည့် ကျောက်နံရံအပေါက်ကြီးကို မှတ်မိရန် သူ၏ သေနတ်နှင့် ဖိနပ်တို့ကို ထားခဲ့သည်ဟုဆိုသည်။

ဒုတိယအကြိမ် ချော့(ပ်) (Chope)သည် သူ့မိသားစုကို ခေါ်၍



www.burmeseclassic.com

www.burmeseclassic.com



နံရံအပေါက်ကြီးရှိရာသို့ ပြန်လာခဲ့သောအခါ သူသေနတ်နှင့် ဖိန ... အား တွေ့ရသော်လည်း နံရံအပေါက်ကြီးကို မတွေ့ရတော့ပေ။

သူမိတ်ဆွေများကမူ ချော့(ပ်) (Chope) အား စိတ်ပျံ့လွင့်သူ ... ထင်ကြသည်။ အချို့ကလည်း ချော့(ပ်) (Chope)သည် ရှမ်ဗလာ ... ကို မျက်ဝါးထင်ထင် မြင်ရသော်လည်း ပါရမီအချိန်မတန်သဖြင့် ထို ... နေရာတွင် နေထိုင်၍ တရားမမွေ့ရာမှီးနိုင်ခြင်း မရှိဟု ဆိုလေသည်။

ဒေါက်တာဘန်ဘမ်း ဒုတိယတွေ့ဆုံ၍ စုံစမ်းမေးမြန်း အသ ... သွင်းယူခဲ့သူမှာ လာဒက်မှ မုဆိုးတစ်ဦးဖြစ်သည်။

အဆိုပါ မုဆိုးသည် သမင်တစ်ကောင်ကို လိုက်ခဲ့ရာမှ ထိုသို့မှ ... တောကျွံသွားခဲ့ရသည်။

ထိုနေရာမှာ သူ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသောဒေသ ဖြစ်နေသည်။

သူသည် ကေလာသတောင်ကြီးနှင့် ဗြာလာဂီရိတောင်ကြီးများ ကို တွေ့မြင်နေရသည်ဟု ဆိုသည်။

သူရောက်သွားသည့်နေရာတွင် ထူးထူးဆန်းဆန်း ကျောက်နံရံ အကွဲကြီးကို တွေ့ရသည်။

ထိုကျောက်နံရံအကွဲကြီးမှ တစ်ဖက်တွင် ထူးခြားသော မြင် ကွင်းကို မြင်ရသည်။





ထူးခြားဆန်းကြယ်သည့် ဘုန်းတော်ကြီးကျောင်းနှင့် ယာတော များ၊ သာယာသည့် ဥယျာဉ်ခြံများ၊ သွားလာနေကြသည့် လူများကို မျက်ဝါးထင်ထင် တွေ့ရသည်။

သူသည်လည်း သူ့မိသားစုကို ပြန်ခေါ်မည်ဟူသော စိတ်ကူး ဖြင့် ကျောက်နံရံကြီးကို တိတိကျကျ မှတ်သား၍ ရွာသို့ပြန်ခဲ့၏။

သို့သော် သူ့မိသားစုနှင့်အတူ ထိုနေရာသို့ ပြန်လာပြီး ကျောက် နံရံကြီးကို ရှာဖွေသောအခါ မတွေ့ရတော့ပေ။

ဒေါက်တာ ဘန်ဘမ်းအဖွဲ့နှင့်အတူ ပါဝင်သော ရှာပါ (Sher-pa)တစ်ဦးကမူ သူသည် ဧဝရက်တောင်သို့ တက်ရောက်ခဲ့သည့် တောင်တက်သမားအဖွဲ့တွင် လမ်းပြအဖြစ် ပါဝင်ခဲ့သည်ဟု ဆို သည်။

သူသည် တစ်နေ့တွင် ဧဝရက်တောင်စွန်းမှ ထူးခြားသော မြင်ကွင်းကို မြင်ရကြောင်း ပြောပြခဲ့သည်။

တောက်ပရွှန်းလဲ့နေသည့် နေရောင်ခြည်အောက်တွင် ထူးခြား ဆန်းကြယ်သည့် ဘုန်းတော်ကြီးကျောင်းများကို တစ်နံတစ်လျား မြင်နေရသည်။

လယ်တောများ၊ ဥယျာဉ်ခြံမြေများ တသွင်သွင်စီးနေသည့် စမ်းချောင်း၊ ဘုရားဝှကျောင်း၊ ပြာသာဒ်များကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ရှာပါ (Sherpa) အမျိုးသားသည် သူ့မိတ်ဆွေများထံသို့ ပြေးလွှားကာ ရောက်ရှိသတင်းပို့ခဲ့ပြီး တောင်တက်တစ်ဖွဲ့လုံး သူ တွေ့ရသည့် ထူးဆန်းသောမြင်ကွင်းရှိရာသို့ ရောက်သောအခါ တွင် ရေခဲပြင်ကြီးနှင့် ကျောက်ဆောင်ကျောက်တုံးကြီးများကိုသာ တွေ့ရ တော့သည်ဟု ဆိုသည်။

ဆစ်ကင်းအမျိုးသားတစ်ဦး၏ အတွေ့အကြုံမှာ ပို၍ ဆန်း ကြယ်သည်။

သူ၏ ရာ့(ခ်) (Yak) ခေါ် နွားများကျောင်းနေစဉ် တွေ့ရသည့် အတွေ့အကြုံဖြစ်သည်ဟု ဆို၏။

ထိုဆစ်ကင်းအမျိုးသားသည် သူ၏ နွားများ (Yak) နောက်သို့ လိုက်သွားခဲ့ရာ ထူးခြားသော နံရံကြီးကို တွေ့ရသည်။

၁၉၇၃ ခုနှစ်တင်ဘာလ ပိုခါရာ ..။

ဟိမဝန္တာတောင်တန်း။

တစ်ခုသော တောင်စွယ်ထိပ်ရှိ ရွက်ဖျင်တဲကလေးအတွင်း၌ အိပ်ပျော်နေသော ပီတာမက်သီဆင်သည် တဝေါင်းဝေါင်း မည်နေ သော ကျားသစ်တစ်ကောင်၏ ဟိန်းသံကြောင့် လန့်နိုးလာသည်။

ကျားသစ်သည် သူတို့စခန်းချနေသည့် တောင်စွယ်နှင့် ပိုခါရာ (Pokhra)ရွာကလေးကြားနှင့် လျှိုကြားမှ ထွက်ပေါ်လာသည်ဟု





ဆင်ရသည်။

တသုန်သုန်တိုက်နေသည့် လေက အေးစိမ့်လျက် ရှိသည်။ အဝေးရှိ ဟိမဝန္တာတောင်တန်းများပေါ်မှ တိုက်ခတ်လာခြင်း ဖြစ် သည်။ လေက နှင်းမှုန်နှံ့ ထင်းရှူးနံ့တို့ဖြင့် ထုံသင်းလျက် ရှိသည်။

ဟာရိုကိန်းမီးအိမ်မှာ ရေနံဆီနံ့၊ ချွေးနံ့နှင့် ပီတာမက်သီဆင် ၏ဘေးရှိ အခြားတဲတစ်လုံးအတွင်းမှာ အိပ်ပျော်နေသော ရှာပါး (Sherpa) လားဝန်တင် သမားများထံမှ ချဉ်စူးစူးအနံ့တို့ နံ့စော် နေသည်ကို သန့်စင်အောင် လုပ်ပေးသကဲ့သို့ ရှိသည်။

ရေခဲတမျှ အေးစိမ့်နေသောလေက ရွက်ဖျင်တဲထဲသို့ တိုးဝင် လာသည်။

ပီတာမက်သီဆင်မှာ ခိုက်ခိုက်တုန်လျက် ရှိသည်။

သူ၏ ဝဲဘက်အိပ်ရာပေါ်တွင်မူ သူ့မိတ်ဆွေ ရက္ခဗေဒပညာ ရှင် ဂျော့ရှိလာ (George Schaller)သည် နှစ်ခြိုက်စွာ အိပ်မော်ကျ လျက် ရှိနေပေသည်။

ဟာရိုကိန်းမှန်အိမ်မှ မီးတောက်သည် ယိမ်းထိုးလျက် ရှိနေ သည်။

မကြာခင် နေအရုဏ်လာတော့မည် ဖြစ်သည်။

သူတို့နှစ်ဦးဘေးရှိ ခရီးဆောင်နာရီကို ပီတာမက်သီဆင်သည်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်မိသည်။

ကျပ်ခိုးတွေ မည်းနေသည့် ဟာရီကိန်းမှန်အိမ်၏ မှေးမှိန်သော အလင်းရောင်ကြောင့် နာရီကို သဲသဲကွဲကွဲ မမြင်ရ။ ၄း၃၀ နာရီဟု ထင်ရသည်။

ဝန်တင်လားများထားရာတဲဘက်မှ ရှာပါး (Sherpa) အမျိုးသားတို့၏ လှုပ်ရှားသံ၊ ချောင်းဟန့်သံ၊ မီးဖိုရန်ပြင်ဆင်သည့် အသံကို ကြားနေရသည်။

ရှာပါးအမျိုးသားတို့ကား ဟိမဝန္တာဒေသကို ကျွမ်းကျင်သူ အထမ်းသမားများဟု ကမ္ဘာက ယူဆကြသည်။

သူတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး သစ္စာရှိသူ၊ အကြမ်းခံနိုင်သူ၊ ဟိမဝန္တာ တနံတလျား အလုံးစုံ သိသူများဟု ဆိုကြသည်။

ရှာပါး( Sherpa)ဆိုသည်မှာ တိဘက်ဘာသာအားဖြင့် အရှေ့ပိုင်းသား (Easterner)ဟူသော အဓိပ္ပာယ်ဆောင်လေသည်။

၁၉၅၂ ခုနှစ်က နှာမည်ကျော် ဧဝရက်တောင်ကြီးသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် တောင်တက်အဖွဲ့ကို လမ်းပြရှေ့ဆောင်ခဲ့သူမှာ ရှာပါး (Sherpa) အမျိုးသား 'တင်ဆင်း' ဖြစ်လေသည်။





ပီတာမက်သီဆင်သည် အိပ်ရာမှ ထလိုက်သည်။ သူ၏ ကိုယ်သက်တွေ ကိုက်ခဲလျက် ရှိ၏။

သူ့အဖို့ ဤခရီးသည် မဆန်း။

၁၉၆၀ ပြည့်နှစ်ခန့်ကလည်း နီပေါနိုင်ငံသို့ သူ ရောက်ခဲ့ဖူးသည်။ ထိုစဉ်က နှင်းခဲများပေါ်တွင် ထာဝစဉ်နေထိုင်သည့် နှင်းကျားသစ် (Snow-Leopard)အကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ရေးရန် စီစဉ်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဤသို့ရောက်လာခဲ့စဉ် ထူးဆန်းသည့် ကျောက်သလင်းတောင်ပေါ်ရှိ သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် ဗုဒ္ဓဘာသာကျောင်း (Crystal Monastery)အကြောင်းကို ရှာပါးများ (Sherpa)ထံမှ ကြားသိခဲ့ရသည်။

သူတို့ဘာသာအားဖြင့် ရှီ(ဗ်)ဂွမ်ပါ (Shev-Gompa)ဟု ခေါ်ကြ၏။ ပီတာမက်သီဆင်သည် ဝန်တင်လားသမားများထံမှလည်း ရှမ်ဗဲလားဒဏ္ဍာရီများကို မကြားချင်အဆုံး ဖြစ်၏။

ဤ ဒို(လ်)ပို (Dolpo)ဒေသရှိ ကျောက်သလင်းတောင်ကြီးသည်ပင် ရှမ်ဗဲလားဖြစ်ပေသလောဟု စဉ်းစားစရာ ဖြစ်လာသည်။

သို့သော် ထိုစဉ်က ခရီးမဆက်နိုင်။

တိဗက်ပြည်တွင်းရေး ရှုပ်ထွေးလာသဖြင့် ဟိမဝန္တာတောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းတစ်ဝိုက်တွင် လေ့လာခဲ့ပြီး ဒိခင်နိုင်ငံသို့ ပြန်လာခဲ့လေသည်။

ပီတာမက်သီဆင်သည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ခေတ္တနေထိုင်ခဲ့စဉ် ဗုဒ္ဓဘာသာ သူတော်စင်တို့နှင့် ခင်မင်ရင်းနှီးစွာ နေထိုင်ခဲ့ပြီး ဗုဒ္ဓကျမ်းစာများကို လေ့လာခဲ့သည်။

ဤသို့ဖြင့် သူသည် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းရန်ပင် စိတ်အားထက်သန်လာသည်။

သူသာမက သူ့ဇနီးပါ ဗုဒ္ဓဘာသာဝင် သူတော်စင်အဖြစ် ကူးပြောင်းရန် စိတ်အားထက်သန်လာသည်။

သူသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့ရသော်လည်း ဟိမဝန္တာတောင်တန်းဒေသရှိ ရှမ်ဗဲလားရှာပုံတော်ဖွင့်ရန် စိတ်အားထက်သန်လာသည်။

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ် စာကြည့်တိုက်များသို့ သွားရောက်၍ ဗုဒ္ဓဘာသာကျမ်းစာများ၊ နီပေါပြည်၊ တိဗက်ပြည် ခရီးသွားမှတ်တမ်းများ၊ ၁၉ ရာစု ရှမ်ဗဲလားရှာပုံတော် ဖွင့်ကြသည့် မဟာခရီးသည်ကြီးများ၏ မှတ်တမ်းများကို လေ့လာသည်။

ပီတာမက်သီဆင် လေ့လာရသလောက် အများအားဖြင့် ဟိမဝန္တာတောင်တန်းတစ်ရိုးရှိ ဒေသများကို နှစ်ခြမ်း ခွဲခြားခဲ့ကြသည်။





တောင်ဘက်ခြမ်းမှာမူ ဆာဒူးများ၊ ယောဂီပုဂ္ဂိုလ်များ၊ ရသေ့များ၊ တရားရှာမှီးရာ တောရကျောင်းများ၊ လိုဏ်ဂူများရှိသဖြင့် လူအရောက်အပေါက်များပြီး လူသိများသည်။

ဤခရီးစဉ်အကြောင်းကို ခရီးသွားမှတ်တမ်းများတွင် ဖော်ပြခဲ့လေ့ ရှိသည်။

မြောက်ဘက်ခြမ်းကိုမူ လူသိနည်းသည်။

သူ လေ့လာမှတ်သားရသမျှ ရှမ်ဗဲလား မဟာခရီးသည်တို့၏ မှတ်တမ်းများ၊ ဥရောပတိုက်သား ခရီးသည်တို့၏ မှတ်တမ်းများတွင် ပီတာမက်သီဆင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ခေတ္တနေထိုင်ခဲ့စဉ် ဒို(လ်)ပို (Dolpo) ဒေသအကြောင်း ရေးသားဖော်ပြသူ မတွေ့ရသလောက် ဖြစ်သည်။

ထိုဒေသသို့ ဥရောပတိုက်သားတို့ ခြေချဖူးဟန်မတူ။

ပီတာ လေ့လာမှတ်သားရသလောက် ဗုဒ္ဓဘာသာ သူတော်စင်ဂုရုတို့သည် ပါရမီဆက်ရှိသူများကို စောင့်ကြည့်လေ့ရှိသည်ဟု ဆိုကြသည်။

ပါရမီရှင်များ တစ်ကိုယ်ကောင်းစိတ်ကိုပယ်၍ အများအကျိုးဆောင်မည့် သူတော်စင်များကို သူတို့ သီတင်းသုံး တရားဓမ္မ ရှာမှီးသည့် စုံတောမြိုင် ရှမ်ဗဲလားသို့ တစ်ဆင့်စကားဖြင့် ဖြစ်စေ၊ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဖြစ်စေ ဆက်သွယ်လေ့ရှိသည်ဟု ဆို၏။

ရှမ်ဗဲလားမှ ဆရာရှင်များသည် ရှေးဘာဝဟောင်းများစွာက ပါရမီရှိခဲ့သူများကို စောင့်၍ကြည့်ရှုခဲ့ကြသည်။ အချိန်တန်လျှင် ပါရမီရှင် သူတော်စင်တို့အား နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ကြသည်။

တမန်တော် စေလွှတ်၍ သော်လည်းကောင်း၊ သဝဏ်လွှာဖြင့် သော်လည်းကောင်း၊ လမ်းညွှန်များ ပေးပို့လေ့ရှိသည်ဟု ဆိုကြ၏။

သီအိုဆိုဖီအသင်းကြီးကို တည်ထောင်ခဲ့သူ ဗုဒ္ဓဘာသာဝင် ဗိုလ်မှူးကြီး အော်လကော့နှင့် မဒမ်ဗလာဗက်စကီ အပါအဝင် သူတော်စင်ပုဂ္ဂိုလ်ကြီးများအား ရှမ်ဗဲလားမှ ဆရာသခင်၊ သူတော်စင်တို့က လမ်းညွှန် သဝဏ်လွှာများ ပေးပို့ခဲ့သည်။

ယင်း သဝဏ်လွှာပေါင်း စောင်ရေ ၄၀၀ ကျော် ရှိခဲ့သည်။ ယင်း စာလွှာများကို အတွဲ ၇ တွဲ တွဲ၍ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးတွင် ပြသထားလေသည်။

သိပ္ပံသုတေသန ပညာရှင်ဖြစ်ခဲ့သူ ပီတာမက်သီဆင်နှင့် ဇနီးတို့သည် ရှမ်ဗဲလားအကြောင်းနှင့် ဗုဒ္ဓဘာသာကျမ်းစာများကို စုံလင်အောင် လေ့လာခဲ့ကြပြီးနောက် ထူးထူးခြားခြား ပြောင်းလဲ လေ့လာခဲ့သည်။

ပီတာမက်သီဆင်သည် ခရီးသွားမှတ်တမ်းနှင့် တိရစ္ဆာန်များ





အကြောင်း သုတေသနပြု၍ ရေးသားခဲ့သည့်ကျမ်းပေါင်း ၁၃ ကျမ်းနှင့် သုတေသနနောက်ခံ ဝတ္ထုပေါင်း ၆ အုပ် ရေးသားခဲ့ပြီး ဖြစ်သည်။

သူ၏ သုတေသနကျမ်းစာများနှင့် ခရီးသွားမှတ်တမ်းအချို့မှာ စာပေဆုကြီးများ ရရှိခဲ့၏။

ပီတာမက်သီဆင်သည် ဒုတိယအကြိမ် အိန္ဒိယနိုင်ငံသို့ ခြေဆန့်၍ သူ စိတ်ဆန္ဒပြင်းပြနေသည့် ရှမ်ဗဲလားရာပုံတော်ကိုဖွင့်ရန် ဆုံးဖြတ်ထားသည်။

သူ လေ့လာမှတ်သားခဲ့ရာတွင် ပါရမီရှင် ရှမ်ဗဲလားရာပုံတော် ဖွင့်ကြသူများသည် ဒေသန္တရ ခရီးသွားများအဖြစ် လည်းကောင်း၊ သုတေသနပညာရှင်များအဖြစ် လည်းကောင်း၊ ခရီးထွက်ကြရင်း ရှမ်ဗဲလားမှ ဆရာအရှင်များနှင့် တွေ့ကြရသည်ဟု ဆိုလေသည်။

ပီတာမက်သီဆင်သည် ၁၉၆၉ ခုနှစ်က အာဖရိကတိုက်သို့ သွားရောက်၍ တောရိုင်းတိရစ္ဆာန်များ၏သဘာဝကို လေ့လာရန်နှင့် ခရီးသွားမှတ်တမ်းစာအုပ် ပြုစုရန် သွားရောက်ခဲ့၏။

အာဖရိကတိုက် တောရိုင်းတိရစ္ဆာန် အမြောက်အမြား နေထိုင်သည်ဟု နာမည်ကျော်သည့် ဆရင်ဂျီတီဒေသ (Serengeti) တွင် ရုက္ခဗေဒပညာရှင် ဂျော့ရှီလာနှင့် တွေ့ဆုံခဲ့ရာမှ ခင်မင်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောတူသူ သုတေသနပညာရှင်နှစ်ဦးသည် နီပေါနိုင်ငံသို့သွားရောက်၍ ရှိလာက အပြာရောင်သိုးများ (Blue Sheep) နှင့် ပီတာမက်သီဆင်ကမူ နှင်းကျားသစ်များကို လေ့လာရန် ခရီးထွက်ရန် တိုင်ပင်ခဲ့ကြ၏။

ပီတာမက်သီဆင်ကမူ နှင်းကျားသစ် လေ့လာရန်ထက် တိဗက်နိုင်ငံအတွင်းရှိ ဒိုပိုဒေသ (Dolpo)အတွင်းသို့ ဝင်ရောက်၍ ရှမ်ဗဲလားရှာပုံတော်ဖွင့်ရန် ရည်ရွယ်ခဲ့သည်။

ပီတာမက်သီဆင်သည် ၁၉၇၃ ခုနှစ် နှစ်ဦးလောက်ကပင် အိန္ဒိယနိုင်ငံသို့ ကြိုတင်ရောက်လာခဲ့၏။

သူ၏ရည်ရွယ်ချက်မှာ ဟိမဝန္တာတောင်ရိုးတစ်လျှောက်တွင် ကြိုတင်လေ့လာရန်နှင့် ဗာရာဏသီ၊ မိဂဒါဝုန်၊ ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားရောက်ရန် ရည်ရွယ်ထားသည်။

ပထမဆုံး မဟာဗောဓိသို့သွားရန် ဆုံးဖြတ်သည်။

မဟာဗောဓိသည် ဗုဒ္ဓဘာသာဝင်အားလုံးအတွက် အမြတ်ဆုံးနေရာ ဖြစ်သည်။

ထိုနေရာ၌ ဗုဒ္ဓမြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိ ခေါ် သစ္စာအလင်းရောင်ကို ရရှိတော်မူ၏။

ထိုနေရာကို ကျမ်းဂန်များထဲတွင် ဗောဓိမဏ္ဍလ၊ ဗောဓိမဏ္ဍိုင်





ဟု ခေါ်သည်။

ဗုဒ္ဓဘာသာဝင်များ အဓိကထား၍ ဘုရားဖူးသွားရာဒေသ ဖြစ်သည်။

မဟာဗောဓိစေတီတော်ကြီး၏ အုံမခန်း ယဉ်ကျေးမှု လက်ရာများကြောင့် နာမည်ကျော်ရခြင်း ဖြစ်သည်။

ပီတာမက်သီဆင်သည် ဒေလီမှ ဗာရာဏသီသို့ ခရီးဆက်သည်။

ဓာတ်တော်ကြီးများတွင် သူ ဖတ်ရှုလေ့လာခဲ့ရသည့် မြင့်မြတ်သောနေရာအားလုံး သွားရောက်ရန် ဆုံးဖြတ်ထားသည်။

အချိန်တန်လျှင် ရှမ်ဗဲလား သူတော်စင်တို့၏ တမန်တော်များနှင့် တွေ့နိုင်သည်ဟူ၍လည်း ယူဆကောင်း ယူဆပေလိမ့်မည်။

သူသည် ဗာရာဏသီတွင် နာမည်ကျော် ရေချိုးဆိပ်ကြီးသို့ သွားရောက်ခဲ့၏။

ထိုမှတစ်ဆင့် ဗုဒ္ဓဂါယာသို့ ခရီးထွက်ခဲ့သည်။

သူ ရောက်နေသည့်နေရာတိုင်းရှိ ဗုဒ္ဓဘာသာ ဘုရားကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ဝင်ရောက် လေ့လာခဲ့သည်ဟု ဆိုသည်။

ဤကဲ့သို့ ဘုရားဖူးထွက်ခဲ့ပြီး နီပေါပြည်သို့ ခရီးဆက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပီတာမက်သီဆင် ရောက်ရှိသည့်အချိန်မှာ မုတ်သုန်မိုး ဝင်ရောက်သည့်အချိန် ဖြစ်နေသဖြင့် နီပေါပြည် ခတ္တမန္ဒူမြို့တွင် မိုးရာသီကုန်ဆုံးရန် စောင့်ဆိုင်းရပေတော့မည်။

မိုးကုန်မှပင် ဂျော့ရှီလာ လာရောက်လိမ့်မည်ဟု မျှော်မှန်းထားခဲ့သည်။

ပီတာအဖို့ ဟိမဝန္တာတောင်တန်းဒေသအကြောင်း လေ့လာရန် အချိန်ရသွားသည်။

ဟိမဝန္တာတောင်သည် အလွန် ထင်ရှားကျော်ကြားသော တောင်ကြီး ဖြစ်၏။

ထိုတောင်တန်းကြီး၏ အရှည်ထက် ပို၍ ရှည်လျားမည့်တောင်များ ရှိကြသည်။ သို့သော် အမြင့်တွင်မူ ဟိမဝန္တာတောင်ကို မီသည့်တောင် မရှိပေ။

တောင်ထွတ်ပေါင်း ၅၀ ခန့်ရှိရာ ၎င်းတို့အနက် အမြင့်ဆုံးတောင်သည် ပေ ၂၉၀၀၂ ပေရှိသည့် ဧဝရက်တောင် ဖြစ်၏။

ဟိမဝန္တာတောင်အကြောင်းကို အိန္ဒိယရှေးဟောင်းစာပေများနှင့် ပါဠိစာပေများတွင် တခမ်းတနား ရေးဖွဲ့ထားသည်ကို ဖတ်ရှုခဲ့ကြရသည်။

မိလိန္ဒပညာကျမ်းတွင် ဟိမဝန္တာတောင်မင်းအကြောင်း စုံလင်





စွာ ဖော်ပြထားသည်။ ဟိမဝန္တာတောင်မှ မြစ်ကြီးပေါင်းငါးရာ စီးဆင်းသည်ဟု ဆို၏။

ထိုဒေသသည် အမျိုးမျိုးသော သားရဲတိရစ္ဆာန်များ၏ နေရာဖြစ်၏။ အထူးထူးအပြားပြားသော အမွှေးနံ့သာများဖြင့် ကြိုင်လှိုင်နေ၏။

ရာပေါင်းများစွာသော နတ်ဆေးဩသဓများ အပြည့်ရှိသည်ဟု ဆိုကြသည်။ သူတော်စင် သူတော်ကောင်းတို့ တရားဓမ္မရှာမှီးသည့် စုံတော်မြိုင်များလည်း အံ့မခန်းရှိပေသည်။

သို့ဖြစ်၍ ပီတာမက်သီဆင်သည် ခရီးမထွက်မီ ဒွာလာဂီရိ တောင်နှင့် ကေလာသတောင်ထွတ်တို့ကို လေ့လာသည်။

ရှေးဟောင်းစာပေများ၊ ဗုဒ္ဓဘာသာကျမ်းစာများ၊ တိဘက်ဘာသာဖြင့် ရေးသားပြုစုထားသည့် ရှမ်ဗဲလားညွှန်းကျမ်းများကို လေ့လာသည်။

ယခင် ဥရောပတိုက်သားများနှင့် အတူတကွ ခရီးထွက်ရာတွင် ပါဝင်ခဲ့ကြသည့် ဝန်တင်လားသမားများ၊ ရှာပါး (Sherpa) အမျိုးသား အထမ်းသမားများနှင့် လမ်းပြတို့ထံမှ ရနိုင်သမျှ စုံစမ်းမေးမြန်းသည်။

သတင်းအချက်အလက် စုဆောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီ ကုန်ဆုံးလျှင် သူတို့ ခရီးစနိုင်လိမ့်မည်ဟု ခန့်မှန်းထား သည်။ သူ့မိတ်ဆွေကြီး ဂျော့ရှ်လာ ရောက်ရှိလာသောအခါတွင် ခတ္တ မန္တူမြို့မှ မိုင်ပေါင်း ၂၀၀ ကွာဝေးသည့် အင်နာပူရနာတောင်ခြေရင်း ရှိ ပို့ခါရာစခန်းမြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့ကြပြီး ရှမ်ဗဲလား ရှာပုံတော်ဖွင့်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို စခဲ့ကြ ပြန်သည်။

သူတို့နှစ်ဦးသည် ၁၉၇၃ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ တွင် ပို့ခါရာမှ ထွက်ခဲ့ကြသည်။ ခရီးမထွက်မီ နှစ်ရက်ခန့်က ရွာထား ခဲ့သောမိုးကြောင့် ချောင်းရေတို့က လျှံနေသည်။

ပို့ခါရာသည် နာမည်ကျော် အင်နာပူရနာတောင်ခြေတွင် ရှိ သည်။ ပီတာမက်သီဆင်တို့အဖွဲ့တွင် သူတို့နှစ်ဦးအပြင် လမ်းပြ ရှာပါး(Sherpa) အမျိုးသား ၄ ဦးနှင့် နီပေါပြည်သား အထမ်းသမား ၁၄ ဦး စုစုပေါင်း ၂၀ ဦး ပါဝင်သည်။

ရှာပါး (Sherpa) အမျိုးသား ၄ ဦးအနက် ၂ ဦးမှာ တိဘက် ပြည်အတွင်းပိုင်းသို့ ခရီးထွက်ခဲ့ဖူးသူများဖြစ်ပြီး စာပေ အသင့်အတင့် တတ်မြောက်သူများဖြစ်သဖြင့် ရှမ်ဗဲလားဒဏ္ဍာရီများကို ကောင်းစွာ ပြောပြနိုင်ကြသည်။

သူတို့၏ ပြောပြချက်အရဆိုလျှင် ဒို(လ်)ပို (Dolpo)တောင်ထိပ်





တွင် ထူးဆန်းသည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသည်ဟု ဆို၏။

ထို ဘုန်းတော်ကြီးကျောင်းရှိ ဘုန်းတော်ကြီးများသည် အသက် ငါးရာမျှ ရှည်ကြသည်ကို ခန့်မှန်း၍ ခက်ခဲလှသည်ဟု သိရ၏။

ဘုန်းတော်ကြီးကျောင်းရှိ ပိဋကတ်တိုက်ကြီးမှ ဗုဒ္ဓကျမ်း စာအုပ်ပေါင်း ၇၀၀၀ ခန့်ရှိပြီး ကျမ်းစာအုပ်တစ်အုပ် တစ်အုပ်၏ အလေးချိန်သည် ပေါင် ၃၀ ခန့် (သစ်သားပြားကျမ်းစာများ) ရှိမည် ထင်ရကြောင်း သိရသည်။

ထိုဘုန်းတော်ကြီးကျောင်း၏ တစ်ဖက်တွင် ချိုင့်ဝှမ်းကြီးရှိ ကြောင်း သိရပြီး အဆိုပါ ချိုင့်ဝှမ်းကြီး၏အကျယ်အဝန်းမှာ ခန့်မှန်း ခြင်းငှာ မစွမ်းနိုင်ပေ။

ထိုဒေသတွင် ဥယျာဉ်များ၊ စမ်းချောင်းကလေးများ၊ သစ်သီး ခြံများနှင့် သာယာလှပသည့် ယာတောအိမ်များကိုလည်း တွေ့ရ သည်ဟု တစ်ဆင့်စကား တစ်ဆင့်ကြားခဲ့သည်ဟု ပြောပြခဲ့ကြသည်။

ပီတာမက်သီဆင်အဖို့ ရှမ်ဗဲလားသည် ဒို(လ်)ပို (Dolpo) ဒေသ တွင် ရှိနေသည့် ရှေးဂွမ်ပါ (Shey Gompa ) ခေါ် သလင်းတောင်ကြီး အနီးတွင် ရှိနေပေသလောဟု စဉ်းစားစရာ ဖြစ်လာသည်။

သူတို့အဖွဲ့သည် ဒွာလာဂီရိတောင်ခြေကို ဖြတ်သန်းဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကာလိဂန္ဒာကီ (Kali Gan - daki ) မြစ်ကို ဖြတ်ကျော်ခဲ့ကြရပြီး နိုဝင်ဘာလ ၁ ရက်နေ့တွင် ဒို(လ်)ပို (Dolpo) ဒေသအတွင်းပိုင်းသို့ ဝင်ရောက်နိုင်ခဲ့ကြတော့သည်။

လမ်းခရီးတွင် ပီတာမက်သီဆင် တွေ့လိုသော နှင်းကျားသစ်တစ်ကောင်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။ သို့သော် ဖမ်းဆီးနိုင်ခဲ့ခြင်း မရှိပေ။

သူတို့အဖွဲ့သည် မျှော်မှန်းသည့်အတိုင်း ကျောက်သလင်းတောင်ကြီးအနီးသို့ ချဉ်းကပ်နိုင်ခဲ့ကြသည်။ ရာသီဥတုမှာ များစွာဆိုးဝါးနေသည်။

BURMESE CLASSIC .com

အအေးလွန်ကဲလှသည်။

စင်တီဂရိတ် ပြဒါးတိုင်အရဆိုရလျှင် ရေခဲအမှတ်အောက် ၄ ဒီဂရီ ကျရောက်လျက် ရှိနေသည်။

သူတို့အဖွဲ့သည် ယခင်နှစ်ပေါင်းများစွာက ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဗုဒ္ဓပူဇော်ပွဲများ ကျင်းပလေ့ရှိသည်။ ရှေး(Shey) ဟုခေါ်သော နေရာသို့ ရောက်ခဲ့ကြရသည်။

ယင်းဒေသပင်လျှင် ပေပေါင်း ၁၆၉၀၀ ကျော် မြင့်နေသည်ဟု ဆိုသည်။ သူတို့စခန်းချခဲ့ရသည့်နေရာမှ စည်သံများ၊ ဘုရားဝတ်ပြုသံများ၊ ဗုဒ္ဓကျမ်းစာများ ရွတ်ဖတ်သံများ ကြားခဲ့ရသည်ဟု





ဆိုသည်။

သို့သော် ဆိုးဝါးလာသည့် ရာသီဥတု၊ ရိက္ခာအခက်အခဲ စသောအကြောင်းအမျိုးမျိုးကြောင့် ပီတာတို့အဖွဲ့သည် ရှေ့သို့ မဆက်နိုင်ခဲ့ပေ။

အဖွဲ့သားအချို့မှာလည်း ကျန်းမာရေး ချို့တဲ့နေပြီဖြစ်သဖြင့် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဒို(လ်)ပို (Dolpo) ဒေသမှ ပြန်လှည့်လာခဲ့ရတော့သည်။

ပီတာမက်သီဆင် ပြန်လည်ထွက်ခွာလာခဲ့ပြီးနောက် 'နှင်းကျားသစ်' (The Snow Leopard) ဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့လေသည်။

ထိုစာအုပ်သည် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရသည့်စာအုပ်လည်း ဖြစ်၏။

ပီတာမက်သီဆင်သည် နှင်းကျားသစ်ကို ရှာဖွေသည်ထက် ဘာသာရေးဆိုင်ရာ ငြိမ်းချမ်းမှုကို ရှာဖွေသည့်ခရီး (Spiritual Quest) ဖြစ်ပေလိမ့်မည်ဟု ဆိုကြသည်။

တကယ်တော့ ငြိမ်းချမ်းသာယာသော နေရာအတော်များများရှိကြလေသည်။

ထိုနေရာများသည် သာမန်လူတို့ မရောက်နိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ ကံကောင်းထောက်မပြီး မျက်စိလည်လမ်းမှားပြီး ရောက်သွားခဲ့သော်လည်း မည်သည့်နေရာမျိုးမှန်း မသိနိုင်ကြပေ။

ယခု နီမောင်တို့ သုံးယောက်မှာလည်း ထိုကဲ့သို့အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ကြရခြင်း ဖြစ်ပေတော့သည်။

သို့သော်လည်း သူတို့သုံးယောက်စလုံး ထိုနေရာနှင့် ပတ်သက်သောအကြောင်းအရာများကို မေ့ပျောက်နိုင်ကြမည် မဟုတ်တော့ပေ..။





အခန်း [၆]

## ထိုတ်ဆတ် နဝါးဆတ် ရှိကြသူများ

ကခုံကနီသည် မြန်မာပြည်တောင်ဘက်ဖျားတွင်ရှိသော လူနေမြို့ရွာများထဲတွင် အစွန်ဆုံးနေရာတွင် ရှိသည်။

ဘိုကလေးမြစ် အရှေ့ဘက်ကမ်း၌ ရှိသော အမာရွာနှင့် အဆက်အသွယ်ရှိခြင်း၊ အနောက်ဘက်၌ရှိသော ရေရွာနှင့် နေပြည် အဆက်အသွယ်ပြုနိုင်သောကြောင့် စည်ကားမှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကလေးမြို့မှ သော်လည်းကောင်း၊ ရန်ကုန်မြို့မှ သော်လည်းကောင်း နေ့စဉ် သင်္ဘောများ အဝင်အထွက်ရှိသောကြောင့်လည်း မြို့တစ်မြို့အသွင်ပြောင်းကာ နေထိုင်သူများလေသည်။

ရှေးအခါက ဘိုကလေးမြစ် အရှေ့ဘက်ကမ်းတွင် စည်ကားသော 'ပြင်ဒရယ်'ဟု အမည်ရှိသော မွန်တို့နေထိုင်သော မြို့ကြီးတစ်မြို့ ရှိခဲ့သည်။

ပြင်ဒရယ်မြို့ကြီး ကောင်းစားစဉ်က ကဒုံမြို့ဖြစ်လာမည့်နေရာမှာ သာမန် ငါးဖမ်းသူတို့ အခြေချနေထိုင်သော နေရာတစ်ခုသာ ဖြစ်သည်။

ရှေးအခါက မြစ်မှာလည်း သိပ်မကျယ်ဝန်းသေးဘဲ ဟိုဘက်ကမ်း ဒီဘက်ကမ်း အလွယ်တကူ သွားလာနိုင်သည့် အခြေအနေမျိုးရှိကြောင်း ရှေးကလူများက ပြောစမှတ်ပြုကြသည်။

နောက်ပိုင်း ပြင်ဒရယ်မြို့ကြီး ပျက်စီးသွားခဲ့ပြီး နောက်ပိုင်းမှာလည်း မွန်အဆက်အနွယ်အချို့သည် ထိုနေရာတစ်ဝိုက်ရှိ ရေကြည်ရာ၊ မြက်နုရာ နေရာများ၌ အခြေချနေထိုင်ခဲ့ရာမှ မြို့ရွာများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

၎င်းတို့ တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားများမှာပင် ယခုအခါ အချို့ တွေ့နိုင်ပေသည်။





ကဒုံကနီဘက်မှ 'မရမ်းချောင်းဘုရား'နှင့် မိန်းမလှကျွန်းပေါ်မှာရှိသော မျောက်တစ်ရာဘုရားတို့မှာ ယခုထက်တိုင် ထင်ရှားစွာ မြင်တွေ့နိုင်ပေသေးသည်။ အချို့ ပျက်စီးနေပြီဖြစ်သော နေရာဟောင်းများလည်း အတော်များများ ရှိလေသည်။

ပြင်ဒရယ်မြို့ကြီး ပျက်စီးသွားပြီးနောက် ထိုမှ လူများသည် အခြားနေရာသို့ မသွားကြတော့ဘဲ ထိုနေရာတစ်ဝိုက်မှာ ကျေးရွာများ တည်ထောင်ပြီး နေခဲ့ကြရာမှ နောက်ပိုင်း အချို့နေရာများမှာ မြို့ငယ်ကလေးများအသွင် ပြောင်းလဲ တိုးတက်လာခဲ့လေသည်။

ကပ်ပနန်း(ကပ္ပနန်း)၊ ကဒုံကနီ၊ ဇရော၊ အမာ၊ ပြင်ဒရယ် အစရှိသော အမည်များမှာ မွန်အမည်များ ဖြစ်ကြလေသည်။

ကပ္ပနန်းမှာ - စစ်သားတည်သော ရွာ၊
အမာမှာ - အမတ်ကြီးတည်သော ရွာ၊
ပြင်ဒရယ်မှာ - ပင်လယ်ကမ်းခြေသို့ ပြောင်းရွှေ့တည်သော ရွာ၊
ဇရော မှာ - တပ်ကြပ်ကြီးတည်သော ရွာ
ကဒုံကနီမှာ - အငူပေါ်သို့ ပြောင်းရွှေ့တည်သော ရွာ

ဟု အမည်အမျိုးမျိုး အဓိပ္ပာယ်အမျိုးမျိုး ရှိကြလေသည်။

ဇရောရွာအနီး တောက်တာကုန်းဒေသတွင် ရှေးက မွန်အဆက်အနွယ်တို့ ဆောက်လုပ်လှူဒါန်းထားခဲ့သော ဘုရားအိုး၊ ကျောင်းအို



www.burmeseclassic.com

www.burmeseclassic.com



များ ရှိသေးသည်။

ကဒ့်ကနီ၏မြောက်ဘက် မရမ်းချောင်အတွင်းပိုင်းတွင် ရှေးက မွန်အဲဆက်အနွယ်များ တည်ထားခဲ့သော အပြီးမသတ်သေးသည့် စေတီပေါင်းကြီးတစ်ဆူ ယခုထက်တိုင် ရှိနေသေးသည်။

ရန်ကုန်မှ တိုက်ရိုက်ပြေးဆွဲသော သင်္ဘောများ၊ ဘိုကလေးမြို့မှ နေ့စဉ်ပြေးဆွဲနေသည့် သင်္ဘောများ နေ့စဉ်အဝင်အထွက် ပြုသည့် အပြင် ဇရာရွာ၊ အမာရွာတို့ အလယ်တွင်ရှိပြီး နေ့စဉ် အစာက် အသွယ်ပြုနေကြသောကြောင့် ကဒ့်ကနီသည် နေ့ချင်းညချင်း ပြောင်းလဲတိုးတက်လာခြင်း ဖြစ်ပေသည်။

ကဒ့်ကနီတွင် ရွှေစာရံစေတီကော် အပါအဝင် ဘုရားကျောင်း ကန်များလည်း ရှိဝေရာ ဘာသာရေးနှင့်ပတ်သက်ပြီး အလေးထားမှု ရှိကြလေသည်။

ထို့ပြင် ကဒ့်ကနီမှ ရှင်ဥပဂုတ္တဖောင်တော်မျှောပွဲကိုလည်း နှစ်စဉ် ပြုလုပ်လေ့ရှိကြသည်။

(၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် စက်သုံးလုံး ဆရာတော် ဦးဝါသေဠ ဦးဆောင်ပြုလုပ်သော ရှင်ဥပဂုတ္တ ဖောင်တော်မျှောမျှ ပူဇော်ပွဲသို့ ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ဖူးပြီး ကိုယ်တိုင်လည်း စက်လှေဖြင့် ပင်လယ်ထဲရောက်သည်အထိ လိုက်သွားခဲ့ဖူးပါသည်။





ယခု ရေးသားသောစာတ်လမ်းနှင့် အကြောင်းအရာများမှာ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တွေ့ခဲ့ရသော ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များကို စာတ်လမ်းဖွဲ့ပြီး ရေးသားခြင်း ဖြစ်ကြောင်းလည်း ဝန်ခံရပေမည်။)

ယခုနှစ်လည်း ဆရာတော် ဦးဝါသေဠကပင် ကမကထပြု၍ ရှင်ဥပဂုတ္တဖောင်တော်မျှောမျှပွဲကို ပြုလုပ် ဆောင်ရွက်နေကြလေသည်။

ကဒ့်ကနီရွာ၏ တောင်ဘက်ပိုင်းတွင် လူနေအိမ်ခြေ သိပ်မများ တော့ဘဲ သမဲ့တော ၊ လမုတောများသာ ရှိသည်။

ထိုတောများအတွင်းမှ တောင်ဘက်ကမ်းခြေဘက်သို့ ဆင်းနိုင်ရန် လမ်းတစ်ခု ဖောက်လုပ်ထားသည်။

ထိုလမ်းပေါ်မှာ လူသွားလူလာများ ရှုပ်ထွေးနေလေသည်။ ကဒ့်ကနီမြို့တွင်းမှ ထိုနေရာသို့ရောက်အောင် အတော်ကလေး ခရီး လှမ်းလေသည်။

မြို့စွန်ဘက်တွင် ကဒ့်ကနီသုသာန်ရှိပြီး ထိုသုသာန်မှ ကျော်ပြီး အတော်ကလေး ခရီးဝေးနေသေးသည်။ သို့သော်လည်း ထိုလမ်းတစ်လျှောက်မှာ လူသွားလူလာများ စည်ကားနေလေသည်။

ရှင်ဥပဂုတ္တဖောင်တော်မျှောပွဲသို့ သွားကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကတော့ သဘာဝသဲလမ်းများသာ ဖြစ်သည်။ ထိုသဲလမ်းများပေါ်မှာ ခြေရာချင်းထပ်၊ လူချင်းညပ်နေတော့သည်။

ရွာနယ်နိမိတ် မလွန်ခင်က အုန်းတောများ တွေ့ရသေးသော်လည်း ကမ်းခြေနှင့်နီးလာသည့်နေရာများ ရောက်သောအခါ ကန့်ဗလာပင်၊ သမဲ့ပင်၊ လမုတောများသာ တွေ့ရတော့သည်။

ထိုသစ်တောများအတွင်းမှ ဖောက်ထားသော သဲလမ်းအတိုင်း တောင်ဘက်သို့ ဆင်းသွားပါက ပင်လယ်ကမ်းခြေသို့ ရောက်လေသည်။ ဟိုဘက်ကမ်းခြေမှာ တောင်ဘက်မြစ်ဝကျွန်းပေါ် မြေနယ်နိမိတ်အဆုံးပင် ဖြစ်ပေတော့သည်။

ထိုနေရာတွင် ကျယ်ပြန့်သော သောင်ပြင်ကြီးများ တစ်မျှော်တစ်ခေါ် ရှိနေသည်။ ထိုသောင်ပြင်များပေါ်မှာလည်း လူများကဖွေးနေလေသည်။

ကဒုံကနီမှ လူများသာမက ဇရာ၊ အမာ စသော နေရာများအပြင် အခြားရွာများ၊ ကျွန်းများမှ လူများလည်း လာရောက် ပူဇော်ကြလေသည်။

ပင်လယ်နှင့် နီးသောနေရာများတွင် နေထိုင်လုပ်ကိုင် စားသောက်ကြသူများအတွက် တောင်သမုဒ္ဒရာ ပင်လယ်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့် စံနေတော်မူသော ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်





ကို ပူဇော်သောအလုပ်မှာ များစွာအရေးပါသောကိစ္စ ဖြစ်လေသည်။

ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကို ပူဇော်ရခြင်းအကျိုးကြောင့် လေမိုး ဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်သည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်ပေသည်။

သောင်ပြင်ပေါ်မှာ ရှင်ဥပဂုတ္တပူဇော်ပွဲသို့ လာရောက်ကြသူများပြားရခြင်းမှာ ကဒုံကနီနှင့် ရောရွာကြားမှာ နေထိုင်သော ရွာများမှ လာရောက်ကြခြင်းကြောင့်လည်း ဖြစ်သည်။

တောက်တာကုန်း၊ အုန်းပင်စု၊ တောင်ယာကြီး၊ လတာချောင်း၊ သမ္မစိတ္တ၊ သပြေရိုး၊ သဘောအိုင်၊ ဆေးရိုးကုန်း၊ လေးအိမ်တန်း၊ သောင်တာ၊ ဝါးတောကုန်း၊ ရွာသာယာ၊ ရေကျော်ကြီး၊ ခေါင်းကြီးကျွန်း စသော ကျေးရွာများမှ လူများပင် လာရောက် ပူဇော်ကြသောကြောင့် ထိုမျှ ပရိသတ်များ များပြားနေခြင်း ဖြစ်ပေသည်။

ဖောင်တော်မျှောချပူဇော်ပွဲကို စက်သုံးလုံး ဆရာတော် ဦးဝါသေဋ္ဌကပင် ဦးဆောင်စီစဉ်ပြီး ဒကာ၊ ဒကာမများက ဝိုင်းဝန်း ကူညီလုပ်ဆောင်ကြခြင်း ဖြစ်ပေသည်။

ဖောင်တော်ကို ရေစပ်သောင်ပြင်ပေါ်မှာ တင်ထားသည်။ အောက်တွင် အလုံပိတ်ထားသော သံစည်ပိုင်းများ ခံထားပြီး အပေါ်မှ ဝါးပိုးဝါးများဖြင့် ဖောင်ဖွဲ့ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေဒဏ်မိုးဒဏ်၊ လှိုင်းပုတ်သည့်ဒဏ်များ ခံနိုင်စေရန် ခိုင်ခံ့အောင်လည်း တုပ်နှောင်ထားသည်။ ဝါးဖောင်ပေါ်မှာ ပြာသာဒ် ပုံသဏ္ဌာန် အဆောင်ပြုလုပ်ထားသည်။

ပြာသာဒ်ဆောင်အတွင်းမှာတော့ အတော်အတန် ကြီးမားသော ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ပုံတော် ရှိသည်။

ပုံတော်မှာ အများလုလုပ်ကိုးကွယ်သည့်အတိုင်း ထွမ်းဘုဦးပေးခါးတွင် ကောင်းကင်မှ နေမင်းကို မော့ကြည့်နေသော ပုံသဏ္ဌာန်ပင်ဖြစ်သည်။

ပုံတော်ရှေ့မှာတော့ လှပသော ပန်းများ၊ ဆီမီးတိုင်၊ အမွှေးတိုင်များ၊ သစ်သီးဆွမ်းပွဲများနှင့် ကပ်လှူပူဇော်ထားသည်။

ဖောင်တော်မျှောခင် ဒေသမှာရှိသော ပရိတ်အသင်း၊ ဝတ်အသင်းများမှ အလှည့်ကျ ပူဇော်ကြလေသည်။ ပူဇော်ပွဲသို့ လာရောက်ကြသူများကလည်း လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ကြပြီး ဘေးအန္တရာယ် ကင်းဝေးစေရန် ဆုတောင်းသမှု ပြုကြလေသည်။

ဖောင်တော်ပေါ်မှာ ထူးခြားသော ရုပ်တုနှစ်ခုကိုလည်း ပြုလုပ်ပြီး တပ်ဆင်ထားသည်။

အခြားမဟုတ်ပေ ..။ အမောက်ထောင်နေသော အစိမ်းရောင် နဂါးကြီးနှစ်ကောင်တို့၏ရုပ်တုပင် ဖြစ်ပေသည်။ ထုလုပ်ထားပုံမှာ





လက်ရာမြောက်လှသောကြောင့် တကယ့်နဂါးအစစ်နှင့်မခြား ပုံသဏ္ဌာန် တူလှပေသည်။

အချို့ကလည်း ရှင်ဥပဂုတ္တရုပ်တုတော်အား ပူဇော်ပြီးလျှင် ထိုနဂါးရုပ်တုကြီးနှစ်ခုအား ပန်း၊ နံ့သာ စားသောက်ဖွယ်ရာတို့နှင့် နဂါးစာ ကျွေးကြသည်။

အများအားဖြင့်တော့ ယောကျ်ားများက မိမိတို့ ပင်လယ်ထွက်ပြီး အလုပ်လုပ်ကြသောအခါ ဘေးအန္တရာယ်များ ကင်းဝေးပါစေရန် နဂါးရုပ်တုများမှာ ဆုတောင်းသမှု ပြုကြခြင်း ဖြစ်သော်လည်း အမျိုးသမီး အတော်များများကတော့ မိမိတို့မှာ သိုက်ဆက်၊ နဂါးဆက် ရှိသူများဖြစ်ကြောင်း၊ နဂါးပြည်မှ လာရောက်သည်ဟု စွဲလမ်းယုံကြည်မှုများ ရှိသောကြောင့် နဂါးရုပ်တုများအား ပူဇော်ပသကြခြင်း ဖြစ်ပေသည်။

လူတို့ကို လှည့်စားတတ်သော အလှည့်ငါးမျိုးရှိသည်။ ဝိဇ္ဇာအလှည့်၊ သိုက်အလှည့်၊ ရာဇာအလှည့်၊ နတ်အလှည့်နှင့် ဆရာအလှည့်တို့ပင် ဖြစ်သည်။

သိုက်အလှည့်နှင့်ပတ်သက်ပြီး 'ဝေပုလ္လာရာမဆရာတော်' ရေးသားပြုစုသော 'ဝိဇ္ဇာဓရဝကာသဏီကျမ်း'၌ အောက်ပါ အတိုင်း ဖော်ပြထားသည်ကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်အလှည့်ဆိုသည်မှာ ...

လောကနယ်ဂယ်တွင် သိုက်နှင့်ပတ်သက်၍ လှည့်ပတ်မှု ဖြစ်သည်။ သိုက်ဆိုသည်မှာ စတုမဟာရာဇ်နတ်ဘုံ အနွယ်ပင်ဖြစ်သည်။ စတုမဟာရာဇ် နတ်စစ်စစ်တော့ မဟုတ်လှပေ။

ကုသိုလ်ကံ ကုသိုလ်ဝိပါက် အားနည်းလှပြီး အကုသိုလ်ကံ၊ အကုသလဝိပါက် အားကြီးလှသောကြောင့် ဘုမ္မစိုးနတ်များ၏ အောက်၊ ပြိတ္တာနွယ်ဝင်၊ ပြိတ္တာအဖြစ် များစွာဖြစ်တည်ကြပါ သည်။

ဤတွင် ဘုရားသိုက် အကြီးစား၊ ပညာသိုက်၊ ဥစ္စာစောင့်သိုက် အငယ်စားများ ဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။

ထိုသုံးမျိုးသုံးစားတို့တွင် ဘုရားသိုက်ကြီးများနှင့် ပညာသိုက်ကြီးများတို့၏ ဥစ္စာစောင့်များမှာ ကမ္မဇိဒ္ဓိ တန်ခိုးကြီးမားတတ်ကြပါသည်။

သိုက်စောင့်များ၊ သိုက်ချုပ်များနှင့် သိုက်အနေအထားများမှာ အဆင့်အတန်းမြင့်နေတတ်ပါသည်။

သာမန် ဥစ္စာစောင့် သိုက်အငယ်စားများမှာမူ ကမ္မဇိဒ္ဓိတန်ခိုး သေးငယ်လှကုန်၏။

မည်သို့ပင် ကမ္မဇိဒ္ဓိ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကျမ်းဂန်စာပေများအရ ပြိတ္တာမျိုးနွယ်များသာ ဖြစ်ကြရကုန်၏။





များသောအားဖြင့် အစောင့်အရှောက်များသည်လည်း ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ ဘီလူးများ၊ သရဲသဘက်များ၊ ပြိတ္တာများ၊ မိချောင်းများ၊ ပျားပိတုန်းများ၊ မြွေများ၊ နဂါးများ စသည်တို့ ဖြစ်ကြကုန်၏။

မြန်မာနိုင်ငံအတွင်း၌ သိုက်လှည့်ဖြင့် လှည့်တတ်ကြသည့် ပုဂ္ဂိုလ်များသည် များသောအားဖြင့် နဂါးကိုသာ သိထားကြသည် ဖြစ်သောကြောင့် သိုက်လှည့်လျှင် ...

“နင့်ကို နဂါးသိုက်က ခေါ်တော့မယ်၊ နင်သေရင် နဂါးသိုက်ထဲ ပြန်ရောက်မယ်” စသည်ဖြင့် သိုက်လှည့်ဖြင့် ခြိမ်းခြောက်တတ်ပါသည်။

ထိုပုဂ္ဂိုလ်များသည် နဂါးတစ်မျိုးကိုသာသိ၍ ကျန်သည့် ဘုမ္မစိုးသိုက်၊ ရုက္ခစိုးနတ်သိုက်၊ ဘီလူးသိုက်၊ မိချောင်းသိုက်၊ ပိတုန်းသိုက်တို့ကို မသုံးတတ်ခြင်း၊ မကျွမ်းကျင်ခြင်း၊ တစ်ခါမှ မသုံးဖူးခြင်းတို့ကြောင့် ကျန်သည့် ထိုသိုက်များကို မလှည့်တတ်၊ မသုံးတတ်ကြခြင်း ဖြစ်သည်။

ရှေးမှတ်တမ်းမှတ်ရာများ၊ ရှေးလောကီကျမ်းစာများအရမူ မြန်မာနိုင်ငံအတွင်း သိုက် စုစုပေါင်းမှာ (၉၉၉၉၉၉) (ကိုးသိန်း ကိုးသောင်း ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ့်ကိုး) ရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိထားခဲ့ရပါသည်။

ထိုကဲ့သို့ မာယာများသော အလှည့်များကို ယောက်ျားများ ထက် မိန်းမများက ပို၍ခံကြရလေသည်။

အများအားဖြင့်တော့ အမျိုးသမီးများ ချောမောလှပ တင့်တယ် လာပါက သိုက်ကလာသည်၊ သိုက်ဆက်ရှိသည်၊ နဂါးပြည်က လာ သည်၊ နဂါးဆက်ရှိသည်ဟု ထင်ကြေးဖြင့် ပြောဆိုကြလေသည်။ အပြောခံရသူကလည်း ယုံကြည်မှုရှိသည်။

အချို့က ထိုသို့အပြောခံရသည်ကိုပင် သဘောကျသည်။ တစ် ဆက်တည်း မာနကြီး၍ ဘဝင်မြင့်ကြသည်မျိုးပင် ရှိတတ်ကြသည်။

"ငါက သာမန်ဘဝက လာတာမဟုတ်ဘူး။ တန်ခိုးရှိတဲ့ သိုက် ထဲကလာတာ၊ တန်ခိုးရှိတဲ့ နဂါးဆက်က လာတာ"

ဟုပင် ပြောဆိုတတ်ကြသေးသည်။

၎င်းတို့သည် ထိုသို့ပြောဆိုကြသော်လည်း စိုးရိမ်ကြောက်လန့် သော အရာတစ်ခုတော့ ရှိသည်။

အခြား မဟုတ်ပေ ...။

"နင့်ကို အသက် ဘယ်နှစ်နှစ်ကျရင် သိုက်ထဲက ပြန်ခေါ်လိမ့် မယ် ...၊ သိုက်ထဲကို ပြန်သွားရမယ်၊ နဂါးပြည်ကို ပြန်သွားရမယ်"

ဟူသော စကားမျိုးပင်ဖြစ်သည်။





သိုက်ကလာသည်ဟု အပြောခံရသည်ကို ဂုဏ်ယူတတ်ကြ သော်လည်း သိုက်ထဲပြန်ရမည်၊ နဂါးပြည်သို့ ပြန်ရမည်ကိုတော့ စိုးရိမ် ကြောက်ရွံ့ကြလေသည်။

ထိုကဲ့သို့သော အစွဲအလမ်းများရှိသောကြောင့် အခြားသူများ ၏ လှည့်စားခြင်းကို ခံကြရခြင်းဖြစ်သည်။

ယခုလည်း ရှင်ဥပဂုတ္တဖောင်၌ တပ်ဆင်ထားသော နဂါးရုပ် အနီးတွင် အမျိုးသမီးများ ဝိုင်းဝိုင်းလည်နေကြလေသည်။

ဤသို့ပင်လျှင် ...

အနယ်နယ်အရပ်ရပ်မှာရှိသော နတ်ကန္နားပွဲများနှင့် ထူးခြား သော ရုပ်တုများ ပေါ်ပေါက်လာပါက နတ်စွဲသိုက်စွဲရှိသော အမျိုး သမီးများသာ ဝိုင်းဝိုင်းလည်နေကြခြင်း ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၇ ]

## မြထပ်းကျွန်းနှင့် မျှော်လင့်ထဲ တွေ့ရခြင်း

ပင်လယ်ဘက်မှ ကဒုံကနီကျွန်းသို့ လှေတစ်စင်းလာနေလေသည်။ ရေစုန်လေစုန်ဖြစ်သဖြင့် ရွက်ဖွင့်လာကြခြင်း ဖြစ်သည်။

ပင်လယ်ပြင်မှာ လေတိုက်နှုန်းကောင်းသောကြောင့် ရွက်ဖြင့်လေကြောင်းမိပြီဆိုပါက တော်ရုံစက်ဖြင့် မောင်းသောလှေမင် မမီနိုင်ပေ။ ထို့ကြောင့် ရှေးအခါက စက်မရှိသေးသောကြောင့် ရွက်များကိုသာ အသုံးပြု၍ သွားလာကြရခြင်း ဖြစ်ပေသည်။





လှေမှာ နီမောင်တို့ ငါးဖမ်းထွက်ရာတွင် အသုံးပြုသော လှေကြီးဖြစ်ပြီး လှေပေါ်၌ နီမောင်၊ စောထီး၊ ငမဲအောင်တို့အပြင် ဦးမွန်ထော်လည်း ပါလာလေသည်။

ဦးမွန်ထော်လည်း ကျောက်ပြာသာဒ်ကျွန်း၌ နေထိုင်သူ ဖြစ်ပေသည်။ သူတို့လေးယောက်မှာ တစ်နှစ်တစ်ခါ ကျင်းပသော ရှင်ဥပဂုတ္တ ဖောင်တော်မျှောပွဲသို့ လိုက်ပါရန်အတွက် ကျောက်ပြာသာဒ်ကျွန်းမှ တကူးတကလာကြခြင်း ဖြစ်သည်။

ထိုသို့ လာဖြစ်ကြခြင်းမှာလည်း နီမောင်တို့သုံးယောက်က ကျွန်းတိုင်းမိစဉ်က ရောက်သွားခဲ့သော ရွာသာယာအကြောင်းကို ဦးမွန်ထော်အား ပြောပြခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

"နေရာဘကာမှာတော့ ငါတို့လိုလူတွေ မသိနိုင်တဲ့ ထူးဆန်းတဲ့အကြောင်းအရာတွေ အများကြီး ရှိနေတာပေါ့၊ ပင်လယ်ထဲမှာလည်း ထူးဆန်းတဲ့နေရာတွေ ရှိမှာပေါ့၊ မင်းတို့ရောက်သွားတဲ့ရွာ ဆိုတာ အတယ်ရှိနေတဲ့ ရွာတစ်ရွာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် တန်ခိုးရှိတဲ့သူတွေရဲ့ ဖန်ဆင်းထားတဲ့ နေရာတစ်ခုလဲ ဖြစ်နိုင်တာပေါ့..၊

ဒါပေမယ့် ဘုရားစေတီနဲ့ ရဟန္တာရုပ်ပွားတော်တွေပါ တွေ့ခဲ့တယ်ဆိုတော့ အနိမ့်စား၊ အညံ့စား မိစ္ဆာမျိုးတွေထဲက မဟုတ်တာတော့ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ၏ထင်မြင်ချက်ကို ပြောသည်။

ဦးမွန်ထော်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဝမ်း... အတွက် ငါးရှာနေရသော်လည်း အတန်အသင့် ဗဟုသုတ ပြည့်... တစ်ဦး ဖြစ်ပေသည်။

"ကဒ့်ကနီမှာ ရှင်ဥပဂုတ္တ ဖောင်တော်မျှောချပူဇော်ပွဲ ရှိတ... ဆိုတာလဲ သူတို့ပြောလိုက်လို့ သိခဲ့ရတာ အဘရဲ့"

"ဒီလိုဆိုရင်တော့ မင်းတို့ကို ဘာသာရေးနဲ့သက်ဆိုင်တဲ့ အ... တွေ လုပ်စေချင်လို့ ပင်လယ်စောင့်နတ်တွေက ဖန်ဆင်းပြီး ... လိုက်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီလိုဆိုတော့လဲ ကောင်းတာပေါ့ အဘရာ..၊ ကျွန်တော်... နေတဲ့ ကျွန်းပေါ်မှာကတော့ ဘုရားရှိခိုးတာတောင် မကြိုက်ကြ... ဆိုတော့ ကျုန်တာတွေလုပ်ဖို့ဆိုတာကတော့ ဝေလာဝေးပါပဲ"

"ငါတို့က ဘဝပေးကုသိုလ်ကံ မကောင်းကြလို့ ဒီလို... မျိုးမှာမှ လာနေကြရတာကိုးကွ ..၊ ဒါလဲ ဝမ်းနည်းနေစရာ... မဟုတ်ပါဘူး .. ကိုယ့်စိတ်ထဲက အမှန်တရား သိနေဖို့ပဲ အ... မကြီးပါဘူး အသံထွက်ပြီး ဘုရားမရှိခိုးရတော့လဲ စိတ်ထဲမှာ အ... ထားနိုင်ရင် ပြီးတာပါပဲ..၊

ကိုယ် ကောင်းတာလုပ်နေတာကို တခြားလူတွေသိဖို့ ...





...ထက် ကိုယ့်ကိုယ်ကိုယ်တိုင် သိနေဖို့ပဲ အရေးကြီးပါတယ်"

ဟု ဦးမွန်ထော်က ကွမ်းကာမြုံ့မြုံ့ဝါးရင်းနှင့် ပြောပြလေသည်။

...တို့လေးယောက်မှာ နံနက်စောစောအချိန်ကတည်းက ကျွန်းပေါ် ...ထွက်လာကြရာ မွန်းလွဲပိုင်းအချိန်ကျော်သောအခါ က...ကျွန်းသို့ ...ရောက်လာကြလေသည်။

ကမ်းခြေသို့မရောက်ခင် အဝေးမှာရှိနေစဉ်ကတည်းက ကမ်း...ခြေသောင်ပြင်ပေါ်မှာ ဖွေးဖွေးလှုပ်နေသော လူသံများကို ကြားရ...သည်။ ဖောင်တော်ပေါ်တွင် တပ်ဆင်ထားသော အသံချဲ့စက်အသံ...များကို ကြားကြရသည်။

ကမ်းနှင့်မနီးမဝေး ရေပြင်ပေါ်မှာလည်း အခြားကျွန်းများမှ ...လာကြသော လှေများကို လှမ်းမြင်ရသည်။

မကြားရတာကြာပြီဖြစ်သော အသံချဲ့စက်သံကြားရပြီး လူတွေ ...အများကြီး လှမ်းမြင်ရကတည်းက စိတ်ထဲ၌ ပျော်ရွှင်လာသကဲ့သို့ ...ဖြစ်လာလေသည်။

ကမ်းခြေသို့ရောက်သောအခါ လှေကို သောင်ပြင်ပေါ်ဆွဲတင် ...ပြီး ဘိုင်ငုတ်ရိုက်ကာ ကြိုးဖြင့် ခိုင်အောင် ချည်ထားလိုက်လေသည်။

လေးယောက်သား လှေပေါ်မှာပါသော ပစ္စည်းအချို့ကို သိမ်း...ဆည်းထားခဲ့ပြီး ဖောင်တော်ရှိရာသို့ သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဟိုရောက်ရင် ဘာလှူရရင် ကောင်းမလဲဟင်"

"ဒါတို့မှာ ဘာမှမပါလာဘူး ..၊ ဟိုနေရာရောက်တော့မှပဲ အခြေအနေကြည့်ပြီးတော့ ဝယ်လှူရတော့မှာပဲ"

ဟုပြောပြီး သောင်စပ်မှ လျှောက်လာရင်း ဈေးသည်တစ်ယောက်နှင့် ဆုံမိလေသည်။ နီမောင်သည် ထို ဈေးရောင်းသည့် အမျိုးသမီးကို မြင်သောအခါ များစွာအံ့ဩသွားသဖြင့် တစ်ချက်ကြည့်လိုက်သည်။

အမျိုးသမီးကလည်း ပြန်အကြည့်နှင့် အကြည့်ချင်းဆုံသောအခါ သူမက ပြုံးပြလေသည်။

"အစ်ကိုတို့ ပန်းလှူဖို့ ဝယ်သွားကြပါဦးလား ..၊ သပြေပန်းနဲ့ စံပယ်ပန်းတွေ ပါတယ်၊ ခရေပန်းကုံးတွေလည်း ကျန်သေးတယ်"

ဟု ပြောသဖြင့် နီမောင်က ခေါင်းညိတ်ပြလိုက်ရာ သူမက အနားလျှောက်လာပြီး ဈေးတောင်းကို ချပြသည်။

"ဒီပန်းတွေက ကျွန်မတို့ ခြံထဲကခူးလာတဲ့ပန်းတွေချည်းပါ ပဲ.. လတ်လတ်ဆတ်ဆတ် လန်းလန်းဆန်းဆန်းဆိုတော့ ဘုရား လှူရတာ ကောင်းတာပေါ့"

ဟု ပြောသဖြင့် နီမောင်တို့က လေးယောက်စာအတွက် ဘုရားပန်းများ ဝယ်လိုက်ကြလေသည်။





ဘုရားပန်းရောင်းသောအမျိုးသမီးကို မြင်သောအခါ နီမောင်သာ မဟုတ်ဘဲ စောထီးနှင့် ငမဲအောင်တို့လည်း အံ့ဩနေကြလေသည်။ အဘယ်ကြောင့်ဆိုသော် ...

ပန်းရောင်းသော အမျိုးသမီး၏မျက်နှာမှာ ရွာသာယာ၌ တွေ့ခဲ့သော မြနှင်းဖြူ၊ မြဝင်းသူတို့ ညီအစ်မနှစ်ယောက်၏ မျက်နှာနှင့် တစ်ထေရာတည်း တူနေသောကြောင့်ဖြစ်သည်။

အမျိုးသမီးကလည်း သူတို့ကိုကြည့်နေသည်ကို သတိပြုမိသွားလေသည်။

"တဆိတ်လောက်ဗျာ .. စိတ်တော့ မရှိပါနဲ့ .. ခင်ဗျား နာမည်လေး သိချင်လို့ပါ"

"ကျွန်မနာမည် မြသင်းကြူလို့ ခေါ်ပါတယ်ရှင်"

"ဟင် .. မြသင်းကြူ ဟုတ်လား"

"ဟုတ်ပါတယ် ..၊ ဘာဖြစ်လို့လဲ ဟင်"

"ဪ .. ဟို .. ဟို ဘာမှ မဖြစ်ပါဘူး ..၊ ကျွန်တော်နဲ့သိတဲ့ မိန်းကလေးနှစ်ယောက်နဲ့ ရုပ်ချင်းရော နာမည်ချင်းပါ ဆင်တူနေလို့ပါ"

"အစ်ကိုနဲ့သိတဲ့ မိန်းကလေးနှစ်ယောက်ရဲ့နာမည်က ဘယ်သူတွေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဖြူနဲ့ မြဝင်းသူလို့ ခေါ်ကြတယ်"

ဒီတစ်ကြိမ် ပါးစပ်အဟောင်းသား ဖြစ်သွားရသူကတော့ မြသင်းကြူဆိုသော မိန်းကလေးပင် ဖြစ်တော့သည်။

"အစ်ကို သူတို့နှစ်ယောက်နဲ့ တွေ့ခဲ့ရတယ် ဟုတ်လားဟင်"

"ဟုတ်ပါတယ်...၊ သူတို့နေတဲ့ ကျွန်းပေါ်မှာတောင် တစ်ရက်နှစ်ရက်လောက်ကြာအောင် နေခဲ့ရပါသေးတယ်"

ဟု ပြောပြသောအခါ စောစောက ရွှင်လန်းပြုံးချိုနေသော မြသင်းကြူ၏မျက်နှာလေးမှာ ချက်ချင်း ငိုတော့မည်ကဲ့သို့ဖြစ်လာကာ ညှိုးကျသွားသည်ကို သတိပြုမိလိုက်လေသည်။

ထို့နောက်မှာတော့ ထွေထွေထူးထူး ဘာမှထပ်မပြောတော့ဘဲ ပန်းတောင်းလေးကိုယူပြီး သူတို့အနီးမှ ထွက်သွားလေတော့သည်။

"သူကြည့်ရတာ တစ်မျိုးဖြစ်သွားသလိုပဲ"

ဟု စောထီးက မှတ်ချက်ချလိုက်လေသည်။

ထို့နောက်မှာတော့ လေးယောက်သား ဝယ်ယူထားသော ပန်းများကိုယူပြီး ဖောင်တော်ရှိရာသို့ သွားကြလေသည်။ ဖောင်တော်တစ်ဝိုက်မှာလည်း လူတွေက အတော်များနေသည်။

ဖောင်ပေါ်မှာရော တောင်ပေါ်မှာပါ ကြိတ်ကြိတ်တိုးနေလေသည်။ ဖောင်ပေါ်မှာတော့ ဆရာတော်ကိုယ်တိုင်ရှိနေပြီး ရှင်ဥပ





ဂုတ္တမထေရ်မြတ်ကြီး ရာဇဝင်ကို ပြောပြနေသည်။

ဝေယျာဝစ္စဆောင်ရွက်ပေးနေသူများက လာရောက်လှူဒါန်းကြသော ငွေနှင့် အခြားလှူဖွယ်ဝတ္ထုများအား စာရင်းနှင့်တကွ လက်ခံနေကြသည်။

အလှူခံရရှိသော ငွေများကို ဖောင်ပေါ်မှ ကြေငြာသည့်အခါ တပါတည်း ထည့်လှူလိုက်မည်ဟုလည်း ပြောပြနေကြသည်။

ရှင်ဥပဂုတ္တရုပ်တုတော်၏အပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူလည်း ရှိနေသည်။

ဘုရားစင်ရှေ့မှာတော့ ကန်တော့ပွဲအမျိုးမျိုး၊ သစ်သီးပွဲ အမျိုးမျိုး၊ ပန်းရောင်စုံများ စိုက်ထားသော ပန်းအိုးအမျိုးမျိုး၊ ငွေစက္ကူများဖြင့် ပြုလုပ်ထားသည့် ငွေပဒေသာပင် အများအပြားတို့ ရှိနေကြသည်။

နီမောင်တို့လေးယောက် ဝယ်ယူသွားသော ပန်းများကို ပန်းအိုးများအတွင်းသို့ စိုက်ကာ ကန်တော့ကြလေသည်။ ထို အခိုက်အတန့်လေးမှာပင် လေးယောက်စလုံး၏ရင်ထဲမှာ ဖော်မပြနိုင်သော ကြည်နူးမှုများက ဖြစ်ပေါ်လာသည်။ ချမ်းမြေ့သာယာသော အရသာကိုလည်း ခံစားကြရသည်။

"ဘုရားတရားနဲ့ မတွေ့ရတာ နှစ်အတော်ကြာခဲ့ပြီ၊ အခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖူးတွေ့ရတော့ စိတ်ထဲမှာ အတော့်ကို ကြည်နူးမိတယ်"

ဟု နီမောင်ကပြောတော့ ကျန်သုံးယောက်ကလည်း ထိုနည်းအတိုင်းပင်ရှိကြောင်း ပြောကြသည်။ သူတို့ ဘုရားကန်တော့ပြီးတော့ ဆရာတော်က မေးသည်။

"ဒကာတို့က ဘယ်ကလာကြတာလဲ"

"တပည့်တော်တို့က ပယ်လယ်ထဲက ကျွန်းတစ်ကျွန်းက လာကြတာပါ ဘုရား"

"ဒါထက် ဖောင်တော်က ဘယ်တော့ ပင်လယ်ထဲမျှောမှာပါလဲ ဘုရား"

"မနက်ဖြန် မနက်ပိုင်း ရေကျရင် မျှောမှာပါ"

"တပည့်တော်တို့ လိုက်ခဲ့လို့ ရပါသလား ဘုရား"

"ရပါတယ် .. ဘယ်သူမဆို လိုက်ခဲ့လို့ရပါတယ်၊ စက်လှေတွေ လှူထားတာ ရှိပါတယ်" ဟုပြောသဖြင့် နီမောင်တို့လည်း ဝမ်းသာသွားကြလေသည်။

သူတို့လေးယောက်သည် ဖောင်ပေါ်မှာ အတော်ကြာအောင်နေပြီးမှ ညနေစောင်းအချိန်မှ တောင်ပေါ်သို့ ပြန်ဆင်းခဲ့ကြလေသည်။ အချိန်က ညနေပိုင်းအချိန်မှာ ရောက်လာပြီမို့ ပင်လယ်ရေပြင်ပေါ်မှာ ဖြတ်လာသော ဆည်းဆာရောင်များက သောင်ပေါ်





အထိ ရောက်နေလေသည်။

ဖောင်တော်ပူဇော်ပွဲသို့ ရောက်လာကြသူများမှာလည်း ပို၍များပြားလာလေသည်။ လေးယောက်သား ညနေစာ မပါလာသောကြောင့် ထိုနေ့ညအဖို့တော့ မန့်ဝယ်စားပြီး ဗိုက်ဖြည့်ရန် စိတ်ကူးကြလေသည်။

ဖောင်တော်နှင့် မနီးမဝေးနေရာမှာ ကွမ်းယာနှင့် အစားအသောက် ရောင်းချသည့် ဈေးသည်များ ရှိသည်။ ထိုနေရာဘက်သို့ လျှောက်လာစဉ် မြသင်းကြူနှင့် ထပ်မံ ဆုံတွေ့ရလေသည်။

သူမက ဒီတစ်ကြိမ်တော့ ဈေးရောင်းရန် ဆင်းလာခြင်း မဟုတ်ဘဲ ဖြီးလိမ်းပြင်ဆင်ပြီး လာခြင်းဖြစ်သည်။ နီမောင်တို့ မြင်တော့ ကောင်းစွာမှတ်မိဟန်ဖြင့် ပြုံးချိုနှုတ်ဆက်လေသည်။

"အစ်ကိုတို့ ပြန်ကြတော့မလား"

"မပြန်သေးပါဘူး ..၊ မနက်ဖြန် ဖောင်တော်မျှောပွဲကို လိုက်ကြဦးမှာ"

"ဟုတ်လား .. ကျွန်မတို့လဲ လိုက်ကြမှာပဲ၊ ဒါဖြင့် ဒီနေ့ည ဘယ်မှာအိပ်ကြမှာလဲ..၊ ညစာရော စားပြီးကြပြီလား"

"ကျွန်တော်တို့က ဒီရွာမှာ အသိအကျွမ်း မရှိပါဘူး..၊ ဒါကြောင့် လှေထဲမှာပဲ အိပ်မှာပါ..၊ ထမင်းလဲ မစားရသေးဘူး၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဈေးတန်းဘက်သွားပြီး မုန့်စားမလို့ စိတ်ကူးနေကြတာ"

"ဒီလိုဖြင့် ကျွန်မတို့အိမ်မှာ လိုက်တည်းပါလား ..၊ ကျွန်မတို့ နေတာ ဒီကနေသွားရင် သိပ်မဝေးပါဘူး ..၊ အိမ်မှာ သားအမိ နှစ်ယောက်ထဲ နေတာဆိုတော့ ကျယ်ကျယ်ဝန်းဝန်းတည်းလို့ ရပါတယ်၊ ထမင်းလဲ အိမ်မှာပဲ စားကြပေါ့"

"အားနာစရာဗျာ"

"ဘာမှ အားနာစရာ မရှိပါဘူး ..၊ ခရီးဝေးက လာကြတာပဲ၊ ကျွန်မတို့က များများမလှူနိုင်တော့ အခုလို ကြုံကြိုက်တုန်း ဧည့်ဝတ်ပြုပါရစေ"

ဟု မြသင်းကြူက အတင်းခေါ်သွားသောကြောင့် သူမ ခေါ်ရာနောက်သို့ ပါသွားကြလေတော့သည်။ သူမတို့နေသောခြံမှာ ကန်ဒုံဘက်သို့သွားသော လမ်းနံဘေးမှာပင်ရှိပြီး မဝေးလှပေ။

အိမ်က အတော်အတန် ကျယ်ဝန်းပြီး စိုက်ခင်းများက အိမ်နံဘေးနှင့် နောက်ဘက်မှာ ရှိသည်။ သပြေပန်းပင်နှင့် အခြားပန်းပင်များ စိုက်ပျိုးထားသည်။ ထိုနေရာမှာ ရွာတန်းကလေးလို ဖြစ်နေပြီး တစ်ခြံနှင့်တစ်ခြံလည်း မဝေးလှပေ။

မြသင်းကြူ၏ မိခင်မှာ ဒေါ်ငွေမှုံ ဖြစ်သည်။ သဘောမနောကောင်းပြီး ရိုးသားအေးချမ်းသူတစ်ဦး ဖြစ်သည်။





ရောက်သည်နှင့် ဦးမွန်ထော်နှင့် စကားလက်ဆုံကျနေတော့သည်။ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က မြသင်းကြူ ထမင်းဟင်းချက်သောနေရာတွင် ဝိုင်းကူပေးကြသည်။

ထိုနေ့ညက မြသင်းကြူ ချက်ကျွေးခဲ့သော ထမင်းနှင့်ဟင်းကို စားသောက်ခဲ့ရသည်ကို အားလုံး မမေ့နိုင်ကြတော့ပေ..။

မြသင်းကြူတို့ မိသားစုမှာ ဖခင်ရှိစဉ်မှာ သစ်တောအလုပ်သမားဖြစ်ပြီး လွန်ခဲ့သောနှစ်က သေဆုံးသွားသောအခါ သားအမိနှစ်ယောက် ပန်းခြံမှရသောငွေဖြင့် ရပ်တည်ခဲ့ကြသည်။

မနက်လင်းလျှင် ပန်းခြံမှထွက်သော ပန်းမျိုးစုံကို ကန်ဒုံဈေးမှာ သွားရောင်းသည်။ ရလာသောငွေဖြင့် စားသောက်စရာများ ဝယ်ခြမ်း၍ ပြန်လာလေသည်။ စားသောက်ပြီး၍ ညဦးပိုင်းအချိန် ရောက်သောအခါ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောကြသည်။

"ဒေါ်ငွေမှုံတို့ သားအမိကိုကြည့်ရတာ အေးချမ်းလိုက်တာဗျာ..၊ ကျုပ်တို့မှာဖြင့် နေပူမရှောင် မိုးရွာမရှောင် ပင်လယ်ထွက်ကြရတယ်၊ အသက်ဘေးအန္တရာယ်တွေကြားမှာ ဝမ်းစာရှာကြရတယ်၊ စားရတော့လဲ ထမင်းတစ်လုတ်ပါပဲ"

"ထမင်းတစ်လုတ် စားရဖို့တော့ ဒီလောက် ဒုက္ခဆင်းရဲခံဖို့ မလိုပါဘူး ဦးမွန်ထော်ရယ် ..၊ ငါးမန်းတစ်ကောင် ဖမ်းရတာလဲ အသက်



www.burmeseclassic.com

www.burmeseclassic.com



မွေးဝမ်းကျောင်းအလုပ်ပါပဲ .. ပန်းခင်းတစ်ခင်း စိုက်ပျိုးစားတော့လဲ ဝမ်းစာရတာပါပဲ၊ ဒါပေမယ့် စိတ်ချမ်းသာတာချင်းတော့ ဘယ်တူပါ့မလဲရှင်"

"မှန်ပါတယ်ဗျာ .. ကျုပ်တို့လဲ အရင်ကတော့ မေ့မေ့ပျောက်ပျောက်ပါပဲ ..၊ အခု ဒီရောက်မှပဲ အသက်မွေးလမ်းကြောင်းတွေ မတူသလို စိတ်ချမ်းသာမှုရှိတာချင်းလဲ မတူတာကို သိရတော့တယ်..၊

"ဒေါ်ငွေမှုံတို့ လူမချမ်းသာပေမယ့် စိတ်ချမ်းသာမှုတွေ ရကြတယ်၊ ကျုပ်တို့ဘဝကတော့ လူလဲ မချမ်းသာဘူး .. စိတ်လဲ တစ်ချက်မှ မအေးရပါဘူးဗျာ.."

"ဒီလိုဆိုရင်လဲ အလုပ်ကလေးဘာလေး ပြောင်းဖို့ စိတ်ကူးပေါ့ ဦးမွန်ထော်ရယ်"

"ကောင်းပါတယ်ဗျာ .. ကျွန်တော်တို့လဲ ဒီကနေ ကျွန်းကိုပြန်ရောက်သွားရင်တော့ ကလေးတွေနဲ့ တိုင်ပင်ပြီးတော့ အလုပ် ပြောင်းဖို့ စီစဉ်ရတော့မှာပဲ ..၊ ကျုပ်တို့အလုပ်က သတ္တဝါတွေရဲ့ အသက်ကိုသတ်ဖို့ ကိုယ့်အသက်တစ်ဝက်ရင်းနေရတဲ့ အလုပ်မျိုးကို စွန့်လွှတ်ပါတော့မယ်ဗျာ"

"ဒီလိုဆိုရင်လဲ ကြိုးစားတင်ပြီးတော့ သာမုခေါ် ပါရစေ ဦးမွန်ထော်ရယ် ..၊ တကယ်လို့ ဒီမှာလာပြီး လုပ်ကိုင်စားသောက်ဖို့ အကူ





အညီလိုတယ်ဆိုရင်လဲ ကျွန်မတို့က တတ်နိုင်သမျှ အကူအညီပေးပါ့မယ်ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဦးမွန်ထော်နှင့် ဒေါ်ငွေမှုံတို့နှစ်ယောက်က အချီအချ ပြောဆိုနေကြသည်ကို နံဘေးနားမှာ နားထောင်နေကြသော နီမောင်တို့သုံးယောက်ကလည်း သဘောကျနေကြသည်။ စိတ်ထဲမှ ကြိတ်ပြီးဝမ်းသာနေကြလေသည်။

နီမောင်စိတ်ထဲမှာတော့ ရွာသာယာသို့ ရောက်သွားခဲ့ရသောအကြောင်းများသည် လည်းကောင်း၊ ယခု မမျှော်လင့်ဘဲ မြသင်းကြူတို့ သားအမိနှစ်ယောက်နှင့် တွေ့ရသော အဖြစ်အပျက်တို့၊ ၁သာမန်တိုက်ဆိုင်မှုများမှ ဟုတ်ပါလေစဟု တွေးတောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၈ ]

## အရှင်ဥပဂုတ္တ ရဟန္တာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် မြသင်းကြူ စီစဉ်ပေးသော ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်ကြမ်းကို ဝမ်းဖြည့်အောင် စားသောက်ပြီးနောက် ကမ်းခြေသို့ ဆင်းခဲ့ကြလေသည်။

ထိုနေ့က မြသင်းကြူမှာ ဈေးသို့ ပန်းရောင်းမသွားတော့ဘဲ ခြံမှထွက်သော ပန်းများကို ကမ်းခြေသို့ ယူဆောင်လာလေသည်။





ဖောင်တော်မျှောချပူဇော်ပွဲသို့ သူမလည်း လိုက်ခဲ့မည်ဖြစ်ပေသည်။ ကမ်းစပ်မှာတော့ ပင်လယ်သို့ လိုက်ကြမည့်သူများ ရှင်ဥပဂုတ္တဖောင်တော်အား နောက်ဆုံး ပူဇော်လှူဒါန်းမည့်သူများ ရောက်နေကြသည်။

ပင်လယ်လိုက်မည့်သူများကို ပို့ဆောင်ပေးမည့် စက်လှေအချို့လည်း ရောက်နေကြချေပြီ။ ဖောင်တော်ကိုလည်း ညက ဒီရေပြည့်ချိန်နှင့် ရေထဲသို့ ချထားကြပြီးလေသည်။

ရေကျချိန်ရောက်သည်နှင့် စတင်မျှောကြမည်ဖြစ်သည်။ ဖောင်တော်မမျှောခင် တရားနာခြင်း၊ ပရိတ်ရွတ်ခြင်း၊ ရေစက်ချ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ကြလေသည်။

ကန်တော့ပွဲ၊ ငွေနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူမည့်သူများကလည်း နောက်ဆုံးအနေနှင့် လာရောက် လှူဒါန်းကြလေသည်။

ဖောင်တော်ပေါ်မှ လိုက်ပါမည့် စက်သုံးလုံးဆရာတော် ဦးဝိသုဒ္ဓက လှူဒါန်းကြသော ဒကာ၊ ဒကာမများ ကြည်ညိုသဒ္ဓါ ပွားများစေရန်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်းကို ဟောကြားပေးနေလေသည်။

အရှင်ဥပဂုတ္တအလောင်းတော်သည် သံသရာ၌ ကျင်လည်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ကဿပဘုရားရှင်နောက် ပွင့်ထွန်းတော်မူခဲ့သော ဂေါတမ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက် နှစ်ပေါင်းနှစ်ရာ ခန့်အကြာတွင် ရာဇဂြိုဟ်ပြည်ကြီးနှင့် မနီးမဝေးရှိ တံငါ ရွာကြီး တစ်ရွာတွင် ထူးခြားဆန်းကြယ်လှသော အဖြစ်အပျက်တစ်ခု ပေါ် ပေါက်ခဲ့သည်။

တစ်နေ့သ၌ ထိုတံငါရွာကြီးမှ တံငါသည်များသည် ငါးဖမ်း ထွက်ခဲ့ရာမှ လွန်စွာကြီးမားလှသော ရွှေရောင်အဆင်းရှိသည့် ငါး ကြီးတစ်ကောင်ကို ဖမ်းမိခဲ့ကြသည်။

တံငါတို့သည် ထိုငါးကြီး၏ဦးခေါင်းကို ဖြတ်ပစ်လိုက်ပြီးသော် လည်း ငါးကြီးသည် မသေသကဲ့သို့ ဝမ်းဗိုက်မှာ ပိန်လိုက် ဖောင်း လိုက်နှင့် အသက်ရှူနေသကဲ့သို့ ထူးဆန်းအံ့ဩဖွယ်ဖြစ်နေသော ကြောင့် တံငါတို့ ဝိုင်းဝန်းကြည့်ရှုနေကြသည်။

ထိုသို့ကြည့်ရှုနေကြရာမှ အကြားအမြင် အတွေ့အကြုံရှိသော တံငါအိုကြီးက ...

"ဤငါးကြီး၏ ဝမ်းဗိုက်ထဲ၌ တစ်စုံတစ်ရာ ရှိလိမ့်မည်၊ ငါး ကြီး၏ ဝမ်းဗိုက်အတွင်းသားကို မထိခိုက်အောင် ဂရုပြု၍ ခွဲလေ"

ဟု ဆိုလေသည်။

တံငါသည်တို့သည် ဂရုပြုလျက် ခွဲကြည့်လိုက်သည်အခါ တွင်





ကြုံစဖူး ထူးဆန်းအံ့ဩဖွယ်ကောင်းလှသည်ကို တွေ့ရလေသည်။

ထိုငါးကြီး၏ ဝမ်းဗိုက်အတွင်းဝယ် ရွှေစင်ရုပ်သဖွယ် ဝါဝင်း သော ရွှေရောင်အဆင်းရှိသည့် ချစ်စဖွယ်ကောင်းသော မိန်းကလေး ငယ်ကို ရင်သပ်ရှုမော အံ့ဩဖွယ် တွေ့လိုက်ကြရလေသည်။

' တံငါသည်တို့သည် ထိုထူးဆန်းအံ့ဩဖွယ် ရွှေစင်ရုပ်နှယ် တင့် တယ်လှသော မိန်းကလေးငယ်ကို ရာဇဂြိုဟ်ပြည့်ရှင် မင်းကြီးထံ ဆက်သခဲ့ကြလေသည်။

ထိုအခါ သားသမီးမထွန်းကား၍ သားသမီးရရန် ပြင်းစွာ တောင့်တနေရှာသော မင်းကြီးသည် ရွှေစင်ရုပ်နှယ် တင့်တယ်လှပ သည့် မိန်းကလေးငယ်ကို မြင်တွေ့လိုက်ရသောအခါ လွန်စွာ ချစ် သနားလှပြီးလျှင် သမီးတော်အဖြစ် ကောက်ယူ မွေးမြူတော်မူခဲ့လေ သည်။

မင်းကြီးသည် ထိုကလေးငယ်ကို လာရောက်ဆက်သသော တံငါသည်တို့ကိုလည်း ဆုလာဘ်များစွာ ပေးသနားတော်မူ၍ ရွှေ ငါးကြီး ဝမ်းဗိုက်တွင်းမှရသော ထိုကလေးငယ်ကို မစ္ဆဒေဝီဟု ခေါ် တွင်စေလျက် အထိန်းတော်များဖြင့် ယုယစွာ မွေးမြူခဲ့လေသည်။

မစ္ဆဒေဝီသည် ရွှေရင်သိမ်းသစ် အပျိုစင်အရွယ်ရောက်လာ သောအခါတွင် လူမက နတ်တမျှ ဒေဝစ္ဆရာနတ်ကညာကဲ့သို့ တင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်လှပသည့် မိန်းကလေး ဖြစ်လာခဲ့ပါသည်။ ဤသည်မှာ အရှင် ဥပဂုတ္တထေရ်၏မယ်တော်၏ ဘဝအစ ဖြစ်ပေသည်။

မစ္ဆဒေဝီ၏အတိတ်ဘဝမှ ကံကြမ္မာသည် ဤဘဝအထိ လိုက်ပါ၍ အကျိုးပေးခဲ့ပါပေသည်။ ကောင်းကျိုးကား မဟုတ်ပါ။

မစ္ဆဒေဝီသည် နတ်မိမယ်တစ်ဦးနှယ် တင့်တယ်လှပလွန်းသော်လည်း လွန်လေပြီးသော အတိတ်ဘဝတစ်ခုတွင် သူတစ်ပါးအား အလွန်ညှီဟောက်လှသော ငါးပုပ်ရေများဖြင့် လောင်းပက်ခဲ့ဖူးသော အကုသိုလ်ကံကြောင့် သူမ၏ခန္ဓာကိုယ်မှ မရှုသာ မရှိက်သာ အနံ့ မခံနိုင်လောက်အောင် ငါးပုပ်နံ့များ ထွက်ပေါ်လာခဲ့ပေသည်။

ထိုသို့ အနံ့ဆိုးလှသောကြောင့် မစ္ဆဒေဝီ၏ အနီးအပါးတွင် မည်သူမျှ မနေနိုင်လောက်အောင် ဖြစ်ခဲ့ကြရလေသည်။ အကုသိုလ် ဆိုး ကျိုးသည် ရှောင်ပြေး၍ မလွတ်နိုင်ပါပေ။

မင်းကြီးမှာလည်း သမီးတော်လေး မစ္ဆဒေဝီကို ချစ်သနားလှသော်လည်း နန်းရပ်နှင့် မလျော်သောကြောင့် ဖောင်နှင့်တင်ထား မြစ်ရေကြောသို့ မျှောလိုက်ရလေတော့သည်။

ဖောင်မျှောပါ ဆိုက်ကပ်ရာအရပ်ဒေသတို့မှ မင်းတို့သည် ဖောင်ကိုဆယ်ယူလျက် နတ်ကညာကဲ့သို့ တင့်တယ်လှသည့် မစ္ဆဒေဝီကို မိဖုရားမြှောက်လိုကြပါသော်လည်း ခန္ဓာကိုယ်မှ ထွက်လာသော





ငါးပုပ်နံ့ကြောင့် မခံနိုင်ကြ၍ မတတ်သာလွန်းသဖြင့် ဖောင်ကို ပြန်၍ မျှောလိုက်ကြရလေတော့သည်။

မကောင်းမှုကံ၏ ဆိုးကျိုးရရှိချိန် ကုန်ဆုံးပါက မိမိ ပြုခဲ့သည့် ကောင်းမှုကံ၏ကောင်းကျိုးကို ရနိုင်ပါသေးသည်။

သို့ဖြစ်ရာ မစ္ဆဒေဝီ၏ကံကြမ္မာသည်လည်း အပြောင်းအလဲ ဖြစ်ခဲ့ပေသည်။

မစ္ဆဒေဝီ၏ဖောင်သည် မြစ်ရေယာဉ်ကြောတွင် မျောပါခဲ့ရာမှ တောင်သေလာ၏အနီး မြစ်ကမ်းသို့ ဖောင်ဆိုက်ရောက်သွားခဲ့သည်။ ထိုတောင်သေလာတွင် ဥပအမည်ရှိသော ရသေ့သည် တရားနှင့် မွေ့လျော်နေခဲ့သည်။

ဥပရသေ့သည် ဖောင်နှင့်မျောပါလာသည့် မစ္ဆဒေဝီကို ဆယ်တင်ကာ ကျောင်းသခမ်းသို့ ခေါ်ဆောင်လျက် သမီးအမှတ်ဖြင့် စောင့်ရှောက် ကယ်တင်ထားခဲ့လေသည်။

ထိုအခါတွင် သူတော်ကောင်းရပ်ဝန်းတွင်နေသည့်ကာလ ကြာလာသော် ကံကြမ္မာပြောင်းလဲလျက် မစ္ဆဒေဝီ၏ကိုယ်မှ ငါးပုပ်နံ့တို့ ပျောက်ကွယ်ခဲ့လေသည်။

လူသူတိတ်ဆိတ်ကာ မွေ့လျော်ဖွယ်ကောင်းလှသည့် တောင်မြိုင်ရပ်တွင် အပျိုရွယ်ကလေးဖြစ်သော မစ္ဆဒေဝီသည် သွေး



www.burmeseclassic.com

www.burmeseclassic.com



သားမတော်စပ်သည့် ဖခင်သဖွယ်ဖြစ်သော ရသေ့ကြီး၏ စောင့်ရှောက်မှုဖြင့် နေထိုင်ခဲ့ရာမှ ရုံခါ စိတ်ဖောက်ပြား၍ ကာမဂုဏ်ရှုကင်းသော်လည်း အာရုံပြင်းလှ၍ ထင်လင်းစွာ သန္ဓေစွဲလေတော့သည်။

မစ္ဆဒေဝီသည် ဖခင်ရသေ့ကြီးအား ကျိုးကြောင်းဖော်ပြကာ မိမိ၌ စွဲကပ်သန္ဓေဖြစ်နေပါကြောင်း ပြောကြားလေသည်။

ဖခင် ရသေ့ကြီးက စိတ်ဖောက်ပြား မိုက်မှားမိသော သမီးသဖွယ် စောင့်ရှောက်ခဲ့သည့် မစ္ဆဒေဝီအား သနားသောအားဖြင့် အပြစ်မယူခဲ့ပေ။

"ကောင်းစွာနေလေ .. ငါ စောင့်ရှောက်အံ့"

ဟု မိန့်ဆိုကာ မစ္ဆဒေဝီကို သစ်သီးဝလံ ရှာဖွေကျွေးမွေး စောင့်ရှောက်ခဲ့ပါသည်။

ဤသို့ဖြင့် မစ္ဆဒေဝီသည် ကိုယ်ဝန်ရင့်မာ၍ ကိုးလလွယ်ကာ ဆယ်လတွင် ဖွားမြင်ခဲ့ရာ သားငယ်လေး မွေးဖွားခဲ့သည်။

ဥပမည်သော ရသေ့ကြီး၏ အစောင့်အရှောက်ကို ခံယူရသောကြောင့် သားငယ်လေးကို ဥပဂုတ္တဟု အမည်မှည့်ခေါ်ခဲ့ပါသည်။

ဖခင်သဖွယ် စောင့်ရှောက်ခဲ့သော အရှင်ရသေ့ကြီးသည် သမီးဖြစ်သော မစ္ဆဒေဝီနှင့် မြေးငယ် ဥပဂုတ္တတို့အား ဆက်လက် စောင့်





ရှောက်ခဲ့ရာ ဥပဂုတ္တသူငယ်အား လိမ္မာယဉ်ကျေးအောင် တရားဓမ္မ လမ်းညွှန်ပေးခဲ့သည်။

ရသေ့ကြီးသည် လောကီအတတ်ဖြစ်သော နေမြင်၊ လမြင်၊ ဗေဒင်အရပ်ရပ်တို့၌လည်း ကျွမ်းကျင် တတ်မြောက်သည်။

သို့ဖြစ်၍ သမီးဖြစ်သူ မစ္ဆဒေဝီနှင့် မြေးဖြစ်သူ ဥပဂုတ္တတို့၏ ရှေ့ဖြစ်ကို မျှော်ထောက်တွက်ဆကြည့်ရာ မကြာလှသောကာလ၌ ဥပဂုတ္တသည် စိဏ္ဍာသဝဆဋ္ဌဘိညာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ် စင်စစ်ဧကန် ဖြစ်လိမ့်မည်ဟူ၍ ပဋိဘာန်ဖြင့် သိမြင်၍ နေပြည်တော်သို့ ပြန်ကြရန် မိန့်ဆိုပြောကြားလေသည်။

ထို့ကြောင့် မစ္ဆဒေဝီနှင့် သားငယ် ဥပဂုတ္တတို့သည် တောင်ခေါ လာမှ တောမြိုင်ယံကို ကျော်လွန်ပြီး မြစ်ကြောင်းတစ်လျှောက် ဆန်တက်ခဲ့ကြရာ ရာဇဂြိုဟ်နေပြည်တော်အနီး ရောက်ရှိလာခဲ့ကြသည်။

ရာဇဂြိုဟ်ပြည့်ရှင် မင်းကြီးသည် သမီးတော် မစ္ဆဒေဝီ ပြန်လာနေကြောင်း ကြားသိရလေရာ လွမ်းဆွတ်တသလှစွာဖြင့် ကိုယ်တော်တိုင်ထွက်၍ ကြိုဆိုသည်။

သမီးတော်၌ သားတော်ငယ်လေးတစ်ပါး ပါလာသည့်အတွက် မင်းကြီးသည် ထီးနန်းလျာရပြီဟု တွေးကာ ဝမ်းသာအားရ ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်ပြည့်ရှင်မင်းကြီးသည် အသက်အရွယ်ကြီးရင့်လာသည့်အလျောက် သမီးတော် မစ္ဆဒေဝီအား အဆောင်အယောင်အမျိုးမျိုးနှင့်အပ်လျက် မြေးတော် ဥပဂုတ္တအား နန်းလျာအဖြစ်သတ်မှတ်ကာ ထီးမွေနန်းမွေ အပ်ပွဲ၊ အဘိသိက်ခံယူပွဲပြုလုပ်ရန်စီမံလေတော့သည်။

မင်းကြီးသည် မြေးတော် ဥပဂုတ္တအား ထီးနန်းတင်မည့်အကြောင်း သမီးတော် မစ္ဆဒေဝီအား မိန့်ကြားလေသည်။

မစ္ဆဒေဝီသည် မိမိအား ကယ်ဆယ်စောင့်ရှောက်ခဲ့သော ဥရသေ့ကြီး၏ မိန့်စကားအရ သားတော်ဥပဂုတ္တအား မင်း မဖြစ်စေလိုပေ။

မယ်တော်တစ်ဦး၏ဆန္ဒမှာ သားတော်အား မင်းအဖြစ် လောကီအာရုံတို့၌ မကျင်လည်စေလိုပေ။

သားတော်အား မင်းအဖြစ်ထက် သာလွန်သော ရဟန်းအဖြစ်ဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လောကုတ္တရာတရားထိုသာ အားထုတ်စေလိုသည်။

ဗုဒ္ဓသာသနာ၏ အေးမြငြိမ်းချမ်းသည့် အရိပ်အာဝါသတွင် ခိုလှုံခဲ့ဖူးသူဖြစ်၍ မစ္ဆဒေဝီသည် လောကုတ္တရာလမ်းကို ရွေးချယ်ပေးထိုသည်။





သို့ဖြစ်၍ ထီးနန်းတင်လိုသော မင်းကြီးနှင့် ရဟန်းပြုစေလိုသော သမီးတော် မစ္ဆဒေဝီတို့သည် ဥပဂုတ္တသတို့သားငယ်နှင့် စပ်လျဉ်း၍ သားလုပွဲကြီး ဖြစ်ရလေတော့သည်။

ဤသို့ ခမည်းတော်မင်းကြီးနှင့် သမီးတော် မစ္ဆဒေဝီတို့ ဥပဂုတ္တအား နန်းတင်စေမည်၊ ရဟန်းပြုစေမည်ဟု အချေအတင် ပြောဆိုနေကြစဉ် ထူးခြားဆန်းကြယ်လှသော အကြောင်းခြင်းရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ဥပဂုတ္တသည် မင်းကြီး၏အလိုအရ ထီးနန်းစည်းစိမ် ခံစားရပါက လောကီအာရုံ ကာမဂုဏ်ညွှတ်ကွင်းသို့ သက်ဆင်းရချေတော့မည်ဟုသိ၍ အချည်းနှီး မဖြစ်စေလိုသော နတ်ဒေဝတာ တစ်ပါးသည် ကိုယ်ရောင်ကိုယ်ဝါတောက်ပလှစွာဖြင့် ရုတ်တရက် ပေါ်လာလျက် ဥပဂုတ္တသတို့သားငယ်ကို ကောင်းကင်ယံသို့ မြောက်ချီ ပင့်ယူသွားလေတော့သည်။

မင်းကြီးနှင့် မစ္ဆဒေဝီတို့သည် လွန်စွာအံ့ဩဖွယ်ဖြစ်ရပ်ကို မကြုံစဖူး ကြုံရလေသည်။

ဤသို့ မမျှော်လင့်သည့်အချိန်တွင် နတ်ဒေဝတာတစ်ဦးက ရုတ်တရက် ကောက်ယူမြောက်ချီလျက် ကောင်းကင်ယံ၌ ရောက်ရှိနေသော ဥပဂုတ္တသတို့သားငယ်သည်...



www.burmeseclassic.com

www.burmeseclassic.com



"ငါသည် လောကီအာရုံကာမဂုဏ်တည်းဟူသော မကောင်းမှုတို့ကို အာရုံပြုမိချေက ကောင်းကင်ယံမှ လွတ်ချခံရကာ အချည်းနှီးသေရပေတော့မည်၊ ကောင်းမြတ်သောစိတ်ဖြင့် သင်္ခါရတရားတို့ကို ဝိပဿနာရှုပွားလျက် ကောင်းကင်မှကျလျှင် ကောင်းမှုကို အာရုံပြုလျက် သေရကျိုးနပ်ခြိမ့်မည်"

ဟု နှလုံးဆင်ခြင်လျက် ...

အနိစ္စာ ဝတ သင်္ခါရာ

ဥပ္ပါဒဝယ ဓမ္မိနော။

ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊

တေသံ ဝူပသမော သုခေါ။

ဟူ၍ သင်္ခါရဓမ္မတို့ကို ဝိပဿနာတင်၍ ရှုပွားလိုက်လေသည်။

(ရုပ် နာမ် ဓမ္မ) သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်။ ဆင်းရဲကုန်၏။

သဘာဝတရား အားလုံးတို့သည် အတ္တမဟုတ်၊ အစိုးမရ အနတ္တဟု ဝိပဿနာပညာဖြင့် ရှုမြင်ပွားများသည့်အခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။

ဤသို့ ငြီးငွေ့စက်ဆုပ်ပါက ကိလေသာကင်းစင်၍ နိဗ္ဗာန်ကို သိမြင်နိုင်၏။





ဥပဂုတ္တ၏ ဘဝဘဝမှ ဖြည့်ဆည်းခဲ့သော ကြီးမြတ်သည့်ပါရမီအဆောက်အဦးကြောင့် ထိုကောင်းကင်ယံထက်မှာပင် တစ်ခဏချင်း၌ ဇီကာသဝ၊ ဆဋ္ဌာဘိညာဉ်၊ ပဋိသမ္ဘိဒါပတ္တ၊ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်အဖြစ် ရောက်ရှိခဲ့လေသည်။

ဥပဂုတ္တ သတို့သားငယ်အား ထမ်းဆောင်၍ ကောင်းကင်ယံသို့ ချီယူခဲ့သော နတ်ဒေဝတာသည် ကောင်းကင်ယံတွင် တခဏချင်းမှာပင် သတို့သားငယ်သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိလိုက်၍ အရှင်ဥပဂုတ္တကိုယ်တော်ကို မြှောက်ချီပင့်ယူထားရာမှ လွှတ်လိုက်လေသည်။

ထိုအခါတွင် အရှင်ဥပဂုတ္တသည် ကောင်းကင်ယံ၌ ဈာန်သမာပတ်ဝင်စားလျက် အောက်အရပ်ဆီသို့ ရှုကြည့်လိုက်သည်တွင် အပြောကျယ်လှသော ပင်လယ်သမုဒ္ဒရာကြီး၏အလယ်တွင် မိမိ၏ ရှေးဘုန်းကံကြောင့် ပေါ်ပေါက်လာသော ကြေးပြာသာဒ် ဗိမာန်ကြီးကို တွေ့ရလေသည်။

အရှင်ဥပဂုတ္တကိုယ်တော်သည် ...

"ဤကြေးပြာသာဒ်ကား ငါ၏ ရှေးကောင်းမှုကံကြောင့် ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်၊ ငါသည် ဤကြေးပြာသာဒ်အတွင်းမှာပင် ဖလသမာပတ် ဝင်စားလျက် နေပေတော့အံ့"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကောင်းကင်ယံမှ ဆင်းသက်တော်မူကာ တောင်သမုဒ္ဒရာ အတွင်းရှိ ထိုကြေးပြာသာဒ် ဗိမာန်တော်တွင်းဝယ် အစဉ် သမာပတ်ဝင်စားတော်မူကာ သီတင်းသုံးနေတော်မူခဲ့လေသည်။

အထက်ပါအကြောင်းအရာများမှာ ဆရာတော်မှ လာရောက်လှူဒါန်းကြသော အလှူရှင်များ ကြည်ညိုသဒ္ဒါပွားများစေရန် အသံချဲ့စက်ဖြင့် အဆက်မပြတ် ဟောကြားနေသည့် အကြောင်းအရာများပင် ဖြစ်ပေတော့သည်။

ထိုကဲ့သို့ ထေရုပ္ပတ္တိ အကြောင်းအရာများကို ကြားသိရသော အခါ လာရောက်ကြသူများမှာ ပိုမို၍ ကြည်ညိုသဒ္ဒါစိတ် ဖြစ်ကြရလေတော့သည်။





အခန်း [ ၉ ]

## ဖောင်တော်ပူဇော်ပွဲနှင့် ထူးဆန်းမှုများ

နံနက် ၉ နာရီအချိန်တွင် ရှင်ဥပဂုတ္တ ဖောင်တော်မျှောလှူပွဲကို စတင်လေသည်။

စက်လှေ လေးစင်းပေါ်မှာ ဖောင်တော်မျှောပွဲ လိုက်ကြသူများ အတော်များများ ရှိကြလေသည်။

ဖောင်တော်ကို အလယ်မှာထားပြီး စက်လှေနှစ်စင်းက ရှေ့မှ ဆွဲပြီး စက်လှေနှစ်စင်းက နောက်မှ လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ မနက်ပိုင်းအချိန်မှာ ရာသီဥတုမှာ ကြည်ကြည်လင်လင် မရှိဘဲ မှိုင်းညို့နေသည်။

အနောက်တောင်ဘက်မှာ မိုးသားတိမ်တိုက်များ တက်နေသည်။ ကောင်းကင်မှာ နေရောင်ခြည် မမြင်ရပေ။ ရာသီဥတု အခြေအနေအရ ကြည့်လျှင်တော့ မကြာခင် လေပြင်းတိုက်ပြီး မိုးရွာချမည့်လက္ခဏာမျိုး ရှိနေလေသည်။

ဖောင်တော်မျှောချပွဲသို့ လိုက်ကြမည့် လူအချို့ကတော့ မိုးရွာချမည်ကို စိုးရိမ်နေကြလေသည်။

“ဘာမှ မစိုးရိမ်ကြနဲ့ပေါ့ ..၊ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးက မိုးလေတားနိုင်တဲ့ ဘုန်းတန်ခိုး ရှိတယ်၊ ဖောင်တော်မျှောချပွဲကို ဘယ်လိုအနှောင့်အယှက်မှ မပြုနိုင်ကြဘူး။ စိတ်ချမ်းသာစွာနဲ့ လိုက်ခဲ့ကြပေတော့” ဟု ဦးဆောင်ဦးရွက်ပြုနေသူ တစ်ယောက်က ပြောလေသည်။

ဖောင်တော် စတင်မျှောသည့်အခါ ဆရာတော်က ရှေ့မှဆွဲနေသည့် စက်လှေတစ်စင်းပေါ်သို့ ပြောင်းပြီး လိုက်လေသည်။

“ကဲ .. ကဲ ဖောင်တော်မျှောချပွဲမှာ မိုးလေအနှောင့်အယှက် ကင်းစင်သွားအောင် ရှင်ဥပဂုတ္တရုပ်တုတော်ကို ပူဇော်ကြရအောင်”

ဟုပြောပြီး မိမိတို့စက်လှေပေါ်မှပင် သံပြိုင် ရွတ်ဆိုပူဇော်မှ





မြကြလေသည်။

“သြကာသ သြကာသ သြကာသ၊ အစိန္တေယျ သုံးလူ့ဘ၏၊ ဓမ္မရင်နို့ သောက်စို့ရသဖြင့်၊ ငယ်းဆင့်မင်္ဂ၊ ဖလလေးဖြာ အရိယာ သာဝက၊ သဘာဝကြောင့်၊ ဓမ္မသာမိ၊ နှိုင်းညှိစရာ ပမာမမြင်၊ မြတ်ချစ်ရှင်၏၊ ရွှေရင်တော်နှစ်၊ သားတော်စစ်အဖြင့်သို့ ရောက်တော်မူကာ ..၊

ငါးရာတစ်ထောင်၊ ရန်မှောင်ညစ်ကြေ။ ကိလေမေးကို၊ ကင်းဝေးကုန်စင်၊ သုတ်သင်ရှင်းလင်းလျက်၊ လူ့ခပင်းတို့ ကောင်းမှုအလှေ့၊ မျိုးစေ့စိုက်ပျိုးရာ၊ လယ်ယာမြေကောင်းသဖွယ်၊ တင့်တယ် မြတ်ထွဋ်သောဂုဏ်၊ အလုံးစုံအားဖြင့်၊ ချီးကျူး၍ မကုန်နိုင်သော၊ အဟော အစ္စရိယ မိမိအသက်၊ ငဲ့ကွက်လေးဆား၊ သနားမရှိ ပကတိပြည့်စုံတော်မူသော၊ ပါတိမောက္ခ သံဝရလည်း၊ ဖြူစင်သန့်ရှင်းစွာ၊ ကိုယ်နှင့်မကွာ၊ အမြဲဆင်မြန်းတော်မူခြင်းရှိသော ရှင်ဥပဂုတ္တ အရှင်ဘုရား ..။

အရှင်ဘုရားသည်ကား။ သိရိဓမ္မာ၊ ရာဇတုမရှိ၊ သမ္မုတိမင်း မြတ်လက်ထက်၊ ဘဝင်ရိုက်ချိုး၊ တိုင်းလုံးကြေငြာ၊ ရေမြေလှုပ်ချောက်၊ တုံမှောက်ဘနန်း။ လှူဒါန်းပြုလုပ်တော်မူပါ ဘုရား..၊

အဇ္ဈတ္တကာသ၊ ဝဇ္ဇာမှသည်၊ ကျလာထစ်ကြိုး။ သွန်းသော ဘွင်၊ အမျိုးမျိုးအကြိမ်ကြိမ်၊ ပုဆိန်မားမ၊ လှံကမလစ်၊ ချောက်



www.burmeseclassic.com

www.burmeseclassic.com



စရန်ပြာမူ၊ တသုညွန်ပြောင်း၊ သောင်းသောင်းရိုက်ကြည်း၊ ပဲ့တင်ဟည်းအောင်၊ အနည်းနည်း ရှာစေပြောလည်း၊ ဟန့်တားပိတ်ဝင် အရှင်၏ဘုန်း၊ မြတ်လက်ရုံးကြောင့်၊ ပြိုင်နှုန်းမချင်း၊ မာရ်နတ်မင်းလည်း၊ လျှင်းစွာထွက်ပြေး၊ ခွေးပုတ်လည်ဆွဲ အစဲအညို၊ ခံလိုရှူ ဆုံးမခြင်းပြုသဖြင့်၊ ယခုထင်လင်း၊ ကြောက်လန့်ခြင်းလည်း၊ သည်းတွင်းမဆန့်၊ တုန်လှုပ်တန့်လျက် ခန့်ရှုံ့စိုးပူ ရှိပါသည်။

ထိုသည်သတင်း၊ ကျော်စောခြင်းကြောင့်၊ ရှင်ရင်းဘုရား မြတ်တစ်ပါးကို၊ ကိုးစား၍သာ၊ မိုယ်းဒေဝါ၏၊ ရှာသည်ကြိမ်ဖန်၊ ချိန်တရန်ကို၊ မတန်စေဘဲ၊ ကင်းစင်လွှဲအောင် အမြဲမကွာ၊ ဆည်းကပ်ပါသည်။

အဘိဓာတော်ဂုဏ်၊ မိုးပစ္စုန်သည်၊ တစ်မှုန်မရောက်၊ တစ်ပေါက်မလျော၊ သွေ့ပါစေသော .. မြတ်ရှင်စော ဩကာသ ဩကာသ ဩကာသပါ ဘုရား"

ဟူသော တိုင်တည်ရွတ်ဆို ရှိခိုးပူဇော်ကြသောအမှုကို စက်လှေပေါ်မှာ လိုက်ပါလာသူများအားလုံး ပြုလုပ်ကြလေသည်။

ရှေ့မှသွားနေသော စက်လှေပေါ်မှ ဆရာတော်က အသံရှည်စက်ဖြင့် တိုင်ပေးလေရာ ကျန်စက်လှေပေါ်မှ လိုက်ပါလာသူများက နောက်မှလိုက်ဆိုနေကြခြင်း ဖြစ်ပေသည်။





ထိုသို့ရွတ်ဆိုရင်းနှင့် စက်လှေများ ပင်လယ်တွင်းသို့ အတော်အဝေး ရောက်လာကြလေသည်။

မိုးရိပ်များက တဖြည်းဖြည်း များလာလေပြီ။

မိုးနှင့်အတူ လေကပါ ပါလာသောကြောင့် လှိုင်းအိကလေးများပင် ထလာလေပြီ။

စက်လှေပေါ်မှာ ပါလာသူများကတော့ ထိုကဲ့သို့ မိုးရိပ်များဆက်လာပြီး လေထန်လာသည်ကို စိုးရိမ်သောကရောက်နေကြဟန် မရှိပေ။

ကောင်းမှုကုသိုလ် ပြုလုပ်နေသောအချိန်မှာပင် အကယ်၍ဘေးအန္တရာယ်ဆိုးနှင့်တွေ့ပြီး အသက်သေဆုံးမည် ဆိုလျှင်သော်မှ မြတ်သည်ဟု ယူဆထားကြဟန် ရှိပေသည်။

စက်လှေပေါ်မှာ နီမောင်တို့ လေးယောက်လည်း ပါလာကြရာ ပင်လယ်ပြင်မှာ အနေကြာသူများ ဖြစ်ကြသဖြင့် ယခုကဲ့သို့ မိုးလေထသအခြေအနေကို မြင်သောအခါ မကြာမီ မိုးရောလေပါ ကျရောက်လာနိုင်သည်ကို သိကြလေသည်။

"အဘ တစ်မိုးလုံး မည်းမှောင်နေတာပဲ ..၊ မကြာခင် မိုးရော လေရော လာတော့မယ် ထင်တယ်"

"အခြေအနေကတော့ အန္တရာယ်ရှိတဲ့ လက္ခဏာပဲ ..၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် စက်လှေပေါ်မှာပါလာတဲ့ လူတွေက သိပ်ပြီး ဂရုထားကြတဲ့ပုံ မပေါ်ဘူး”

ဟု ခပ်တိုးတိုးပြောနေကြသည်။

လေတိုက်ခိုက်လာမှုကြောင့် ရေပြင်ပေါ်မှာ လှိုင်းအနည်းငယ် ထလာသည်။

သို့သော် ဖောင်တော်သွားရာ လမ်းကြောင်းမှာတော့ ကြီးမားသည့် အတားအဆီးမျိုးတော့ မရှိလှသေးပေ။ အတန်ကြာတော့ မိုးများ သဲသဲမဲမဲ ရွာချလာသည်။

“ဟာ!... ထူးဆန်းလိုက်တာ၊ ရှင်ဥပဂုတ္တအရှင်မြတ် တန်ခိုးတော်ကြောင့် ငါတို့ရှိတဲ့ နေရာတစ်ဝိုက်မှာ မိုးကွင်းနေတယ်ဟေ့”

“ရှင်ဥပဂုတ္တ ရုပ်တုတော်က တန်ခိုးပြပြီဟေ့”

ဟူသော အသံများ ထွက်လာကြလေသည်။

နီမောင်တို့လှေးယောက်မှာလည်း ထိုကဲ့သို့ ထူးဆန်းအံ့သြဖွယ်ကောင်းသော မြင်ကွင်းမျိုးကို တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးသောကြောင့် များစွာ အံ့သြနေကြလေသည်။

သဲသဲမဲမဲ ရွာနေသောမိုးက အရှေ့၊ အနောက်၊ ဇတောင်၊ မြောက် ဝဲယာမှာ မည်းမှောင်နေသော်လည်း သူတို့စက်လှေများနှင့် ဖောင်တော်ရှိသောနေရာ တစ်မိုင်ပတ်လည်နေရာမှာသာ သဲသဲမဲမဲ ရွာ





သွန်းနေခြင်းဖြစ်သော်လည်း ထိုအတွင်းမှာတော့ တစ်စက်တစ်ပေါက်မှ မကျပေ ..။

ထို့ပြင် လေလည်းမတိုက် ရေပြင်ပေါ်မှာ လှိုင်းလည်း မရှိပေ။ ထို့ကြောင့် အနှောင့်အယှက်ကင်းစွာဖြင့် ရှေ့သို့ သွားနိုင်ကြလေသည်။

ပြင်းထန်စွာ တိုက်နေသောလေနှင့် သဲသဲမဲမဲ ရွာချနေသောမိုးမှာ တစ်နာရီခန့် အချိန်ကြာသောအခါ လေလည်းရပ် မိုးလည်းသွားလေတော့သည်။

ကောင်းကင်ပြင်မှာလည်း ချက်ချင်း မိုးသားတိမ်တိုက်များ ကင်းစင်သွားပြီးနောက် ကြည်လင်လာသည်။

တိမ်တိုက်များကြားမှ နေရောင်ခြည်၏ အလင်းရောင်များပင် ပေါ်ထွက်လာသည်။

စောစောက မည်းမှောင်မှိုင်းညို့နေသော ပတ်ဝန်းကျင်မှာ ယခုတော့လည်း တောက်ပသော အလင်းရောင်များဖြင့် ဝင်းလက်လျက်ရှိနေသည်။

ဤသို့ဖြင့် ဖောင်တော်မှာ ပင်လယ်တွင်းသို့ ခရီးအတော်ရောက်လာခဲ့လေပြီ ..။

ပင်လယ်ရေစီးကြောင်း အတော်များများကိုလည်း ကျော်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြပြီး ဖြစ်ပေသည်။

သမုဒ္ဒရာဘက်သို့သွားသော ရေစီးကြောင်းနှင့်နီးသောနေ ရောက်ပါက ဖောင်တော်ကို မျှောချရတော့မည် ဖြစ်သည်။

ပင်လယ်ပြင်တွင် ရေထက်ရေကျ ရေစီးကြောင်းများ ကမ်းရိုး လှိုင်းရေစီးကြောင်း၊ ကန့်လန့်ဖြတ်ရေစီးကြောင်း စသော ရေစီး ကြောင်းများရှိသည့်အနက် ကန့်လန့်ဖြတ်ရေစီးကြောင်း (Rip Cu rents) သည် ကြောက်စရာအကောင်းဆုံး ဖြစ်သည်။

ကမ်းခြေကမ်းရိုက်လှိုင်း ကျော်ပြီး ပင်လယ်ပြင်ဘက်သို့ ထော မှန်ဖြတ်ကာ အလွန်အားကောင်း လျင်မြန်စွာ စီးသော ရေစီးကြောင် ဖြစ်သည်။

ပင်လယ်ပြင်သို့ ထွက်ကြသော လှေနှင့် သာမန်စက်လှေတို့ ထိုရေစီးကြောင်းအတွင်းသို့ ရောက်မသွားစေရန် အထူး ဂရုပြုကြ လေသည်။ ထိုကန့်လန့်ဖြတ်ရေစီးကြောင်း အတွင်းသို့ ရောက်သွာ ပါက ပြန်ထွက်ရန် မလွယ်လှသောကြောင့် ဖြစ်သည်။

ဖောင်တော်မျှောချပူဇော်ပွဲသို့ လိုက်လာကြသူများမှာ ပင်လယ် တွင်းမှာရှိသော ကန့်လန့်ဖြတ်ရေစီးကြောင်းနှင့် နီးလာသောအ ဖောင်တော်ကို ကြိုးဖြုတ်၍ မျှောချရန် ပြင်ဆင်ကြလေသည်။

ထိုအခိုက်မှာ ပင်လယ်ရေပြင်ပေါ်၌ ထူးခြားသော မြင်ကွင်





ချို့ကို မြင်ကြရလေသည်။ ရေပြင်ပေါ်မှာ ခေါင်းထောင်ထွက် သော အစိမ်းရောင်အဆင်းရှိသော ရေသတ္တဝါများကို လှမ်းမြင် ကြရခြင်း ဖြစ်သည်။

"ဟိုမှာ ဖောင်တော်ကို လာကြိုနေတဲ့ နဂါးတွေ ပေါ်လာပြီ" ဟု တစ်ယောက်က ပြောလေသ

ထိုလူက ဖောင်တော်မျှောပွဲသို့ နှစ်စဉ်လိုက်နေသူ ဖြစ်ဟန်ရှိ ည်။ ရေပြင်ပေါ်မှာ မြင်ရသော ဦးခေါင်းများကို မြင်ရုံနှင့်ပင် နဂါး းဟု ပြောနေသည်။

နီမောင်တို့က လှမ်းကြည့်ကြသော်လည်း အနည်းငယ် ဝေးနေ သာကြောင့် သဲသဲကွဲကွဲတော့ မရှိလှပေ။

"ဖောင်တော်ကို လာကြိုနေတဲ့ နဂါးတွေ ဟုတ်လား"

"ဟုတ်တယ်လေ..၊ ဖောင်တော်ကိုလည်း သူတို့ပဲ ပင့်ဆောင် သွားကြမှာလေ"

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ ရွာသာယာသို့ ရောက်ခဲ့စဉ်က မြနှင်းဖြူ ပြောလိုက်သော စကားများကို ပြန်လည် သတိရလာမိသည်။

"ဒီရုပ်တုတော်တွေကို ကျွန်မတို့လုပ်ထားတာ မဟုတ်ပါဘူး ..၊ ဟိုး .. ကမ်းခြေဘက်မှာနေကြတဲ့ လူတွေက ရှင်ပြုဂူအ



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပွဲတွေ လုပ်ကြတယ်၊

ဖောင်တော်မျှောပွဲတွေ လုပ်ကြပါတယ်၊ သူတို့မျှောချလိုက် ဖောင်တော်တွေက ပင်လယ်ရေစီးကြောင်းအတိုင်း မျောပါလာ တော့ ဒီကျွန်းမှာ လာတင်နေတာပါ။ တချို့လည်း ကျွန်မတို့ထွက် ဆယ်ယူထားရတာ[illegible] ရှိပါတယ်”

ဟူသော စကားပင် ဖြစ်သည်။

က်ခုံကနိတွင် ရှင်ဥပဂုတ္တ ဖောင်တော်မျှောချပူဇော်ပွဲ ရှိကြော ကိုလည်း သူမကပင် ကြိုတင်ပြောပြလိုက်ခြင်းကြောင့် သိရထ ယခုကဲ့သို့ လိုက်လာနိုင်ခြင်းပင် ဖြစ်ပေတော့သည်။

စက်လှေပေါ်မှာ လိုက်လာသူများက စက်လှေနှင့်တွဲချည်ထ သော ကြိုးများအားလုံးကို ဖြုတ်ချပေးလိုက်ကြသည်။ ဖောင်တေ က ရေစီးကြောင်းအတိုင်း မျောပါသွားလေသည်။

စက်လှေလေးစင်းကတော့ မိမိတို့နေရာသို့ ပြန်ရန် ဦးက လှည့်လိုက်ကြသည်။

တရွေ့ရွေ့နှင့် မျောပါသွားသော ဖောင်တော်သည် လွှန် ရေစီးကြမ်းသော ကန့်လန့်ဖြတ် ရေစီးကြောင်းအတွင်းသို့ ရော သွားလေပြီ။

ထိုအခါ ထပ်မံပြီး အံ့သြဖွယ်ရာကို မြင်တွေ့ရပြန်သည်။





စက်လှေတစ်စင်းပင် ရေဆန်တက်ရန် မလွယ်ကူလောက် အောင် ရေစီးကြမ်းလှသော ကန့်လန့်ဖြတ် ရေစီးကြောင်းအတွင်း ရောက်သွားသော ဖောင်တော်မှာ ရေအောက်မှ တစ်စုံတစ်ခုက ဆွဲထားသကဲ့သို့ ကျောက်ချထားသကဲ့သို့ဖြစ်ကာ ရပ်တံ့နေလေ သည်။

အရှိန်ပြင်းစွာဖြင့် စီးဆင်းလာသော ရေစီးကြောင်းများက ဖောင်တော်ရှိရာသို့ ရောက်သောအခါ ဘေးတစ်ဖက်တစ်ချက်သို့ ခွဲထွက်သွားကြသည်။

“ဟိုမှာဟေ့ .. ရှင်ဥပဂုတ္တဖောင်တော် ငါတို့ကို နောက်ဆုံးအနေ နဲ့ အပူဇော်ခံနေတယ်ဟေ့ .. ရှိခိုး ပူဇော်လိုက်ကြကွယ့်”

ဟု တစ်ယောက်က အော်ဟစ်သတိပေးသောအခါ စက်လှေ လေးစင်းပေါ်မှာ ရှိနေကြသော ပရိသတ်များက ရှိခိုးကန်တော့ကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁၀]

## ကျောက်ပြာသာဒ်ပေါ်မှ ရုပ်တုတော်

နီမောင်အနေနှင့် နောက်ပိုင်း ကျောက်ပြာသာဒ်ကျွန်းသို့ ပြန်ရောက်လာသော်လည်း ငါးဖမ်းသောအလုပ်ကို မလုပ်ချင်တော့ပေ။

သို့သော်လည်း တစ်နေရာနှင့်တစ်နေရာ ပြောင်းရွှေ့ဖို့နှင့် ချက်ချင်း အလုပ်အကိုင်ပြောင်းဖို့မှာ လွယ်ကူသောအရာ မဟုတ်ပေ။

လောလောဆယ် ဝမ်းစာအတွက်က ရှိနေသေးသောကြောင့် အချိန်တန်သောအခါ ငါးဖမ်းထွက်ရပြန်လေသည်။ သူ့ အခြေအနေကို အကဲခတ်မိတော့ ဦးမွန်ထော်ကပင် ဖျောင်းဖျ ပြောဆိုရသည်။





"ဒီအလုပ်တွေကို ငါလဲ မလုပ်ချင်တော့ပါဘူး ...၊ ဒါပေမယ့် ချက်ချင်းပြောင်းဖို့တော့ မလွယ်လှသေးဘူးကွာ ...၊ လောလောဆယ် ထမင်းစားရဖို့အတွက်တော့ မလုပ်ချင်ဘဲ လုပ်ကြရဦးမှာပဲ၊ ဒီနှစ် တုန်လို့ မိုးပြန်ကျရင် ပင်လယ်ထွက်တဲ့အလုပ်တွေ နားကြရမှာ မဟုတ်လား၊ အဲဒီအချိန်ရောက်တော့မှ ပြောင်းမယ်ဆိုရင်လဲ ငါတို့ အားလုံး ပြောင်းကြတာပေါ့ကွာ"

ဟုပြောရာ နီမောင်ကလည်း သဘောတူလေသည်။

နောက်ပိုင်းရက်များမှာ နီမောင်တို့ သုံးယောက်မှာ ပင်လယ်ပြင်ထွက်တိုင်း မြနှင်းဖြူတို့နေသောကျွန်းကို တွေ့ရလေမလားဟု ရှာဖွေကြည့်ကြသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။

"သူတို့နေတဲ့ကျွန်းနဲ့ ငါတို့နေတဲ့ကျွန်းက သိပ်မဝေးလှဘူး၊ တစ်ရေတက် တစ်ရေကျထက် ပိုမသွားရဘူး၊ အခု ငါတို့လဲ နေရာအနှံ့ ရောက်နေကြတာပဲ အစအနတောင် မတွေ့ရတာကတော့ အံ့ဩစရာပဲ"

နီမောင်က မကျေမနပ်ဖြင့် ပြောလေသည်။

"ငါတို့ရောက်သွားတဲ့ကျွန်းက လူတွေနေတဲ့ကျွန်းရော ဟုတ်ရဲ့လား မသိဘူး ...၊ နဂါးတွေဖန်ဆင်းထားတဲ့ နေရာများလားမှ မသိတာ၊ ဒါကြောင့် မတွေ့ရတာ နေမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စောထီးက ပြောသောအခါ မဲအောင်ကပါ ဝင်ပြောသည်။

"ငါတို့က တွေ့ချင်လို့ လိုက်ရှာတဲ့အခါ မတွေ့ရပေမယ့် သူတို့ တွေ့ချင်တဲ့အခါ မင်း အလွယ်တကူ ပြန်တွေ့ရမှာပေါ့"

မဲအောင် စကားကြောင့် နီမောင့်စိတ်ထဲမှာ အနည်းငယ် ဘဝင်ကျသလိုတော့ ဖြစ်သွားလေသည်။

နောက်ပိုင်းရက်မှာတော့ နီမောင်တို့သုံးယောက် ငါးရှာရန် ထွက်လာကြစဉ် ထူးဆန်းသော အရာတစ်ခုကို တွေ့ရလေသည်။

အခြားမဟုတ်ပေ ..။ ပင်လယ်ပြင်မှာ မျောပါလာသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်ကြရခြင်း ဖြစ်သည်။

ထိုအရာဝတ္ထုသည် လှိုင်းများကြားမှာ မြုပ်ချည်ပေါ်ချည်ဖြစ်နေသောကြောင့် သဲသဲကွဲကွဲ မရှိလှပေ။ အတန်ကြာသောအခါ သူတို့ လှေနှင့် နီးသောနေရာသို့ ရောက်လာသည်။

နီမောင်က လှမ်းကြည့်လိုက်သောအခါ တစ်ခုလုံး အစိမ်းရောင် ရေညှိများ ဖုံးနေပြီဖြစ်သော ရုပ်တုတစ်ခုပင် ဖြစ်ပေသည်။

"ဘာအရုပ်လဲ မသိဘူး"

နီမောင်က စိတ်ဝင်စားသောကြောင့် ရုပ်တုရှိသော နေရာသို့ လှေကိုလှော်သွားပြီးနောက် ထိုရုပ်တုကို လှေပေါ် ဆွဲတင်လိုက်သည်။





"ဟင်!..."

"ဘာအရုပ်ကြီးလဲ နီမောင်"

"ဒါ .. ရှင်ဥပဂုတ္တရုပ်တုတော်ပဲ ..၊ ရေပေါ်တဲ့ကျွန်းသားနဲ့ ထု လုပ်ထားလို့ ရေပေါ်မှာ မျောနေတာဖြစ်မယ်"

ကျန်နှစ်ယောက်ကပါ စိတ်ဝင်စားသောကြောင့် အနားလာ ကြည့်ကြသည်။

"အေး .. ဟုတ်တယ်ကွ"

"ရေထဲမှာ မျောပါနေတာ အတော်ကလေးကြာပြီနဲ့ တူတယ်၊ ရေညှိတွေတောင် အတော်တက်နေပြီ"

ရုပ်တုတော်မှာ ညာဏ်တော် ၂ ပေကျော် ၃ ပေနီးပါးအမြင့်ရှိပြီး ယခု တွေ့မြင်နေကျ ဆွမ်းစားနေသည့် ပုံသဏ္ဍာန်မျိုးပင် ဖြစ်ပေသည်။

ရေထဲမှာ နှစ်အတန်ကြာအောင် ရောက်နေခဲ့ဟန် ရှိလေသည်။ ရုပ်တုတစ်ခုလုံး ရေညှိရေမှော်များ တက်နေပြီး ကထာန်းနှင့် အခြား ရေသတ္တဝါငယ်ကလေးများ တွယ်တက်နေကြသည်။

ရုပ်တုတစ်ခုလုံး ပျက်စီးချို့ယွင်းမှု မရှိသေးသော်လည်း ရေညှိရေမှော်များက လွှမ်းခြုံထားသောကြောင့် ရုတ်တရက်ကြည့်ပါက မည်သည့်ရုပ်တုမျိုး ဖြစ်သည်ကိုပင် မသိနိုင်လောက်အောင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ နီမောင်က ရုပ်တုတော်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိလေသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ...၊ ငါတို့နေတဲ့ကျွန်းကို ယူသွားရရင် ကောင်းမလား"

"မဖြစ်ဘူး ထင်တယ် နီမောင် ...၊ မင်းလဲ ကျွန်းကလူတွေ အကြောင်း သိတာပဲ...၊ ဒီရုပ်တုကို ယူသွားရင် ငါတို့ကို ရန်ရှာကြလိမ့်မယ်"

"ဟုတ်တယ် နီမောင် .. သူတို့က ဘုရားမှန်း တရားမှန်း မသိတဲ့ နတ်ကိုးကွယ်သူတွေဆိုတော့ ဒီရုပ်တုကိုမြင်တာနဲ့ သိရင် လက်ခံကြမှာ မဟုတ်ဘူး"

"ဒီတော့ ဒီရုပ်တုကို ယူသွားပြီးတော့ တစ်နေရာမှာ ဝှက်ထားရင်ကော မဖြစ်ဘူးလား"

"မင်း ဒီလိုလုပ်လို့ ရမယ်မထင်ဘူး ...၊ မင်းယူသွားပြီး တစ်နေရာမှာထားလို့ တစ်ယောက်ယောက်က သိသွားရင် ပြဿနာကသေးမှာ မဟုတ်ဘူး။ ဒီတော့ စိတ်လျှော့လိုက်ပါတော့ကွာ"

"ဟုတ်တယ် နီမောင် ငါတို့ ပူဇော်ခွင့်ရမယ်ဆိုရင် ဒီလို အခွင့်အရေးမျိုး နောက်တစ်ကြိမ် ရဦးမှာပေါ့ကွာ"

ဟု ကျန်နှစ်ယောက်က ဝိုင်းဝန်းပြောကြသဖြင့် နီမောင်လည်း





စိတ်မကောင်းစွာနှင့်ပင် ရုပ်တုကို ပင်လယ်ရေသို့ ပြန်လည် မျှောချလိုက်ရလေသည်။ စိတ်ထဲမှာတော့ ...

"တပည့်တော်တို့ ပူဇော်ခွင့်ရမယ်ဆိုရင် နောက်တစ်ကြိမ် ထပ်ပြီး ကြုံပါရစေသား အရှင်ဘုရား"

ဟု ရေရွတ် ဆုတောင်းလိုက်သည်။ ရေပြင်ပေါ်သို့ မျှောချလိုက်သော ရုပ်တုကတော့ လှိုင်းလုံးများကြား၌ ပျောက်ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နောက်ထပ် ရက်အနည်းငယ်ကြာသောအခါ ကျောက်ပြာသာဒ်ကျွန်းတွင် ထူးခြားသော အဖြစ်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

ရွာလူကြီး ဓမုန်းထန်က တုံးမောင်းခေါက်ပြီး ခေါ်သဖြင့် ပင်လယ်မထွက်သူများ ၎င်းနေအိမ်ရှိရာသို့ သွားကြရလေသည်။

"မင်းတို့ခေါ်ရတာ တခြားမဟုတ်ဘူး ...၊ ငါတို့ကျွန်းပေါ်ကို အရုပ်ကြီးတစ်ရုပ် လာတင်နေတယ်..၊ ပင်လယ်ထဲ ပြန်လွှင့်ပစ်တော့လဲ မရဘူး။ အဲဒီနေရာကိုပဲ ပြန်ရောက်နေတယ်၊ ဖျက်ဆီးပစ်ဖို့ကျတော့လဲ ဘာရုပ်တုမှန်း မသိတော့ မလုပ်ဝံ့ဘူး"

"ရုပ်တုက ဘယ်မှာလဲ သူကြီး"

"ဟိုး ... ချွန်းထိပ်ဘက်က သောင်ပေါ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှာတော့ ဇမုန်းထန်က ဦးဆောင်ပြီး ရွာသားအချို့နှင့်အတူ ထိုနေရာသို့ သွားကြည့်ကြလေသည်။ နီမောင်တို့ လေးယောက်လည်း ပါသွားကြသည်။ ကျွန်းမှာ အရှေ့နှင့် အနောက် အလျားလိုက် အနေအထားရှိရာ အရှေ့ဘက်တွင် သောင်ပြန့် အတော်များများ ရှိလေသည်။

သောင်ပြန့်များအထက် ကျောက်ဆောင်များရှိသောနေရာမှာတော့ ရုပ်တုကို တွေ့ရသည်။

ရုပ်တုက ကျောက်တောင်တစ်ခု၏ထိပ်ပေါ်တွင် တစ်စုံတစ်ယောက်က တင်ထားသကဲ့သို့ အပေါ်ရောက်နေလေသည်။

ထိုရုပ်တုကိုမြင်တော့ နီမောင်တို့ သုံးယောက်စလုံး အံ့ဩသွားကြလေသည်။ အခြားမဟုတ်ပေ .. ထိုရုပ်တုမှာ တလောက ပင်လယ်ပြင်မှာ မျောပါနေစဉ် တွေ့ခဲ့ရသော ရှင်ဥပဂုတ္တရုပ်တုပင် ဖြစ်ပေသည်။

နီမောင်က ဦးမှုန်ထော်ကိုခေါ်ပြီး အကျိုးအကြောင်း ပြောပြလိုက်လေသည်။

"ဒီလိုဆိုရင်တော့ ဒီနေရာကို မ[illegible]က်တဆ လာတင်နေတာတောင် ဟုတ်ချင်မှ ဟုတ်မယ်"

"ဘာဖြစ်လို့လဲ အဘ"





"ဒီကျွန်းမှာရှိတဲ့လူတွေ ကိုးကွယ်ဖို့ ပင်လယ်စောင့်နတ်တွေက တမင်ပို့ပေးလိုက်တာတောင် ဖြစ်ချင်ဖြစ်နေမှာ"

ထိုစကားကြောင့် ကျွန်ုပ်သုံးယောက်မှာ စိတ်ဝင်စားသွားကြလေသည်။

"ဒါပေမယ့် ဒီကျွန်းမှာရှိတဲ့လူတွေက နတ်ကိုပဲ ယုံကြည် ကိုးကွယ်တာ ..၊ ဒါတွေကို လုပ်မှာမဟုတ်ဘူး"

"ကျွန်တော့်အထင်ပြောရရင် ဒီရုပ်တုဟာ ဘာသာရေးနဲ့ သက်ဆိုင်တဲ့ ရုပ်တုမှန်းသိရင်တောင် ဖျက်ဆီးပစ်မှာ စိုးရတယ်"

စောထီးနှင့် ငမဲအောင်တို့က စိုးရိမ်ပူပန်စွာ ပြောကြလေသည်။

"စိတ်မပူပါနဲ့ ..၊ ဒီကျွန်းမှာရှိတဲ့လူတွေက ငါးများများရဖို့ပဲ စိတ်ဝင်စားတယ်၊ ကျန်တာတွေ သိလဲ မသိဘူး .. စိတ်လဲ မဝင်စားဘူး။ သူတို့တစ်တွေ နတ်ကိုးကွယ်တယ်သာ ပြောတယ် သူတို့ ယုံကြည်ကိုးကွယ်တဲ့နတ်က ဘာမှန်းတောင် သိကြတာ မဟုတ်ဘူး..၊ အခု ဒီရုပ်တုကိုလဲ ဘာရုပ်တုမှန်း သိပုံမရဘူး..၊ အဲဒါ ငါတို့အတွက် ကောင်းတယ်"

ဟု ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောသည်။

"ဘယ်လိုကောင်းတာလဲ အဘရဲ့"

"ဒီရုပ်တုကို သူတို့မှ မသိတာ ..၊ နတ်ရုပ်လို့ပြောပြီး ကျွန်ုပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထားရမှာပေါ့"

"ဖြစ်ပါ့မလား .. တော်ကြာ သိတဲ့လူတွေ မြင်သွားတော့ မခက်ဘူးလား"

"မခက်ပါဘူးကွာ ..၊ ဘယ်သူမှလဲ စိတ်ဝင်စားပြီး တကူးတက ကြည့်မနေပါဘူး"

ထိုသို့ ပြောဆိုတိုင်ပင်နေကြစဉ် သူတို့အနီးသို့ ဇမုန်းထန် ရောက်လာသည်။

"ကဲ .. ဒီကျွန်းက လူတွေကတော့ ဘာအရုပ်မှန်း မသိကြဘူး၊ ခင်ဗျားတို့ရော သိလားဗျ"

"အင်း သိသလိုတော့ ရှိတယ် .. ကျုပ် ခပ်ငယ်ငယ်တုန်းက ပင်လယ်ထဲက ကျွန်းတစ်ကျွန်းရောက်သွားတော့ အဲဒီရုပ်တုမျိုးကို ပူဇော်ပသကြတာ တွေ့ဖူးတယ်ဗျ"

"ဒါက ဘာရုပ်တုလဲဗျ"

"ပင်လယ်စောင့်နတ်ရုပ်လို့တော့ ပြောတာပဲ"

ဦးမွန်ထော်က စကားကို မယုတ်မလွန် ပြောလိုက်လေသည်။

"ဟုတ်ပါ့မလားဗျ .. ဒီရုပ်တုမျိုးကို တွေ့တော့ သိပ်မတွေ့ဖူးဘူး။ ဒီရုပ်တုက ဘယ်လိုအစွမ်းရှိသလဲ"

"ပင်လယ်မှာနေတဲ့ လူတွေအတွက်တော့ ကောင်းကျိုးရှိပါ





တယ်"

"ဘယ်လိုရှိတာလဲ ငါးများများ ရအောင်လုပ်ပေးနိုင်သလား"

"ငါးများများရအောင် လုပ်ပေးနိုင်မယ် မထင်ဘူး ..၊ ဒါပေမယ့် မုန်တိုင်းနဲ့ လေမိုးအန္တရာယ်တွေကိုတော့ ကာကွယ်ပေးနိုင်တယ်"

ထိုစကားကြားသောအခါ ဇမုန်းထန်သာမကပဲ အနားမှာ ရှိနေကြသူများပါ အံ့ဩသွားကြသည်။

စိတ်ဝင်စားမှုလည်း ရှိသွားကြလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ ..၊ ကျုပ်ကတော့ ဒါမျိုးတွေ သိပ်မသိဘူး ..၊ ခင်ဗျား သဘောလဲ ပြောပါဦး"

"ကျုပ်သဘောပြောရရင် ကျွန်းထိပ်မှာရှိတဲ့ ကျောက်ပြာသာဒ်ကြီးမှာ တင်ထားလိုက်ရင် ပိုကောင်းမယ် ထင်တယ်"

"ဒီလိုဆိုရင်လဲ ခင်ဗျားတို့ပဲ လုပ်လိုက်လေဗျာ"

ဟုပြောပြီး ဇမုန်းထန်က ပြန်ထွက်သွားလေသည်။

ထိုအခါမှ နီမောင်တို့လည်း အနည်းငယ် စိတ်သက်သာရာရကြလေသည်။

"ကိုင်း .. ငါမပြောဘူးလား ..၊ သူတို့တစ်တွေ ဘာမှမသိပါဘူးလို့"

"မသိတာတော့ ဟုတ်ပါပြီ ..၊ ကျွန်တော်တို့က အခု ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမှာလဲ"

"ဒီရုပ်တုကို ကျောက်ပြာသာဒ်ကို သယ်သွားမယ်လေ ..၊ ဟို ရောက်တော့မှ အခြေအနေကြည့်လုပ်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီး ရှင်ဥပဂုတ္တရုပ်တုကို လှေတစ်စင်း ပေါ် တင်ကာ သယ်ဆောင်သွားကြလေသည်။ ကျောက်ပြာသာဒ်မှာ ကျွန်း၏ အနောက်ဘက်နေရာတွင် ထီးထီးကြီး ရှိလေသည်။

၎င်း၏ ပုံသဏ္ဌာန်မှာ သဘာဝအတိုင်း ဖြစ်နေသည်ဆိုသော် လည်း လူတို့ထုလုပ်ထားသော ပြာသာဒ်နှင့် များစွာ ဆင်တူလှပေ သည်။ အတွင်း၌ ပလ္လင်နှင့်တူသော ကျောက်နံရံတစ်ခုလည်း ရှိ သည်။

ဒေသခံများက ထိုနေရာကို 'ပလ္လင်မှော်'ဟု ခေါ်ဝေါ်ကြသည်၊ တကယ်တော့ သူတို့အနေနှင့် ပလ္လင်ဆိုသည်မှာ ဘာမှန်းပင် မသိ ကြသော်လည်း ရှေးကလူများ အစဉ်အဆက် ခေါ်ခဲ့ကြသောကြောင့် ထိုအမည်ကို ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ပလ္လင်မှော်ဟု ခေါ်သောနေရာမှာ နာမည်ကြီးသည်။ ထိုနေရာ တစ်ဝိုက်မှာ တောင်ပြန့်ရေတိမ်များမရှိဘဲ ကျောက်ဆောင်ကျောက် တန်းများသာ ရှိကြလေသည်။

အချို့နေရာများမှာ ရှိကြသည့် ကျောက်ဆောင်နံရံကြီးများ





ဆိုလျှင် အတော်ပင် မြင့်မားလေသည်။ ရေအောက်မှာလည်း ကျောက်စွယ်ကျောက်စွန်းများက နေရာမလပ် ပြည့်နေသည်။

ထိုနေရာသည် ရေစူးနက်သည်၊ ဝဲကြမ်းသည်၊ ဒီရေတက် လာလျှင် မှော်အတွင်းမှ ဝဲဟီးသံ၊ ဝဲအော်သံများ ကြားရလေ့ရှိသည်။ ထို့ကြောင့် ထိုနေရာကို ကျောက်ပြာသာဒ် ပလ္လင်မှော်ဟု ခေါ်ကြ သည်။ ဒေသခံများကတော့ 'ပလ္လင်မှော်'ဟုသာ အလွယ်တကူ ခေါ် ဝေါ်ကြသည်။

နီမောင်တို့ လေးယောက်သည် ရှင်ဥပဂုတ္တရုပ်တုတော်ကို ထို နေရာအောင် သယ်ယူလာပြီး ရုပ်တုအပေါ်မှာ ကပ်နေသော ရေညှိ ရေမှော်များကို ရေဖြင့် ဝိုက်ချတ် ဖယ်ရှားလိုက်ကြသည်။

ထိုအခါမှ ရုပ်တု၏ပုံပန်းသဏ္ဌာန်မှာ အနည်းငယ် ပေါ်လာလေ သည်။ ကျွန်းသားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ထုလုပ်ထားပုံမှာလည်း လက်ရာကောင်းလှသည်။

"အခုလို ပုံပေါ်လာပြီဆိုတော့ နောက်ပိုင်းမှာ သိတဲ့လူတွေ ပေါ်လာနိုင်တယ်"

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ နီမောင်ရယ် ..၊ သူတို့ မသိနိုင်ပါ ဘူး။ တကယ်လို့ သိသွားတော့လဲ တစ်မျိုးတစ်ဖုံ လုပ်ကြတာပေါ့၊ အခုလောလောဆယ်တော့ ငါတို့ ကံကောင်းတာပဲ ..၊ ငါတို့ ကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ဖို့အတွက် နတ်ကောင်းနတ်မြတ်တွေက ဒီရုပ်တုကို တမင် ပို့ပေးလိုက်တာလဲ ဖြစ်နိုင်တယ်ကွ"

ဦးမွန်ထော်ဟာတော့ အကောင်းဘက်ကချည်းတွေး၍ ပြောနေလေတော့သည်။

ထို့နောက် လေးယောက်သား ရုပ်တုတော်ကို ကျောက်ပြာသာဒ်ပေါ်မှ ပလ္လင်ပေါ်သို့ အကျအန တင်ထားလိုက်ကြသည်။

နောက်ပိုင်းရက်များမှာလည်း ငလယ်ပြင်မှ ပြန်ရောက်လာလျှင် ထိုရုပ်တုရှိရာသို့သွားပြီး ပူဇော်မှုပြုကြလေသည်။

ထိုသို့ ပြုလုပ်နေခြင်းကို အခြားရွာသားများ မသိစေရန်လည်း ဂရုစိုက်ကြရသည်။ ကျွန်းမှာနေကြသော ရွာသူရွာသားများကတော့ ထိုရုပ်တုအကြောင်းကို သတိပင် မရကြတော့ပေ။





အခန်း [၁၁]

## ထံဝရှိုဝ်နှင့် ထူတ်မာသော အကြံအစည်

နီမောင်တို့လေးယောက် ထိုကဲ့သို့ လျှို့ဝှက်စွာ ပြုလုပ်နေကြသည်ကို အခြားသူများကသာ မရိပ်မိသော်လည်း ထိုအကြောင်းကို တစ္စန်းတစ ရိပ်မိနေသူတစ်ဦးကတော့ ရှိသည်။

သံပချိုင်ဆိုသူပင် ဖြစ်သည်။

သံပချိုင်သည် ဆလုံတစ်ဦးဖြစ်ပြီး နတ်ကိုသာ ယုံကြည်ကိုးကွယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် ကဒုံ၊ ဖရာ စသော နေရာများကို မကြာခဏ လှည့်လည်သွားလာနေသူတစ်ဦး ဖြစ်သဖြင့် ထို ရုပ်တုအကြောင်းကို အတန်အသင့် သိထားသူတစ်ဦးဖြစ်သည်။

နီမောင်တို့ ကျောက်ပြာသာဒ်တွင် ရုပ်တုတစ်ခုထားကြောင်း သိသောအခါ မသိမသာ သွားရောက်ကြည့်လေသည်။

ရုပ်တုကို မြင်သောအခါ ဖမုန်းထန်နေအိမ်သို့ ကပျာကယာ သွားပြောသည်။

"သူကြီး .. နီမောင်တို့ ကျောက်ပြာသာဒ်မှာ ရုပ်တုတစ်ခု တင်ထားတာ သိပြီးပြီလား"

"ငါ သိတယ်လေ .. ဘာဖြစ်လို့လဲ"

"အဲဒီအရုပ်က ဘာအရုပ်လဲဆိုတာရော သိရဲ့လား"

"ငါတော့ ဘယ်သိပါ့မလဲ ..၊ သူတို့ပြောတော့ 'ပင်လယ်နတ်' ရုပ်တုလို့ ပြောတာပဲ"

"ဘယ်က ဟုတ်ရမှာလဲဗျာ ..၊ အဲဒါ နတ်ရုပ် မဟုတ်ဘူး.. သူတို့ကိုးကွယ်တဲ့ ရုပ်တုဗျ ..၊ ကတုံးနဲ့ သပိတ်ပိုက်ထားတာ နတ်ရုပ် ဖြစ်ပါ့မလား"

"ဟုတ်ရဲ့လား သံပချိုင်ရဲ့"

"ဟုတ်တာမှ သိပ်ဟုတ်တာပေါ့ဗျာ ..၊ ကျုပ်က ကဒုံ၊ ဖရာ





ဘက်တွေကို မကြာခဏရောက်နေတာ ..၊ ဒီရုပ်တုမျိုး မြင်ဖူးနေတာပဲ၊ အဲဒါ သူတို့ကိုးကွယ်တဲ့ ဘုန်းကြီးရုပ်တုဗျ၊ နတ်ရုပ်ဆိုတာ သူတို့ ယိမ်ညာပြောတာ"

ဖမုန်းထန်က ဆေးပဟ်လိပ်ကို မီးခိုးတလောင်းလောင်း ထအောင်ဖွာရင်း စဉ်းစားနေလေသည်။

"ဒီအကြောင်းကို ရွာသားတွေသိရင် သဘောကျကြမှာ မဟုတ်ဘူး..၊ တော်ကြာ သူကြီးကို အပြစ်ပြောကြလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"သူတို့ မသိအောင် အရုပ်ကို ဖျက်ဆီးပစ်လိုက်ပေါ့ဗျ၊ ဒါမှ မဟုတ် ပင်လယ်ထဲသွားမျှောရင်လဲ မျှောပစ်လိုက်ပေါ့"

"ငါက လူကြီးဖြစ်နေတော့ မလုပ်ချင်ဘူး၊ မင်းတို့လူငယ်တွေပဲ လုပ်လိုက်ကြကွာ ..၊ တစ်ခုတော့ ရှိတယ် .. ဦးမွန်ထော်တို့တော့ မသိတာ ကောင်းတယ်၊ တော်ကြာ မျက်နှာပျက်စရာတွေ ဖြစ်မယ်"

ဟုလည်း သတိပေးလိုက်သည်။

"စိတ်ချစမ်းပါဗျာ ..၊ ဒီကိစ္စ သံပချိုင် တာဝန်သာ ထားလိုက်စမ်းပါ"

ဟုပြောပြီး သံပချိုင် ပြန်သွားလေသည်။

နောက်ပိုင်းမှာတော့ သံပချိုင်မှာ ၎င်းနှင့် သဘောညီသော



www.burmeseclassic.com

www.burmeseclassic.com



အဖော်နှစ်ယောက်ကို ရှာပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

ကုလားပုနှင့် သံခဲဆိုသူတို့ဖြစ်ပြီး အရက်တိုက်လျှင် ဘာမဆို လုပ်ကိုင်ဝံ့သူများ ဖြစ်သည်။

သံပချိုင်က ဦးမွန်ထော်နှင့် နီမောင်တို့သုံးယောက် ပင်လယ်ထွက်မည့်အချိန်ကို စောင့်နေလေသည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ နီမောင်တို့သုံးယောက်ရော ဦးမွန်ထော်တို့ပါ ပင်လယ်ထွက်သွားကြလေသည်။

ထိုအခါ ညဦးပိုင်းအချိန်လောက်တွင် သံပချိုင်တို့သုံးယောက် သည် ကျောက်ပြာသာဒ်ရှိရာသို့ သွားကြလေသည်။

ထိုနေရာတစ်ဝိုက်တွင် လူနေအိမ် မရှိပေ။

သစ်ပင်သစ်တောများနှင့် ကျောက်ဆောင်များသာ ရှိသည်။ ထိုနေ ရာဘက်သို့ သွားသောလမ်းမရှိဘဲ တောထဲမှပင် အဆင်ပြေသလို သွားကြရသည်။

ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် တောထဲမှာ အမှောင်ရိပ်များ သမ်းစပြုနေပြီ ..။

သံပချိုင်၊ ကုလားပုနှင့် သံခဲတို့ သုံးယောက်စလုံး အရက်မူးအောင် သောက်ထားကြသည်။

သူတို့တွင် ဓားလှံ၊ မီးခြစ် စသည်တို့ ပါလာသည်။





သံပချိုင် လက်ထဲမှာ လက်နှိပ်မီးတစ်လက်နှင့် လုံရှည်တစ်လက် ပါသည်။ ထိုနေရာသို့ အရောက်အပေါက်နည်းသည်ဆိုသော်လည်း ရွာနှင့် မဝေးလှသောကြောင့် အခက်အခဲမရှိ သွားနိုင်ကြသည်။

ထို့ပြင် ကျွန်းပေါ်၌ ဖြစ်သောကြောင့်လည်း မျက်စိလည်စရာလမ်းမှားမည်ကို မပူရပေ။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ အတန်ကြာတော့ ကျောက်ပြာသာဒ်နှင့် မလှမ်းမကမ်းနေရာသို့ ရောက်လာကြသည်။

ထိုနေရာရောက်သောအခါ ကျောက်ပြာသာဒ်ရှိရာဘက်မှ အမျိုးသမီးများ စကားပြောသံများ ကြားရသောကြောင့် သုံးယောက်သား ခြေလှမ်းတန့်သွားကြသည်။

“စကားပြောသံတွေ ကြားရတယ်”

“ဟုတ်တယ် မိန်းမအသံတွေပဲ ..၊ ဘယ်က မိန်းမတွေ ဒီနေရာ ရောက်နေကြသလဲ မသိဘူး”

“ငါတို့နေတဲ့ ကျွန်းပေါ်မှာလေ ..၊ ဒီနေရာကို ဘယ်သူလာမှာလဲ ..၊ ရွာထဲက လူတွေပဲ ဖြစ်မှာပေါ့”

ထိုသို့ပြောပြီး ရှေ့သို့ ဆက်လျှောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အသံကြား၍လား မပြောတတ်ပေ .. မောစောက ကမ်းစပ်ဘက်မှ ကြားနေရသည့် စကားပြောသံများက ပျောက်သွားသည်။

ကမ်းစပ်နှင့် မနီးမဝေးရောက်တော့ သံပချိုင်ပဲ လက်ထဲမှာပါလာသော လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးကြည့်လိုက်သည်။

ကျောက်ပြာသာဒ်တစ်ဝိုက်မှာ ဘယ်သူမှ မတွေ့ရပေ ..။

"ဟင်!.. ဘယ်ရောက်ကုန်ပြီလဲ"

"ငါတို့ ဆင်းလာတဲ့အသံကြားလို့ ပုန်းနေကြတာဖြစ်မှာပေါ့"

ဟုပြောပြီး သုံးယောက်သား ကျောက်ပြာသာဒ်ရှိသော နေရာသို့ သွားကြလေသည်။ ကျောက်ပြာသာဒ်မှာ တောင်ကုန်းအမြင့်ပေါ်၌ရှိသောကြောင့် ဘယ်နေရာမှကြည့်ကြည့် အထင်းသား မြင်နိုင်လေသည်။

ထို့ပြင် ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ချုံနွယ်များ မရှိသလို ကျောက်ဆောင်များလည်း မထူထပ်လှပေ။

ထိုနေရာတစ်ဝိုက်တွင် ကျောက်ဆောင်များကို ပင်လယ်ရေလှိုင်းများက တဝုန်းဝုန်းနှင့် လာရောက်ရိုက်ခတ်နေသော အသံများမှလွဲပြီး အခြား လူသံသူသံ လုံးဝ မကြားရတော့ပေ..။

"စောစောက မိန်းမသံတွေ ကြားရတာ ဒီနေရာတစ်ဝိုက်ကပဲ





မဟုတ်လား"

"ဟုတ်တယ်လေ"

"အခု ဘယ်ရောက်သွားကြပြီလဲ"

"ဘယ်သိမှာလဲ ဟ ..၊ မင်းနဲ့ငါတို့နဲ့ အတူတူလာကြတာပဲ၊ ဘယ်လိုသိမှာလဲ"

"ငါထင်တာတော့ ငါတို့ကို သရဲခြောက်တာများ ဖြစ်မလားမသိဘူး"

"ဟုတ်မယ် မထင်ပါဘူးကွာ ..၊ ငါတို့ လာတာမြင်လို့ တစ်နေရာမှာ ပုန်းနေတာ ဖြစ်မှာပါ"

"ပုန်းရင် ကျောက်ဆောင်တွေကြားမှာပဲ ပုန်းစရာ ရှိတယ်၊ လိုက်ရှာကြည့်ကြရအောင်"

ဟု ပြောပြီး သုံးယောက်သား ထိုနေရာတစ်ဝိုက်သို့ မီးရောင်ဖြင့်ထိုးကာ လိုက်ပါရှာဖွေသော်လည်း တစ်ဦးတစ်ယောက်မှ မတွေ့ရသဖြင့် မကျေမနပ် ဖြစ်သွားကြလေသည်။

"ငါတို့ကို သရဲခြောက်တာပဲ ဖြစ်မှာပါ"

"သရဲခြောက်တော့လဲ ကြောက်စရာလား ..၊ ဒီတစ်ခါခြောက်လို့ကတော့ ဓားစာအမိပဲ"

ဟု သံခဲက ဓားကြိမ်းကြိမ်းနေသည်။ ထို့နောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား လက်လျှော့ပြီး ကျောက်ပြာသာဒ်ရှိရာသို့ ပြန်တက်လာကြသည်။

"သူတို့အရုပ်ထားတာ ကျောက်ပြာသာဒ်ထဲက ကျောက်ပလ္လင်ပေါ်မှာ မဟုတ်လား"

"ရွာလူကြီးကတော့ အဲဒီလို ပြောလိုက်တာပဲ"

သုံးယောက်သား ကျောက်ပြာသာဒ်အတွင်း ဝင်လာတော့ ကျောက်ပလ္လင်ပေါ်မှာ ဘာမှမတွေ့ရပေ ..။

"ဟင်!... ဒီအပေါ်မှာ ဘာမှမရှိပါလား"

"ဘယ်ရောက်သွားပြီလဲ ..၊ ဒီအပေါ်မှာ ရှိတာရော သေချာလို့လား"

"သေချာပါတယ် ...၊ ဒီနေရာအပြင် ဘယ်နေရာ ထားစရာ ရှိလို့လဲ"

"ဒါဖြင့် ဘယ်ရောက်သွားပြီလဲ ..၊ စောစောက အသံကြားတဲ့ မိန်းမတွေများ ယူသွားသလား။ ဒါမှမဟုတ် နီမောင်တို့က သူတို့အရုပ်ကို ဖျက်ဆီးပစ်မှာစိုးလို့ တခြားမှာ ဝှက်ထားခဲ့သလား"

ဟု တွေးတောကာ ထိုအနီးတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း မည်သည့်ရုပ်တုမှ မတွေ့ကြရသဖြင့် နောက်ဆုံး လက်လျှော့ပြီး ပြန်ခဲ့ကြရသည်။





သို့သော်လည်း သံပချိုင်မှာ မကျေမနပ် ဖြစ်နေသည်။

ညက မိမိတို့ အရက်မူးနေသဖြင့် ရှာမတွေ့ခဲ့ခြင်း ဖြစ်သလားဟု တွေးမိပြီး နောက်တစ်နေ့မနက် အစောကြီး ထိုနေရာဘက်သို့ တစ်ယောက်တည်း ထွက်လာကာ ကြည့်ဖြန့်လေသည်။

ကျောက်ပြာသာဒ်နေရာရောက်တော့ ကျောက်ပလ္လင်ပေါ်မှာတော့ ရုပ်တုကို မတွေ့ရပေ။

ထိုနေရာနှင့်မနီးမဝေး ကျောက်ဆောင်များကြားမှာ ခရုကောက်နေကြသည့် အမျိုးသမီးနှစ်ယောက်ကိုတော့ တွေ့ရသည်။

"ဘယ်က မိန်းကလေးတွေပါလိမ့်၊ ငါတို့ရွာကတော့ မဟုတ်ဘူး" ဟု တွေးမိသဖြင့် ထိုနေရာနှင့် မနီးမဝေးရောက်အောင် သွားပြီး လှမ်းမေးလိုက်သည်။

"ဟေး .. နင်တို့ ဘယ်ရွာက လာကြတာလဲ"

သူ့အသံကြားတော့ တစ်ယောက်ကလှည့်ကြည့်ပြီး ပင်လယ်ပြင်ဘက်သို့ လက်ညှိုးထိုးပြသည်။

"အခု ဘာလုပ်နေကြတာလဲ"

"ခရုကောက်နေတာ မမြင်ဘူးလား"

တစ်ယောက်က အသံခပ်မာမာဖြင့် ပြန်ပြောသည်။

"ဒါထက် ဒီနားတစ်ဝိုက်မှာ သစ်သားနဲ့ထုထားတဲ့ အရုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုပ် မတွေ့မိဘူးလား"

"မတွေ့မိပါဘူး ...၊ တွေ့တော့ နင်က ဘာလုပ်မလို့လဲ"

"ဒီအရုပ်မျိုးက ငါတို့ကျွန်းနဲ့ မအပ်စပ်တာ .. တွေ့ရင် ဓားနဲ့ ခုတ်ပြီး ဖျက်ဆီးပစ်ရမှာပေါ့"

"အဲဒီလိုလုပ်ရင် နင် အသေဆိုးနဲ့ သေမှာပေါ့"

ထိုအမျိုးသမီး ပြောလိုက်သော စကားကြောင့် သတ္တိကောင်းလှပါသည်ဆိုသော သံပချိုင်ပင် လန့်သွားသည်။

"နင် ဘာကြောင့် အဲသည်လို ပြောတာလဲ"

"အဲဒီ ရုပ်တုအကြောင်းကို ငါတို့ ကောင်းကောင်းသိတယ်"

"အဲဒီရုပ်တုက တန်ခိုးရှိတယ်၊ နင် ဖျက်ဆီးလို့မရဘူး"

"ငါ ဒါမျိုးတွေ အယုံအကြည် မရှိဘူး ...၊ တွေ့ရင် အခုချက်ချင်း ဖျက်ဆီးပစ်ရမှာပဲ"

"ပြောမရတော့လည်း နင့်သဘောပဲပေါ့"

ဟု ပြောပြီးနောက် အမျိုးသမီးနှစ်ယောက်က ကျောက်ဆောင်များကြားသို့ ဝင်သွားလေတော့သည်။

"ဟေ့ .. ဟေ့ နေကြဦးဟေ့ ...၊ အခု ဘယ်သွားကြမှာလဲ"

သံပချိုင်က အမျိုးသမီးနှစ်ယောက် ဝင်သွားသော ကျောက်ဆောင်များကြားသို့ လိုက်သွားသည်။





ကျောက်ဆောင်များကြားမှာ ဟနေသော လိုဏ်ခေါင်းပေါက်များသာ တွေ့ရပြီး အမျိုးသမီးနှစ်ယောက်ကိုတော့ မတွေ့ရတော့ပေ ...။

"ဘယ်ရောက်သွားပါလိမ့်"

ပဲ့ဟိုဒီဒီ လိုက်ကြည့်တော့လည်း မတွေ့ရသဖြင့် ထိုနေရာမှ ပြန်တက်ခဲ့လေသည်။

ကျောက်ပလ္လင်ပေါ်မှာ ဘာမှ မတွေ့ရတာတော့ သေချာပေပြီ..။ ထိုအကြောင်းကို ဇမုန်းထန်နှင့် တွေ့သောအခါ ပြန်ပြောပြလိုက်သည်။

"သူကြီးကို ကျုပ်ပြောတယ် မဟုတ်လား ...၊ နီမောင်တို့ မရှိးသားပါဘူးဆိုတာ ...၊ အခု သူတို့ ပင်လယ်ထွက်သွားတော့ သူတို့ အရုပ်ကို သူများတွေ ဖျက်ဆီးမှာစိုးလို့ တစ်နေရာမှာ ဝှက်ထားခဲ့တယ်"

"ဟုတ်ရဲ့လား သံပချိုင်ရဲ့"

"ဟုတ်ပါတယ်ဗျာ .. ညက ကျုပ်တစ်ယောက်တည်း သွားတာတောင် မဟုတ်ဘူး ...၊ ကုလားပုနဲ့ သံခဲကိုတောင် ခေါ်သွားသေးတာ..၊ ဒီမနက် စိတ်မသက်သာတာနဲ့ တစ်ခေါက်သွားကြည့်တော့လဲ ကျောက်ပလ္လင်ပေါ်မှာ ဘာမှ မတွေ့ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်စကားကြောင့် ဇမုန်းထန်ပင် ဇဝေဇဝါ ဖြစ်သွားလေသည်။

"သူတို့အတွက်နဲ့တော့ ကျုပ်တို့တစ်တွေ ဒုက္ခရောက်တာ မခံနိုင်ဘူး ...၊ သူတို့ပြန်လာရင် သေသေချာချာ မေးပေးပါဦး"

"အေးပါကွာ၊ သူတို့ပြန်ရောက်လာတော့ ငါ မေးပေးပါ့မယ်"

နောက်တစ်ရက်ခန့်ကြာတော့ နီမောင်တို့ ပြန်ရောက်လာကြသည်။ ညပိုင်းပြန်ရောက်တော့ နောက်တစ်နေ့ မနက်ပိုင်းတွင် ကျောက်ပြာသာဒ်ရှိရာသို့ သွားရန်ပြင်နေစဉ် ဇမုန်းထန်နှင့် သံပချိုင်တို့ ရောက်လာကြသည်။

"နီမောင် မင်းတို့ ပြန်ရောက်လာပြီလား ...၊ ဒါထက် မင်းတို့ ပင်လယ်နတ်ရုပ်ကြီး ဘယ်မှာထားကြထာလဲ"

"ကျောက်ပြာသာဒ်မှာပဲ ထားတာပါ"

"ဟုတ်ရဲ့လားကွ .. ဒီကလူတွေက ပူဇော်ချင်လို့ သွားရှာတော့ မတွေ့ခဲ့ရဘူး ဆိုပါလား"

ဇမုန်းထန်စကားကြောင့် နီမောင်တို့မှာ ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဒီရုပ်တုကို ဘယ်သူမှ နေရာရွှေ့ထားမယ် မထင်ပါဘူး..၊ အခုကျွန်တော်တို့ အဲဒီနေရာကို သွားမလို့ သူကြီးပါ လိုက်ခဲ့ပါလား"





"အေး .. ကြည့်တာပေါ့"

ဟုပြောကာ နီမောင်တို့ လေးယောက်နှင့်အတူ ဇမုန်းထန်နှင့် သံပချိုင်ပါ လိုက်လာကြလေသည်။

ကျောက်ပြာသာဒ်ရှိသောနေရာသို့ ရောက်သောအခါ ကျောက်ပလ္လင်ပေါ်မှာ ယခင်အတိုင်းပင် ရှိနေသော ရုပ်တုကို လှမ်းမြင်ကြရလေသည်။

ဒီတော့မှ နီမောင်တို့ လေးယောက်မှာ စိုးရိမ်စိတ် လျော့သွားကြသော်လည်း သံပချိုင်နှင့် ဇမုန်းထန်တို့ နှစ်ယောက်မှာတော့ မျက်နှာပျက်သွားကြသည်။

သံပချိုင် စိတ်ထဲမှာတော့ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁၂]

## နတ်ဆရာ ဇာလာတီး

တစ်နေ့လုံး သာသာယာယာရှိနေသော ရာသီဥတုမှာ ညနေပိုင်းအချိန်ရောက်သောအခါ ချက်ချင်း ပြောင်းလဲသွားလေတော့သည်။

ကောင်းကင်တစ်ခုလုံး မှောင်မည်းနေပြီး အနောက်ဘက် တစ်ကြောမှာ တိမ်နီရောင်များတောက်နေသည်။ လေကလည်း တသမတ်တည်းမဟုတ်ဘဲ ဟိုမှသည်မှ ဦးတည်ရာမဲ့ တိုက်ခတ်နေသည်။





မကြာမီ မိုးမှောင်ကြီးကျလာပြီး လေပြင်းမုန်တိုင်းများ ကျလာတော့မည့်လက္ခဏာမျိုး ဖြစ်သည်။ ထိုအခြေအနေသည် ကောင်းသော အခြေအနေမျိုးတော့ မဟုတ်ပေ။

ပင်လယ်ကမ်းခြေနှင့်နီးသောနေရာများ ကျွန်းစုများတွင် နေကြသူများအဖို့ စိုးရိမ်စရာကောင်းသော အခြေအနေမျိုးပင် ဖြစ်ပေသည်။

မုန်တိုင်းထန်လာပြီဆိုလျှင် ပင်လယ်ရေက မြင့်တက်လာ လေ့ရှိသည်။ ထိုအခါ ဘယ်အရာနှင့်မှ တားဆီးမရနိုင်ပေ ..။

မုန်တိုင်းပြင်းထန်လာလျှင် ပင်လယ်ကမ်းခြေနှင့်နီးသော နေရာများ၊ ကျွန်းစုများကို ပင်လယ်လှိုင်းများက ဖုံးသွားတတ်ရာ အုန်းပင်များ မြုပ်သည်အထိ ရှိခဲ့ဖူးလေသည်။

ထိုကဲ့သို့ ဒီရေလှိုင်းများ တက်လာပါက ကမ်းခြေနှင့်နီးသော နေရာများမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ကြသော်လည်း ကမ်းနှင့်ဝေးသော ကျွန်းများမှာ ပြေးစရာမြေမရှိဘဲ သေကြေပျက်စီးမှုများလေသည်။

သို့ကြောင့် ပင်လယ်ကျွန်းများ၌ နေသူများမှာ သာမန် မုန်တိုင်းကျရုံ ဒီရေတက်ရုံမျိုးကို မကြောက်မရွံ့ကြသော်လည်း သာမန်ထက်ပိုမိုလွန်ကဲသော (ဥပမာ – နာဂစ်မုန်တိုင်း တိုက်ခတ်သည့်ပုံမျိုး)



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းတိုက်ခတ်လာမှာကိုတော့ စိုးရိမ် ကြောက်ရွံ့ကြသည်။

ယခုလည်း အရပ်ရှစ်မျက်နှာစလုံး မည်းမှောင်နေပြီး တိမ်နီများ သမ်းနေသောကြောင့် မကြာမီ မုန်တိုင်းကျတော့မည်ကိုတော့ ကြိုတင်သိနေကြသည်။

သို့သော် ဘယ်အရပ်က လာမည်၊ မည်ရွေ့မည်မျှ ပြင်းထန်မည်ကိုတော့ မခန့်မှန်းနိုင်ကြပေ။

ထိုအခြေအနေကို မြင်သောအခါ ကျွန်းသူကျွန်းသားများမှာ လေပြင်းမုန်တိုင်းများ တိုက်ခတ်လာလျှင် မိမိတို့လှေနှင့် ကိုယ်နှင့် မကွာရှိနေစေရန် ပြင်ဆင်နေကြလေသည်။

"လေပြင်းမုန်တိုင်းတွေ ကျတော့မယ်ဟေ့ ...၊ သတိ ဝီရိယနဲ့သာ နေကြပေတော့"

ဟု နိုးဆော်နေသည်။

အခြားသူများမှာ ဘေးအန္တရာယ်နှင့် တွေ့ရတော့မည်ကို ကြိုတင်သိကြသဖြင့် စိုးရိမ်သောကရောက်ကာ ဗျာပါးပန်းခတ်တမျှ ရှိနေကြစဉ် နီမောင်တို့လေးယောက်ကတော့ ၎င်းတို့လှေများကို လုံခြုံသော တစ်နေရာတွင် ထားခဲ့ပြီးနောက် ကျောက်ပြာသာဒ်သို့ သွားကာ ရှင်ဥပဂုတ္တရုပ်တုကို မှုဇော်မှု ပြုနေကြလေသည်။

ဦးမွန်ထော်က အခြားသူများကဲ့သို့ စိုးကာပတ်ကုံး မရှုတ်ဆို





တတ်သဖြင့် ၎င်းစိတ်ထဲမှာရှိသမျှကိုသာ ရွတ်ဆို တိုင်တည်နေလေတော့သည်။

"ရဟန္တာ အရှင်မြတ်ဘုရား .. တပည့်တော်တို့ကို ဤဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်အောင် ကူညီစောင့်ရှောက်ပေးတော်မူပါဘုရား ...၊

တပည့်တော်တို့မှာ အားကိုးစရာလဲ မရှိ .. ပြေးစရာမြေ မရှိတော့ပါ ဘုရား ...၊ အရှင်ဘုရား၏ ဘုန်းတန်ခိုးကိုသာ ယုံကြည်အားထားစရာ ရှိပါတော့သည် ဘုရား"

ညနေပိုင်းအချိန်က အစပျိုးနေသော မုန်တိုင်းကြီးသည် ညဦးပိုင်းအချိန် လွန်သောအခါ ပင်လယ်ပြင်နေရာအနှံ့သို့ ဝင်ရောက်လာလေတော့သည်။

လှိုင်းလုံးကြီးများ ရောက်မလာခင်မှာပင် လေပြင်းတိုက်ခတ်သံများကို အတိုင်းသား ကြားရသည်။

နောက် လှိုင်းလုံးကြီးများ ကြွတက်လာသံနှင့် လှိုင်းဖုံးသံများပေါ် ထွက်လာသည်။ မမျှော်လင့်သောအချိန်တွင် ရာသီမဟုတ်ဘဲ တိုက်ခတ်လာသော မုန်တိုင်းကြီးမှာ ရောက်ရှိလာသည်။

လေတိုက်နှုန်းပြင်းထန်သောကြောင့် ကျွန်းပေါ်မှာ ရှိကြသော သစ်ပင်အတော်များများ ခါးလည်မှ ထက်ပိုင်းပြတ်ပါသွားကြသည်။

www.burmeseclassic.com



ကျောက်ပြာသာဒ် ကျွန်းကလေးမှာ မုန်တိုင်း၏အစွယ်ရာများ အောက်မှာ ပြားပြားမှောက်နေချေပြီ ...။

ကျွန်းပေါ်မှာ ရှိကြသူများအားလုံး ပြေးစရာလည်း မြေမရှိကြသောကြောင့် ဘေးအန္တရာယ် လွတ်ကင်းရာမှာသာ ခိုကပ်နေကြရသည်။

အချို့လည်း ဘေးအန္တရာယ်နှင့် ကြုံတွေ့လာသောအခါမှ ခိုကိုးရာမဲ့ဟောက်အောင် ကြောက်လန့်တကြား အော်ဟစ် ပြေးလွှားနေကြလေသည်။

အော်ဟစ်သံ၊ ငိုကြွေးသံများမှာ တဝုန်းဝုန်း တဒိုင်းဒိုင်း တိုက်ခတ်လာသော လေပြင်းများအောက်မှာ လွင့်စင် ပျောက်ကွယ်သွားလေတော့သည်။

အချင်းချင်း အော်ဟစ်သံ၊ ခေါ်နေကြသော အသံများမှာလည်း လှိုင်းသံများအောက်မှာ ဝေဝါး ပျောက်ကွယ်သွားလေတော့သည်။

ညဦးပိုင်းကတည်းက အစပျိုးလာခဲ့သော မုန်းတိုင်းကြီးမှာ ညဥ့်နက်ပိုင်းရောက်သောအခါ အတော်ပင် ပြင်းထန်နေလေပြီ။ အရှိန်ကောင်းသည်ထက် ကောင်းလာလေပြီ။

နီမောင်တို့ လေးယောက်မှာလည်း မိမိတို့နေရာသို့ပင် မပြန်နိုင်ကြတော့ဘဲ ကျောက်ပြာသာဒ်နေရာမှာပင် ကပ်နေကြရလေ





သည်။

သူတို့ရောက်နေသောနေရာမှာ ကမ်းစပ်နှင့်နီးသည်က တစ်ကြောင်း။ မုန်တိုင်းသာရာလမ်းကြောင်းနှင့် မျက်နှာချင်းဆိုင် တည့်တည့်ဖြစ်နေသောကြောင့် အပြင်ထွက်လိုက်သည်နှင့် လေနှင့်လွင့်ပါသွားနိုင်လောက်သော အခြေအနေမျိုး ဖြစ်နေသည်။

ထို့ထက် ပင်လယ်ပြင်မှာ အရှိန်နှင့်ပြေးတက်လာသော လှိုင်းလုံးကြီးများက ကမ်းခြေမှာရှိကြသည့် ကျောက်ဆောင်များကို တဝုန်းဝုန်းနှင့် လာရောက် ရိုက်ခတ်နေကြလေသည်။

"ဒီအတိုင်းဆိုရင် ဒီရေတွေ တက်လာနိုင်တယ်"

"ဒီရေတက်လာရင် ငါတို့ကျွန်း ရေအောက်မြုပ်သွားနိုင်တာပေါ့"

"ကံ အကြောင်းတရားအတိုင်းပေါ့ကွာ"

အချင်းချင်း အော်ပြောနေကြရသည်။

တစ်ညလုံး တိုက်ခတ်နေသော လေပြင်းများကြောင့် ပင်လယ်ရေပြင်အနှံ့ လှိုင်းလုံးကြီး များ ကြွတက်လာသည်။

နောက်တစ်နေ့ အရုဏ်တက်အချိန်လောက်တွင် ကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းကို ကျောက်ပြာသာဒ် ကျွန်းသူကျွန်းသားများ လှမ်းမြင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ ..။ အဝေးမှလာနေသော လှိုင်းလုံးကြီးများက လှမ်းမြင်ကြရခြင်း ဖြစ်ပေသည်။

ပင်လယ်ရေပြင်ပေါ်မှ လာနေသော လှိုင်းလုံးကြီးများမှာ အဘယ်မျှကြီးပြီး မြင့်မားသလဲဆိုလျှင် မြင့်မားသော တောင်မြင့်ကြီးများလောက်ရှိပြီး အကယ်၍သာ သူတို့ကျွန်းရှိရာသို့ ရောက်လာပါက ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်မှာ သေချာလှပေသည်။

ကျွန်းသူကျွန်းသားများမှာ ထိုမျှလောက်ကြီးပြီး မြင့်မား သော လှိုင်းလုံးကြီးများကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးကြသောကြောင့် များစွာ ထိတ်လန့် ကြောက်ရွံ့နေကြလေသည်။

လှိုင်းလုံးကြီးများ တဖြည်းဖြည်းနှင့် နီးလာသောအခါ လှိုင်းခတ်သံများကိုပါ ကြားလာရသည်။

နံနက်ပိုင်းအချိန်တွင် တောင်လုံးတမျှကြီးပြီး မြင့်မားလှသော လှိုင်းလုံးကြီးများက ကျွန်းအနီးသို့ ရောက်လာကြလေပြီ။

ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်လာလေသည်။

ကျောက်ပြာသာဒ်ရှိရာဘက်မှ ဝင်းလက်သော ရောင်ခြည်များ ပေါ်ထွက်လာလေသည်။

ထိုအလင်းရောင်များမှာ မည်းမှောင်နေသော ပတ်ဝန်းကျင်၌





လျှပ်စီးလက်သကဲ့သို့ ဝင်းလက်သွားခြင်းဖြစ်သည်။

ထိုအလင်းရောင်များ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် ကျွန်းရှိရာသို့ တည့်တည့်လာနေသော လှိုင်းလုံးကြီးများမှာ တစ်စုံတစ်ခုဖြင့် တားဆီးလိုက်သကဲ့သို့ အရှိန်တန့်သွားကြလေသည်။

အချို့လှိုင်းလုံးကြီးများကတော့ ကျွန်းနှင့် မနီးမဝေးမှ ဖြတ်သွားကြလေသည်။

ထိုသို့ဖြတ်သွားသော လှိုင်းလုံးကြီးများမှာ ကျွန်းပေါ်ရှိ သစ်ပင်ထိပ်ဖျားများထက်ပင် ပိုမိုမြင့်မားနေလေသည်။

ကျွန်းတည့်တည့်သို့ ရောက်လာမည့် လှိုင်းလုံးကြီးများမှာ မလာတော့ဘဲ တန့်နေသောအခါ ကျွန်း၏ ဘေးတစ်ဖက်တစ်ချက်မှ လှိုင်းလုံးကြီးများက ဖြတ်သွားကြသောအခါ ကျောက်ပြာသာဒ် ကျွန်းကလေးမှာ ထက်ခြမ်းကွဲနေသော ပင်လယ်ရေထုကြားထဲသို့ ရောက်နေသကဲ့သို့ ရှိလေသည်။

ကျွန်းပေါ်၌ရှိကြသော လူများမှာလည်း တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး မတွေ့ဘူးသော မြင်ကွင်းကြောင့် တအံ့တဩဖြစ်နေကြသည်။

ရွာလူကြီး ဇမုန်းထန်ကိုယ်တိုင် သူ့တစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

တစ်ညလုံး တစ်နေ့လုံး ပြင်းထန်စွာ တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းတို့မှာ နောက်တစ်နေ့ ညနေပိုင်းအချိန်ရောက်တော့ အားပျော့သွားကြလေသည်။

လေတိုက်သည့်အား လျော့သွားသောအခါ လှိုင်းလုံးများလည်း ကျသွားလေသည်။

ထိုအခါမှ ကျွန်းသူကျွန်းသားများမှာ သက်ပြင်းချနိုင်ပြီး အသက်ဝအောင် ရှူနိုင်ကြတော့သည်။

မုန်တိုင်းစဲသွားသောအခါ ကျောက်ပြာသာဒ်ဘက်မှ လင်းလက်နေသော အလင်းရောင်များလည်း ကွယ်ပျောက်သွားလေတော့သည်။

"မုန်တိုင်းကျနေတဲ့ အချိန်တုန်းက ကျောက်ပြာသာဒ်ဘက်က အလင်းရောင်တွေ တက်လာတာမြင်ရတယ်..၊ ဘာလဲ မသိဘူး .. သွားကြည့်ကြရအောင်"

ဓမုန်းထန်ကိုယ်တိုင် ရှေ့မှ သွားသောအခါ နောက်မှ ရွာသူရွာသားအချို့လည်း လိုက်လာကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ ဦးမွန်ထော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ လေးယောက်ကို တွေ့ရသဖြင့် အံ့ဩနေကြသည်။





"မင်းတို့က ဒီနေရာမှာ ဘာလုပ်နေကြတာလဲ"

"မုန်တိုင်းမိပြီး ဘယ်မှမသွားနိုင်လို့ ဒီနေရာမှာ ကပ်နေရတာ"

ဟု နီမောင်က ပြန်ပြောလိုက်သည်။

"ဒါထက် မုန်တိုင်းကျနေတဲ့အချိန်တုန်းက ဒီဘက်က အလင်းရောင်တွေ တက်လာတာ မင်းတို့လုပ်ကြတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်နေရာက လာတာလဲ"

နီမောင်က ကျောက်ပလ္လင်ပေါ် တင်ထားသော ရုပ်တုကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီက လာတာ"

"ဟင်!... ပင်လယ်နတ်ကြီးက အလင်းရောင်တွေ ထွက်လာတာ .. ဟုတ်လား .."

ထိုကဲ့သို့ တအံ့တဩ ဖြစ်သွားသောအခါ အခွင့်ကောင်းစောင့်နေသော ဦးမွန်ထော်က ဝင်ပြောလေသည်။

"ဟုတ်တယ်ဗျ .. ဒီပင်လယ်နတ်ရုပ်ကြီးက တန်ခိုးရှိတယ်၊ ကျုပ်တို့ ကျွန်းသူကျွန်းသားတွေ အန္တရာယ်ကင်းအောင်လို့ ဒီကျွန်းပေါ် ရောက်လာတာ ဖြစ်တယ် ..၊ ပင်လယ်လှိုင်းလုံးကြီးတွေ ထက်လာတော့ အဲဒီဘက်က အလင်းရောင်တွေ ထွက်လာတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"ဟုတ်ရဲ့လားဗျ"

"အမှန်ပဲပေါ့ဗျာ ..၊ တစ်ချိန်လုံး ကျုပ်တို့လေးယောက်စလုံး ဒီကျောက်ဆောင်နံဘေးမှာ ရှိနေကြတာပဲ ..၊ အဲဒီ ပင်လယ်နတ်ရုပ်တုက အရောင်တွေထွက်လာတော့ ကျွန်းဆီကို တည့်တည့်လာနေတဲ့ လှိုင်းလုံးကြီးတွေ တန့်သွားတယ်"

"ဟုတ်ရဲ့လားဗျ"

"ဟုတ်တာပေါ့ဗျာ ..၊ ပင်လယ်နတ်ရုပ်က ဘယ်လောက်တန်ခိုးရှိသလဲဆိုရင် သူရှိနေတဲ့နေရာကို လှိုင်းလုံးကြီးတွေ လုံးဝမရောက်လာတော့ဘူး..၊ လှိုင်းက ထက်ခြမ်းကွဲပြီး ကျွန်းနံဘေးက ဖြတ်သွားတာ ခင်ဗျားတို့လဲ မြင်လိုက်ကြမှာပေါ့"

"မြင်လိုက်တယ် .. မြင်လိုက်တယ်"

"ဒါမျိုးက သာမန်ဖြစ်တာမျိုး မဟုတ်ဘူးဗျ ..၊ ဒီရုပ်တု တန်ခိုးကြောင့် ကျုပ်တို့ ကျွန်းသူကျွန်းသားတွေ အန္တရာယ်ဘေးက လွတ်ခဲ့ကြရတာ"

ဟု ပြောသောအခါ ဗမုန်းထန်ကလည်း ယုံကြည် လက်ခံသွားလေသည်။

သို့ကြောင့် ထိုရုပ်တုကို ကျောက်ပလ္လင်ပေါ်မှာပင် ဆက်ထား





ရန် မှာကြားပြီး ပြန်သွားလေတော့သည်။

ထိုအခါမှ နီမောင်တို့ လေးယောက်လည်း သက်ပြင်းချနိုင်ကြလေတော့သည်။

နောက်ပိုင်းရက်များမှာတော့ ရွာသူရွာသားအချို့ ရောက်လာပြီးနောက် အစားအသောက်များဖြင့် ပင်လယ်ထွက်သောအခါ ဘေးအန္တရာယ်ကင်းစေကြောင်း၊ ငါးများများရစေကြောင်း လာရောက်ဆုတောင်းကြသည်။

အတော်များများကတော့ ထိုရုပ်တုကို ပင်လယ်စောင့်နတ်ရုပ်ဟုသာ ထင်နေကြသည်။

အချို့လည်း ကျွန်းပေါ်မှာရှိသော နတ်ရုပ်များကို ပူဇော်သည့်အတိုင်း အသားငါးဟင်းများ အရက်များဖြင့် လာရောက်ပူဇော်ကြသည်လည်း ရှိသည်။

ကျွန်းသူကျွန်းသားများ ဆုတောင်းကြရာမှာ အခြားမရှိဘဲ ပင်လယ်ထွက်သောအခါ ဘေးအန္တရာယ်ကင်းစေရန်နှင့် ငါး၊ပုစွန်များများရစေရန်ပင် ဆုတောင်းကြသည်။

နောက်ပိုင်း ပင်လယ်နတ်ရုပ်ဟု ယုံကြည်ကြပြီး လာရောက်ပူဇော်ပသသူ များလာသည်။

ထိုအခြေအနေကို မြင်သောအခါ မကျေမနပ်ဖြစ်နေသူအချို့



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိသည်။ သံပချိုင်တို့အဖွဲ့နှင့် နတ်ဆရာ ဇာလာဟီးပင်ဖြစ်သည်။

ယခင်က ကျွန်းသူကျွန်းသားများမှာ အကြောင်းကိစ္စ ပေါ်ပေါက်လာလျှင် နတ်ဆရာ ဇာလာဟီးကို ခေါ်ကြရသည်။

နတ်ဆရာသည် နတ်နှင့်ပတ်သက်သော ဆောင်ရွက်ရန်ကိစ္စများအပြင် ကျွန်းသူကျွန်းသားများ ရောဂါဖြစ်လျှင်လည်း ဆေးကုပေးရလေသည်။ ဆေးကုသအဖြစ် ဆန်တစ်ပြည်နှင့် ငွေတစ်မတ်ပေးကြရသည်။

နတ်နှင့်သက်ဆိုင်သော ကိစ္စများ ဆောင်ရွက်ပေးရသောအခါ ဆန်တစ်ပြည်နှင့် ငွေတစ်မတ်အပြင် ကြက်တစ်ကောင်နှင့် အရက်တစ်ပုလင်းပါ ထည့်ပေးကြရသည်။

ဤနည်းဖြင့် နတ်ဆရာ ဇာလာဟီးမှာ အခြား ဘာမှမလုပ်ဘဲ ဝင်ငွေဖြောင့်ပြီး အစားအသောက် ချောင်လည်နေသူ ဖြစ်သည်။

သံပချိုင်တို့သုံးယောက်မှာ နတ်ဆရာ ဇာလာဟီးထံမှာ တပည့်ခံပြီး ခိုင်းသမျှ လုပ်ပေးနေကြသူများ ဖြစ်သည်။

ယခု ကျောက်ပြာသာဒ်ပေါ်မှာ ရှင်ဥပဂုတ္တရုပ်တုရောက်လာပြီးနောက် ရွာလူကြီး ဓမုန်းထန် အပါအဝင် ကျွန်းသူကျွန်းသားအတော်များများက 'ပင်လယ်စောင့်နတ်ရုပ်'ဟု ထင်မှတ်ကာ သွား





ရောက်ပူဇော်နေကြသောကြောင့် နတ်ဆရာထံသို့ သိပ်မလာကြတော့ပေ။

ထိုအခါ အစားအသောက်နှင့် ငွေသိပ်မရတော့သဖြင့် မကျေမနပ် ဖြစ်နေကြသည်။

"ဒီရုပ်ဟာ ကျွန်းပေါ်ရောက်လာမှ ငါတို့ဗောင် စားပေါက်ပိတ်သလို ဖြစ်နေပြီ ..၊ ကြာရင် ခက်လိမ့်မယ် .. ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ဇာလာဟီးက တပည့်သုံးယောက်ကို ခေါ်မေးသည်။

"အဲဒါ ဦးမွန်တော်တို့လက်ချက်ပဲ ..၊ သူတို့ပြောသမျှကို ရွာလူကြီးကပါ ယုံကြည်နေတော့ ခက်နေတာပေါ့"

"ဒီအတိုင်း နေလို့တော့ မဖြစ်ဘူးကွ ..၊ တစ်ခုခုတော့ လုပ်ရမှာပဲ"

"ကျွန်တော်တို့လဲ ဘယ်ငြိမ်နေပါ့မလဲ ဆရာရယ်၊ အဲဒီရုပ်တုကို ဖယ်ရှားပစ်ဖို့ နည်းအမျိုးမျိုးနဲ့ ကြံစည်နေတာပဲ ဆရာရဲ့..၊ ဒါပေမယ့် မရလို့ ခက်နေတာပေါ့"

"ဘယ်လို မရတာလဲ ပြောပါဦး"

သံပချိုင်က သူကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းစကားဆုံးသောအခါ ဇာလာဟီးက အံကြိတ်ရင်း ပြော သည်။

"ဒီလို အနှောင့်အယှက်တွေကတော့ ကြောက်စရာ မလိုပါဘူး..၊ မင်းတို့လုပ်ရမှာက ဒီရုပ်တုကြီး ကျွန်းပေါ်က အမြန်ဆုံး ဖယ်ထုတ်နိုင်ဖို့ပဲ ..၊ ကျန်တဲ့ကိစ္စတွေကို ငါ လုပ်မယ်၊ မင်းတို့ ငါ ပြောသလိုသာ လုပ်ကြ"

ဇာလာဟီးက ငှင်းတပည့်သုံးယောက်ကို ပြုလုပ်ရမည့် အစီအစဉ်များကို လျှို့ဝှက်စွာ ပြောပြလေသည်။





အခန်း [၁၃]

## မချော်လဝ့်တဲ ရောက်လာသည့် ညွှိထည်များ

နောက်ရက်များမှာတော့ ကျောက်ပြာသာဒ်ကျွန်းပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များ တစ်မျိုးပြီးတစ်မျိုး တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာလေတော့သည်။

ညအချိန် အမှောင်ဖုံးလာသော အချိန်ရောက်လာလျှင် တောအုံနှင့်နီးသောနေရာ လူသူမနီးဘဲ သီးခြားနေကြသူများမှာ မကောင်းဆိုးဝါးများ ခြောက်လှန့်မှု ခံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်ထဲမှာ မည်းမည်းသဏ္ဌာန်များ ထွက်လာပြီး နှောင့်ယှက်ကြခြင်း ဖြစ်သည်။

အချို့လည်း အိမ်ပေါ်မှာ အိပ်ပျော်နေရင်းနှင့် သရဲတစ္ဆေမကောင်းဆိုးဝါးများ ရောက်လာပြီး ခြောက်လှန့်ကြခြင်း ဖြစ်လေသည်။

သို့ကြောင့် ညအချိန်ရောက်လာလျှင် အကြောင်းကိစ္စ မရှိဘဲ အပြင်မထွက်ဝံ့အောင် ရှိနေကြသည်။

အကယ်၍ အပြင်ထွက်လျှင်လည်း တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားဝံ့ဘဲ အဖော်အပေါင်းနှင့် သွားလာကြရလေသည်။

အချို့ဆိုလျှင် တစ္ဆေသရဲများက အိမ်ပေါ်တက်လာပြီးနောက် သိမ်းဆည်းထားသော အစားအသောက်များကိုပါ ယူသွားခြင်း ခံကြရသည်။

ကလေးငယ်များမှာ အကြောက်လွန်ပြီး သေဆုံးကြရသည်ပင် ရှိလာလေသည်။ နောက်ပိုင်းမှာတော့ ညဦးနက်ပိုင်းအချိန်များမှာ ရွာတွင်းသို့ မည်းမည်းသဏ္ဌာန်ကြီးများ ဝင်လာသည်ကိုပါ တွေ့ကြရလေသည်။

ထိုအဖြစ်အပျက်များ ဆက်တိုက်ဖြစ်ပြီးနောက်တွင် တစ်ရွာ





လုံး ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ကာ လူ ခသေအပျောက်များ ရှိလာသည်။

သေဆုံးသူများကို သရဏဂုံတင်ခြင်း၊ အမျှအတန်း ဝေပေးခြင်းပင် မပြုလုပ်ကြဘဲ ထုံးစံအတိုင်းပင် ပင်လယ်ရေထဲသို့ ပစ်ကြရလေသည်။

ယခင်က မည်းမည်းသဏ္ဌာန်ကြီးများသာ ခြောက်လှန့်သော်လည်း နောက်ပိုင်းမှာတော့ သေဆုံးသူများက မကျွတ်မလွတ်ကြသဖြင့် ခြောက်လှန့်ကြသည်များပါ တိုးလာလေတော့သည်။

ထိုအဖြစ်အပျက်များ ကြုံတွေ့ရသောအခါ ဖမုန်းထန်က နတ်ဆရာ ဖာလာဟီးကို ခေါ်မေးလေသည်။

“ကျုပ်တို့ကျွန်းပေါ်မှာ အန္တရာယ်တွေ တစ်ခုပြီးတစ်ခု ဖြစ်နေတယ်..၊ ဘယ်လိုဖြစ်တာလဲ နတ်ဆရာ”

“ခင်ဗျားတို့က ပူဇော်နေကြ နတ်တွေကို မပူဇော်လို့ နတ်တွေက စိတ်ဆိုးပြီး လုပ်နေကြတာ..၊ ခင်ဗျားတို့ ကျောက်ပြာသာဒ်မှာ တင်ထားတဲ့ နတ်ရုပ်က ကျုပ်တို့ကိုးကွယ်တဲ့ ပင်လယ်နတ် မဟုတ်ဘူး”

“ဒါဖြင့် ဘာလဲ”

“အဲဒါ ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်တဲ့ ဘုန်းကြီးရုပ်တုဗျ..



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်မဟုတ်ဘူး ...၊ ကတုံးနဲ့ သင်္ကန်းဝတ်ပြီး သပိတ်ပိုက်ထားတာတောင် ဘုန်းကြီးမှန်း မသိဘူးလား"

"ကျုပ်မှ ဒါတွေမသိတာ ...၊ ဘယ်သိပါ့မလဲ နတ်ဆရာရယ်"

ဇမုန်းထန်က အမှန်အတိုင်းပင် ပြောလိုက်သည်။

"ဒီရုပ်တုကို ကျွန်းပေါ်တင်ထားတာကို ကျွန်းစောင့်နတ်တွေက မကျေနပ်ကြဘူး..၊ ဒါကြောင့် မကောင်းဆိုးဝါးတွေ လွှတ်ပြီး လူတွေကို ဒုက္ခပေးနေတာ"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ကျွန်းစောင့်နတ်တွေ မကြိုက်တဲ့ ရုပ်တုကို ကျွန်းပေါ်မှာ မထားနဲ့ပေါ့ဗျာ..၊ နောက်ပြီး ကျွန်းစောင့်နတ်တွေကိုလဲ ကျေနပ်အောင် ပူဇော်ပွဲတွေ လုပ်ပေးရမယ်"

ဟု ပြောပြီး နတ်ဆရာ ပြန်သွားလေသည်။ ဇမုန်းထန်မှာ အခုမှ အခက်တွေ့ရတော့သည်။

ဦးမွန်ထော်တို့ တင်ထားသော 'ပင်လယ်စောင့်နတ်'ဆိုသော ရုပ်တုကိုလည်း ပစ်ရမှာအခက်၊ ဆက်ထားပြန်လျှင်လည်း ကျွန်းစောင့်နတ်များက စိတ်ဆိုးပြီး ဒုက္ခပေးပါက တစ်ကျွန်းလုံး သေကြရပေမည်။

နောက်ဆုံး ရွာသားအချို့နှင့် တိုင်ပင်ပြီး ဦးမွန်ထော်ကို ခေါ်





မေးရပြန်သည်။

"ဦးမွန်ထော် အခု ကျွန်းပေါ်မှာ အန္တရာယ်တွေ ဝင်နေတာ ခင်ဗျား သိသလား"

"နည်းနည်းတော့ ရိပ်မိသလို ရှိပါတယ်"

"ဘယ်လို ရိပ်မိတာလဲဗျ ...၊ ရှင်းရှင်း ပြောစမ်းပါ"

"ပင်လယ်စောင့်နတ်ရုပ်တုကို ဒီကျွန်းပေါ်မှာ မရှိစေချင်တဲ့လူတွေ ကြံစည်နေတာမျိုး ဖြစ်မှာပေါ့"

ဦးမွန်ထော်က ပါးစပ်ထဲမှာ ငုံထားသော ကွမ်းကို တမြုံ့မြုံ့ဝါးရင်းနှင့်ပင် အေးအေးဆေးဆေး ပြောပြသည်။

"ကျွန်းစောင့်နတ်တွေ လုပ်နေတယ်ဆိုတာ မဟုတ်ဘူးလား"

"ဟုတ်မယ် မထင်ပါဘူး ...၊ နတ်ဆိုတာ လူတွေလောက် စနစ်တကျနဲ့ အကြံအစည်ချပြီး လုပ်လေ့မရှိပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"လောလောဆယ်ဆယ် ဝမ်းရောဂါတွေ ဖြစ်နေတာကို အရင်ပျောက်အောင် ကုပေးရမယ်..၊ ပြီးရင် မကောင်းဆိုးဝါး အယောင်ဆောင်နေတဲ့ လူတွေကို မိအောင် စောင့်ဖမ်းလိုက်ရင် ပြီးသွားမှာပါ"

ဦးမွန်ထော်က ပြုလုပ်ရမည့် အစီအစဉ်အချို့ကို ဇမုန်းထန်အား ပြောပြလိုက်လေသည်။



www.burmeseclassic.com

နောက်တစ်နေ့တွင် ရှင်ဥပဂုတ္တရုပ်တုတော်ကို ရေသပ္ပာယ်ပြီး ၎င်းရေများကိုခံယူပြီး တစ်ကျွန်းလုံး လိုက်လံပက်ပေးသည်။

ထိုအလုပ်ကိုတော့ နီမောင်တို့လေးယောက်က ဦးဆောင်ပြီး ကျွန်းမှာရှိသော လူငယ်များက ပြုလုပ်ကြခြင်းဖြစ်သည်။

ညအချိန်ရောက်သောအခါ ထုံးစံအတိုင်း တောတွင်းမှ မည်းမည်းသဏ္ဍာန်ကြီးများ ထွက်လာပြီး ခြောက်လှန့်နှောင့်ယှက်ကြရာ ဒီတစ်ခါတော့ ရွာသူရွာသားများက မကြောက်လန့်ကြသည့်အပြင် ပုန်းအောင်းနေသော နီမောင်တို့တစ်တွေက ထို မည်းမည်းသဏ္ဍာန်များကို ဝိုင်းဝန်း ဖမ်းဆီးကြလေသည်။

ထိုအခါ နာနာဘာဝအစစ်မဟုတ်သော ထိုလူများက အသင့်ပါလာသော ဓားလှံများဖြင့် ပြန်လည်တိုက်ကြသောကြောင့် အချို့ ထိခိုက်[illegible]ရာရကြတော့သည်။ နောက်ဆုံး ဝိုင်းဝန်းတိုက်ခိုက်ကြသောအခါ မည်းမည်းသဏ္ဍာန် နှစ်ယောက်စလုံး ဒဏ်ရာဒဏ်ချက်များဖြင့် ဖမ်းမိလေတော့သည်။

ထိုနှစ်ယောက်မှာ အခြားမဟုတ်ပေ ...။ ကုလားပုနှင့် သံခဲတို့နှစ်ယောက်ပင် ဖြစ်သည်။

ဓမ္မန်းထန်က ထိုနှစ်ယောက်ကို စစ်ဆေးသောအခါ နတ်ဆရာဇာလာဟီးနှင့် သံပချိုင်တို့ နှစ်ယောက်လက်ချက်ဖြစ်ကြောင်း အဖြေ





ပေါ်သွားလေတော့သည်။

"တကယ်ဆိုရင် ဘာမှမသိတဲ့ ကျွန်းသားတွေကို အသက်သေအောင် လုပ်ကြတဲ့အတွက် မင်းတို့လေးယောက်စလုံးကို သတ်ပစ်သင့်တယ်..၊ ဒါပေမယ့် မင်းတို့ကို ငါ မသတ်ဘူး၊ မင်းတို့ကို လှေတစ်စင်းပေးလိုက်မယ်၊ ဒီကျွန်းက ထွက်သွားကြပေတော့၊ ဒီတစ်သက်ကို ငါတို့ကျွန်းကို ပြန်လာဖို့ စိတ်မကူးကြနဲ့တော့"

ဟုပြောပြီး နတ်ဆရာဇာလာဟီး၊ သံပချိုင်၊ ကုလားပု၊ သံခဲတို့လေးယောက်ကို လှေတစ်စင်းပေးလိုက်ပြီး ကျွန်းပေါ်မှ နှင်ထုတ်လိုက်လေတော့သည်။

၎င်းတို့မရှိမှ ဓမ္မန်းထန်က ပြောသည်။

"ဦးမွန်ထော် ခင်ဗျားတို့ ပင်လယ်နတ်ရုပ်ကြီး အတော်လဲ အစွမ်းထက်သဗျ ...၊ ဒါကြောင့် ကျောက်ပြာသာဒ်မှာပဲ အမြဲထားပေတော့ဗျို့"

ထိုစကားကြားသောအခါ နီမောင်တို့မှာ ဝမ်းသာသွားကြလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နောက်ထပ် တစ်ပတ်ခန့်ကြာသောအခါ နီမောင်တို့နေသော ကျောက်ပြာသာဒ်ကျွန်းသို့လှေတစ်စင်း ရောက်လာသည်။

www.burmeseclassic.com



လှေပေါ်မှာ လူသုံးယောက်ပါလာပြီး နီမောင်တို့တဲရှိရာသို့ မေးမြန်းပြီး သွားကြလေသည်။ နီမောင်တို့ သုံးယောက်စလုံး ပင်လယ်မထွက်ကြသေးသောအချိန် ဖြစ်သောကြောင့် အခန့်သင့် ပင် တွေ့ရလေသည်။

နီမောင်တို့သုံးယောက်မှာ ဧည့်သည်သုံးယောက်ကို မြင်သောအခါ များစွာ အံ့သြဝမ်းသာသွားလေသည်။ အခြား မဟုတ်ပေ ..။ ဘိုးပန်းဖြူနှင့် မြနှင်းဖြူ၊ မြဝင်းသူတို့ သုံးယောက်ကို မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

"ဟင် အဘိုးတို့ပါလား ..၊ ဘယ်ကနေ ရောက်လာကြတာလဲ"

"ဒီကိုပဲ တမင်လာကြတာပါပဲ ..၊ မင်းတို့ကျွန်းနဲ့ ငါတို့နေတဲ့ ကျွန်းက တစ်ရေတက်လာရင် ရောက်တာပဲ၊ သိပ်ဝေးတာမှတ်လို့"

ဟု ပြောသည်။

နီမောင်မှာ ဘိုးပန်းဖြူတို့သုံးယောက်ကို မြင်သောအခါ ဝမ်းသာတာကတစ်ဖက် စိတ်မလုံမလဲဖြစ်သွားတာက တစ်ဖက် ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် သူတို့နေသော ကျွန်းပေါ်မှာ အိမ်တိုင်းလိုလို ငါးဖမ်းကိရိယာများ၊ နေပူလှန်းထားသော ငါးခြောက်၊ ငါးပုတ်ခြောက်၊ ငါးပိ စသည်တို့ ရှိနေသောကြောင့် အညှီနံ့၊ အပုပ်နံ့





များ လှိုင်နေလေသည်။

ကျွန်းမှာရှိနေကြသူများမှာလည်း ရွာသာယာမှာ တွေ့ခဲ့ရသော လူများနှင့် လုံးဝမတူကြပေ ..။

"ကျွန်တော်တို့တစ်ရွာလုံးက ငါးဖမ်းကြတာဆိုတော့ အဘ တို့ မြင်တဲ့အတိုင်းပါပဲ ..၊ အဘတို့ကို အားနာပါတယ်"

"အားနာစရာ မလိုပါဘူးကွယ် ..၊ အသက်မွေးဝမ်းကျောင်း ဆိုတော့လဲ ဒီလိုပဲ လုပ်ကြရတာပေါ့၊ ဘယ်လိုအလုပ်မျိုးပဲလုပ်လုပ် စိတ်ထားကောင်းဖို့သာ အဓိကကျပါတယ်"

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကလည်း ဧည့်သည်သုံးယောက် ထမင်းကျွေးရန် ချက်ပြုတ်နေကြသည်။ နီမောင်ပြောထားသောကြောင့် အသားငါးမပါသော အစားအသောက်များ စီမံချက်ပြုတ်နေကြခြင်း ဖြစ်သည်။

နီမောင်က အိမ်ပေါ်သို့ ဖိတ်ခေါ်ပြီး ကွမ်းဆေး၊ လက်ဖက်တို့နှင့် ဧည့်ခံရင်း ပြောပြသည်။

"အဘတို့နေတဲ့ ကျွန်းကို နောက်တစ်ခေါက် လာရှာကြသေးတယ်၊ နေရာလွဲနေလို့လား မသိဘူး အစအနတောင် မတွေ့ခဲ့ရဘူး"

"နောက်တစ်ကြိမ်လာရင်တော့ တွေ့ချင်တွေ့ရမှာပေါ့"

ထိုသို့ပြောပြီး ကွမ်းယာစားနေရာ မြနှင်းဖြူက ဝင်မေးလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟိုတစ်လောက ကိုနီမောင်တို့ဘစ်တွေ ကခုံကနီက ဖောင်တော်မျှောပွဲကို လိုက်သွားကြသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် မမြနှင်းဖြူတို့က ဘယ်လိုသိတာလဲဟင်"

ဟအံ့တသြဖြင့် ပြန်မေးလိုက်သည်။

"ကခုံကနီမှာ ကျွန်မတို့ ညီမတစ်ယောက် ရှိတယ်လေ.၊ သူပြောလို့ သိရတာပါ"

"ဘယ်သူများလဲဟင်"

"မြသင်းကြူတဲ့ ..၊ ကိုနီမောင် သူ့ကို သိတယ်မဟုတ်လား"

တအံ့တသြဖြင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"သိ .. သိပါတယ်"

ဟု ပြန်ပြောလိုက်သည်။ ထိုအခါမှ မြသင်းကြူမှာ မြနှင်းဖြူ မြဝင်းသူတို့နှစ်ယောက်နှင့် ရုပ်ချင်းအတော်လေး ဆင်တူနေသည်ကို ပြန်လည် သတိရလေတော့သည်။

"မမြနှင်းဖြူတို့က ညီအစ်မတွေ တော်ကြတယ် ဟုတ်လား"

"ဟုတ်ပါတယ် ..၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး ..၊ အံ့သြနေလို့ပါ"

ထိုစကားကြားသောအခါ ဘိုးပန်းဖြူက ဝင်ပြောသည်။





"ဘာမှ အံ့သြစရာ မရှိပါဘူးကွယ် ..၊ လူတွေကသာ မသိကြလို့ပါ ..၊ အားလုံးကတော့ တစ်ဦးနဲ့တစ်ဦး ဘဝအဆက်ဆက်မှာ ဆွေမျိုးတော်စပ်ခဲ့ကြတဲ့လူတွေချည်းပါပဲ"

ထိုသို့ပြောနေစဉ် ဦးမွန်ထော်လည်း သတင်းကြားသောကြောင့် ရောက်လာလေသည်။ ဘိုးပန်းဖြူတို့ သုံးယောက်ကို မြင်သောအခါ အံ့သြနေလေသည်။

အထူးသဖြင့် ကခုံမှာ တွေ့ခဲ့ရသော မြသင်းကြူနှင့် ယခု ရောက်နေကြသည့် ညှို့သည်မိန်းကလေးနှစ်ယောက်တို့၏ မျက်နှာမှာ တစ်ထေရာတည်း တူနေသောကြောင့် များစွာအံ့သြနေခြင်း ဖြစ်၏။ နီမောင်က ဘိုးပန်းဖြူတို့ သုံးယောက်အကြောင်းကို ပြောပြလိုက်လေသည်။

"ကျွန်တော်တို့ ရွာသာယာမှာ တွေ့ခဲ့ရတာ သူတို့ပါပဲ"

"မင်းတို့ပြောတုန်းကတည်းက စိတ်ထဲမှာ အံ့သြနေခဲ့တာ အခုတော့ ပိုပြီးအံ့သြရပြန်တာပေါ့" ဟု ပြောလေသည်။

ထိုသို့စကားပြောရင်းနှင့် ဘိုးပန်းဖြူက မေးသည်။

"ဒီကျွန်းမှာ ရှင်ဥပဂုတ္တရုပ်တုတော်တစ်ဆူ ရောက်နေသလား မောင်နီမောင်"

"ဟုတ်ပါတယ် အဘ ရောက်နေပါတယ်..၊ ပင်လယ်ထဲက ရခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဒါပေမယ့် ဒီကျွန်းက လူတွေကိုတော့ အမှန်အတိုင်း မပြောဝံ့သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဒီမှာက တစ်ကျွန်းလုံး နတ်ကိုပဲ ပူဇော်ကြတာဆိုတော့ ရုပ်တုကို ပင်လယ်နတ်ရုပ်လို့ပဲ ပြောထားရတယ်"

ဘိုးပန်းဖြူတို့ သုံးယောက်က ရယ်နေကြသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် ..၊ အခုလို ထားခွင့်ရတာကိုပဲ ကျေးဇူးတင်ရမှာပေါ့။ ကဲ .. သွားကြည့်ရအောင်"

ဟု ပြောသဖြင့် ကျောက်ပြာသာဒ်ရှိရာသို့ ခေါ်လာခဲ့လေသည်။ ထိုနေရာသို့ရောက်သောအခါ သဘာဝအတိုင်းဖြစ်နေသော ကျောက်ပြာသာဒ်နှင့် ပလ္လင်ခုံကိုကြည့်ပြီး ဘိုးပန်းဖြူက သဘောကျနေသည်။

ပလ္လင်ပေါ်မှာ တင်ထားသည့် ရုပ်တုတော်မှာလည်း နီမောင်တို့က ဆေးကြောသန့်စင်ထားကြသောကြောင့် ဆေးရောင်များ မရှိတော့သော်လည်း မူလရုပ်တုအတိုင်း ပေါ်နေပြီဖြစ်၏။

ဘိုးပန်းဖြူတို့ သုံးယောက်စလုံးထိုင်ပြီး ရှိသေစွာ ကန်တော့ကြသည်။ ပြီးမှ ဘိုးပန်းဖြူက ပြောသည်။

"ဒီကျောက်ပြာသာဒ်က သဘာဝအတိုင်း ဖြစ်နေတယ် ဆိုပေမယ့် သာမန်မဟုတ်ဘူး ..၊ ဒီရုပ်တုတော်အတွက် ပင်လယ်မှာရှိတဲ့





နတ်တွေက ပြုလုပ်ပေးထားတာပဲ..၊ အခုမြင်ရတဲ့ ပုံပန်းသဏ္ဌာန်မျိုးကို လူတွေလုပ်ရင်တောင် မရနိုင်ပေဘူး"

"မှန်ပါတယ် အဘ"

"မင်းတို့တစ်တွေရဲ့ ဆောင်ရွက်ပေးမှုကြောင့် ရုပ်တုတော်တော့ ရောက်လာပြီ ..၊ အခုမှပဲ ကျောက်ပလ္လင်နဲ့ ကျောက်ပြာသာဒ်ကလဲ ပြည့်စုံသွားတော့တယ်၊ တစ်နေ့ကျရင်တော့ ဒီ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးကျေးဇူးကို ရကြမှာပါ"

ဟု ပြောလေသည်။

"ကျွန်တော်တို့အတွက် တခြား ဘာမှမရရင်လဲ အရေးမကြီးပါဘူး အဘရယ် ..၊ ဒီကျွန်းပေါ်မှာရှိတဲ့ လူတွေ မိစ္ဆာအယူတွေ ပျောက်ပြီး ယုံကြည်ကိုးကွယ်မှုအမှန်ရောက်ဖို့ပဲ အရေးကြီးပါတယ်"

"ဒါကတော့ တစ်နေ့ကျရင် ဖြစ်လာတော့မှာပါ"

ဟုပြောပြီး အတန်ကြာအောင် ထိုနေရာမှာနေကြပြီးမှ ပြန်လာကြသည်။

ထိုနေ့က နီမောင်တို့အိမ်မှ ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းများကို စားသောက်ပြီး ညနေပိုင်းအချိန်ရောက်မှ ပြန်ရန် ပြင်ကြသည်။

ပြန်ခါနီးတွင် မြနှင်းဖြူက နီမောင့်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင်တို့လဲ ကျွန်မတို့နေတဲ့ကျွန်းကို တစ်ခေါက် လာခဲ့ကြပါဦး"

"ဟုတ်ကဲ့ .. လာခဲ့ပါမယ်"

"နောက်ပြီး ကဒုံကနီရောက်ရင်လဲ ညီမလေးဆီကို ဝင်တွေ့လိုက်ပါဦး၊ သူက ကိုနီမောင်တို့ တစ်ခေါက်ထပ်လာဦးမယ်ဆိုလို့ မျှော်နေရှာတယ်"

ဟု သူးခာန်းသောစကား ပြောသွားလေသည်။ သူတို့ပြန်တော့ နီမောင်တို့က ပင်လယ်ကမ်းခြေအထိ ဆင်းပို့ပေးကြသည်။

သုံးမယောက်သား လှေပေါ်တက်ပြီး ရေစီးကြောင်းအတိုင်း လိုက်ပါသွားရာ အတန်ကြာတော့ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

နီမောင့်ရင်ထဲမှာတော့ မြနှင်းဖြူ ပြောသွားသော စကားများက ပဲ့တင်ထပ်လျက် ကျန်ခဲ့လေသည်။





အခန်း [၁၄]

## အတ္တကြီးသူတို့အတွက် ထိုက်တန်သော ရလဒ်

ပင်လယ်ပြင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။ ရာသီဥတုသာယာနေသည်ဆိုသော်လည်း လှိုင်းအိကလေးများ ရှိနေလေသည်။

ကျောက်ပြာသာဒ်ရှိသော နေရာတစ်ဝိုက်မှာတော့ လူသူ ကင်းရှင်းနေသည်။ ထိုအချိန်မျိုးမှာ ကျောက်ပြာသာဒ်ရှိရာသို့ မည်သူမျှ မလာကြပေ။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ ကျွန်းမှာရှိသည့်အခါမှာတော့ ၎င်းတို့လေးယောက်မှာ တစ်ယောက်မဟုတ်တစ်ယောက် လာရောက်ကြသော်လည်း ၎င်းတို့ ပင်လယ်ထွက်သွားသောအချိန်မှာတော့ အခြားသူများမှာ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသောကြောင့် မလာကြပေ ..။

ယခု နီမောင်တို့သုံးယောက်ရော ဦးမွန်ထော်ပါ ပင်လယ်ထွက်သွားကြသောကြောင့် ကျွန်းပေါ်မှာ မရှိကြပေ ..။ ထိုအချိန်တွင် ပင်လယ်ပြင်တစ်နေရာဆီမှ လှေတစ်စင်းမှာ ကျောက်ပြာသာဒ်ရှိရာသို့ ဦးတည်၍ လှော်ခတ်လာနေသည်။ လှေပေါ်မှာ လူလေးယောက် ပါလာသည်။

အခြားသူများ မဟုတ်ကြပေ ..။ ကျွန်းပေါ်မှ နှင်ထုတ်လိုက်သော နတ်ဆရာ ဇာလာဟီး၊ သံပချိုင်၊ ကုလားပု၊ သံခဲတို့ လေးယောက်ပင် ဖြစ်လေသည်။

၎င်းတို့သည် ကျောက်ပြာသာဒ်မှာထားသော ရုပ်တုကို ဖျက်ဆီးရန်အတွက် တစ်ကျော့ပြန်လာကြခြင်းဖြစ်သည်။

"ဒီရုပ်တုကြောင့် ငါတို့ ဒီကျွန်းက ထွက်ပြေးကြရတာ..၊ ဒီရုပ်တုကို ဖျက်ဆီးပစ်ရမယ်"

"ဟုတ်တယ် ဒီရုပ်တု မရှိတော့ရင် ကျွန်းပေါ်မှာရှိတဲ့လူတွေက ငါတို့ကိုပြန်ပြီး ယုံကြည် အားကိုးလာနိုင်တယ်"





"ဒါပေမယ့် သတိထားကြဦး ..၊ နီမောင်တို့ လေးယောက်က ကျောက်ပြာသာဒ်မှာ တစ်ယောက်မဟုတ် တစ်ယောက် ရှိနေတတ်တယ်"

"ဒီတစ်ခါတော့ သူတို့ကိုတွေ့ရင်လဲ သတ်ရမှာပဲ"

ဟု ပြောဆိုကာ ကျောက်ပြာသာဒ်ရှိရာသို့ ဦးတည်ပြီး လှော်ခတ်သွားကြသည်။ ပင်လယ်ရေပြင်ပေါ်မှာ သာမန်လှိုင်းကလေးများသာရှိပြီး သာယာနေသောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်တွေ့နိုင်သည်။

ထို့ထက် တိမ်တိုက်များကြားမှာရှိနေသော လရောင်ကလည်း တစ်ခါတစ်ခါ ပေါ်လာတတ်ပေရာ သူတို့အတွက် ထိုနေရာသို့ ရောက်စေရန် လမ်းပြပေးနေသကဲ့သို့ ရှိလေသည်။

သို့သော်လည်း ပလ္လင်မှော်ဝဲကတော့ ထုံးစံအတိုင်း ဝဲကတော့ ထိုးနေလေသည်။ သာမန်အခြေအနေမျိုးသာ ရှိသည်ဆိုသော်လည်း ပင်လယ်ရေစီးကြောင့် ဝဲကြမ်းနေသည်။

ထိုနေရာရောက်လာတော့ မတိုးမကျယ် ပေါ်ထွက်နေသည့် ဝဲဟီသံကိုပင် ကြားရသည်။

"ပလ္လင်မှော်ဝဲရောက်ရင် သတိနဲ့သွားကြ ..၊ ဒီနေရာက ပုံမှန်အတိုင်းရှိတယ်ဆိုပေမယ့် တခြားနေရာတွေထက် ဝဲပိုကြမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ .. ဒီနေရာက သွားနေကြပါ"

ပလ္လင်မှော်ဝဲနေရာရောက်လာတော့ ဝဲအတွင်းမှ ထူးခြားသော အသံအချို့ကို ကြားကြရသည်။ စကားပြောနေသံများလိုလို ညည်းညူသံများလိုလို မသဲကွဲသောအသံများ ကြားကြရခြင်း ဖြစ်သည်။

"စကားပြောနေသံတွေလိုလို ကြားရတယ်၊ ကျောက်ပြာသာဒ်ပေါ်မှာ ဟိုလူတွေများ ရောက်နေကြသလား မသိဘူး၊ သေသေချာချာ ကြည့်ကြဦး"

လေးယောက်သား ကျောက်ပြာသာဒ်ပေါ်သို့ လှမ်းကြည့်ကြသောအခါမှာ ဘာမှမတွေ့ကြရပေ။

"ဟို အရုပ်ရော ရှိရဲ့လား"

"ဒီကကြည့်တာတော့ ကျောက်ပြာသာဒ်နဲ့ ကွယ်နေလို့ မမြင်ရဘူး"

ဟု ပြောရင်း လှေကိုလှော်လာရာ ပလ္လင်မှော်ဝဲအတွင်းသို့ ရောက်လာကြသည်။ ဝဲမှာ သာမန်အခြေအနေ ရှိသည်ဆိုသော်လည်း ထိုအတွင်းသို့ ရောက်သွားသောအခါ တော်တော်နှင့် ပြန်ထွက်မရပေ။ ဝဲအတွင်း၌ ချာချာလည်နေကြသည်။

"အားစိုက်ပြီး လှော်ကြပါဟ..၊ တော်ကြာ ဝဲကြမ်းလာလို့ ပြန်မထွက်နိုင်ဘဲ ရှိနေလိမ့်မယ်"





သံပချိုင်က အော်ပြောသဖြင့် ကျန်နှစ်ယောက်ကလည်း အားစိုက်ပြီး လှော်ကြလေသည်။ သို့သော်လည်း လှေက သာမန်မျှသာရှိသော ဝဲအတွင်းမှ မထွက်နိုင်ဘဲ ချာလည်လည်နေသည်။

ရေအောက်မှ တစ်စုံတစ်ယောက်က ဆွဲထားသကဲ့သို့ ချာလည်လည်နေခြင်း ဖြစ်၏။ လေးယောက်သား အားစိုက်လှော်တော့မှ ဝဲအတွင်းမှ ထွက်နိုင်ကြလေသည်။

ထိုအချိန်မှာ တစ်နေရာမှ လှမ်းပြောလိုက်သည့်အသံကိုကြားကြရသည်။

"ငါတို့က မသတ်ချင်လို့ တားနေတာနော် ..၊ တားမရလို့ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ ငါတို့အပြစ် မဟုတ်တော့ဘူး"

ထိုအသံကို ကြားလိုက်ရသောကြောင့် လေးယောက်သား ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဘယ်က လှမ်းပြောတာလဲ"

"ကမ်းပေါ်က ပြောတာတော့ မဟုတ်ဘူး"

"ငါကြားတာတော့ ပလ္လင်မှော်ဝဲအတွင်းက လှမ်းပြောလိုက်တာလို့ ထင်တာပဲ"

"မင်းကလဲကွာ မဟုတ်တာ အတော်ပြောတာပဲ ..၊ ငါတို့နားကြားလွဲတာပဲ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သံပချိုင်တို့လေးယောက်ကို တင်ဆောင်လာသောလှေသည် ဝဲအတွင်းမှ လွတ်မြောက်သွားပြီး ကျောက်ပြာသာဒ်ရှိသောနေရာသို့ ရောက်သွားကြသည်။

ကျောက်ပြာသာဒ်မှာ ကျောက်ဆောင်ထိပ်ပေါ်မှာရှိသောကြောင့် လှေကို ကမ်းစပ်နေရာမှာ ရပ်ထားခဲ့ပြီး လေးယောက်သား ဓား၊ လှံ၊ မီးတုတ်များကို ယူဆောင်၍ အပေါ်သို့ တက်သွားကြသည်။

ကျောက်ပြာသာဒ်အပေါ်မှာတော့ မည်သူမျှ မတွေ့ရပေ။ သံပချိုင်က ကျောက်ပလ္လင်ပေါ်သို့ လှမ်းကြည့်လိုက်တော့ ရုပ်တုတော်ကတော့ ရှိနေသည်။

"ဒီတစ်ခါတော့ ရုပ်တုက ရှိနေတယ် ..၊ ငါ အရင်တစ်ခေါက် လာကြည့်တုန်းကတော့ ဟိုလူတွေ ဝှက်ထားခဲ့လို့ မတွေ့ရဘူး"

ဟု သံပချိုင်က ပြောသည်။

"ဒီလိုဆိုတော့လဲ ငါတို့လုပ်ရမယ့်ကိစ္စ မြန်မြန်ပြီးအောင် လုပ်ရမှာပေါ့"

ဟုပြောပြီး ကျောက်ပြာသာဒ်အတွင်းသို့ ဝင်လာကြလေသည်။ ထို့နောက် ရုပ်တုတော်အနီးသို့ကပ်ကာ မ,ယူလိုက်ကြသည်။

သို့သော် မရပေ..၊ တစ်ယောက်ယူ၍ မရသဖြင့် နှစ်ယောက် ဝိုင်းယူသည်။ မရပေ..။





နောက်ဆုံး လေးယောက်စလုံး ဝိုင်း၍မ,ကြသော်လည်း သစ်သားဖြင့် ထုလုပ်ထားသော သာမန်အရွယ်အစားမျှသာရှိသည့် ရုပ်တုက တစ်ချက်ကလေးမှ ကြွတက်မလာပေ ..။

"ဒီလောက်ယူလို့မှ မရတော့လဲ ဒီအပေါ်မှာဘဲ ဓားနဲ့ခွဲစိတ်ပြီး မီးရှို့ပစ်လိုက်ကြတာပေါ့ကွာ"

ဟုပြောပြီး သံပချိုင်က အသင့်ယူလာသော ဓားဖြင့် ရုပ်တုအား ခွဲချရန် ပြင်လိုက်သည်။

ထိုအချိန်မှာ မမျှော်လင့်သော အသံများပေါ်ထွက်လာသည်။

"ရှူး .."

"ရှူး .."

"အား!..."

သံပချိုင်နှင့် ဓလာဟီးတို့၏ ကြောက်မက်ဖွယ်ရာ အော်သံများနှင့် လဲကျသွားသံများ ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖုံးလွှမ်းသွားလေတော့သည်။

သံခဲနှင့် ကုလားပုတို့မှာ အပေါ်၌ ဆက်မနေဝံ့ကြတော့သဖြင့် လှေရှိရာသို့ ဆင်းပြေးကြပြီး ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားကြလေသည်။ နှစ်ယောက်သား လှေကို ကမ်းမှခွာလိုက်သည်နှင့် လှေက ပလ္လင်မျော်ဝဲအတွင်းသို့ ပါသွားလေတော့သည်။ နှစ်ယောက် အားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလှော်ကြသော်လည်း တစ်ချက်ကလေးမှ မရွေ့တော့ဘဲ ဝဲအတွင်းမှာ ချာလည်လည်နေလေတော့သည်။

နောက်ဆုံးမှာတော့ ဝဲစုပ်သံကြီး ပေါ်ထွက်လာပြီးနောက် လှေရောလူပါ ဝဲအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ရုပ်တုတော်ကို ဆွမ်းရေချမ်း၊ ပန်း စသည်တို့ ကပ်လှူရန် နီမောင်တို့ ရောက်လာသောအခါ ဝဲအတွင်းမှာ ချာချာလည် မျောပါနေသော လှေတစ်စင်းနှင့် လူလေးယောက်တို့ အလောင်းများကို တွေ့ကြရသည်။

သံပချိုင်တို့အလောင်းများဖြစ်မှန်း သိသောအခါ ရွာလူကြီးကို အကြောင်းကြားသဖြင့် ဇမုန်းထန်နှင့် ရွာသူရွာသားများ လာရောက်ကြည့်ကြသည်။

ကျောက်ပြာသာဒ်အတွင်းမှာ ဓား၊ ပေါက်ဆိန်၊ မီးတုတ်များကို တွေ့ရသဖြင့် နီမောင်က ပြောပြသည်။

"ဒီရုပ်တုတော်ကြောင့် သူတို့ကို ကျွန်းက နှင်ထုတ်ခံရတယ်ထင်ပြီးတော့ ရုပ်တုတော်ကို ဖျက်ဆီးပစ်ဖို့ ကြံစည်ရင်းနဲ့ မမျှော်လင့်ဘဲ အန္တရာယ်ဆိုးတွေနဲ့တွေ့ပြီး သေကြရတာ ဖြစ်မယ်"

"ဒါကတော့ သူကြမ္မာ သူဖန်တီးတာပဲလေ ..၊ ကျုပ်တို့က ဘယ်တတ်နိုင်ပါ့မလဲ"





ဇမုန်းထန်က ထိုမျှသာ ပြောလေသည်။

နောက်ပိုင်းမှာတော့ ရှင်ဥပဂုတ္တရုပ်တုတော်နှင့် ပတ်သက်ပြီး ကန့်ကွက်ပြောဆိုမှုများ မရှိတော့ပေ။

ဇမုန်းထန် ကိုယ်တိုင်ကပင် နောက်ပိုင်း၌ ယုံကြည် ကိုးကွယ်မှုများ ရှိလာခဲ့လေသည်။

နောက်ပိုင်းမှာတော့ ကျောက်ပလ္လင်ပေါ်မှာ ရှင်ဥပဂုတ္တရုပ်တုတော်မှာ တင့်တယ်စွာ စံပယ်နေပြီဖြစ်သောကြောင့် ကျောက်ပြာသာဒ်မှာလည်း အင်္ဂါရပ်နှင့်ပြည့်စုံကာ တင့်တယ်သော အခြေအနေသို့ ရောက်သွားခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁၅]

## ရွှေရေစက်ကြောင့် ချစ်ကြိုးထွတ်

ထိုနှစ်ရာသီချိန် ကုန်ခါနီးသောအချိန်တွင် နီမောင်တို့ လေးယောက်မှာ ကြိုတင်တိုင်ပင်ထားကြသည့်အတိုင်း ကဒုံကနီသို့ သွားကြလေသည်။

သူတို့တွင် တစ်နှစ်လုံး စုဆောင်းထားသော ငွေနှင့် ငါးခြောက်များ ပါသွားကြလေသည်။ ကဒုံသို့ရောက်သောအခါ ဒေါ်ငွေမှုံတို့ သားအမိနေသော အိမ်သို့ သွားကြလေသည်။





သူတို့ရောက်လာသည်ကို မြင်သောအခါ ဒေါ်ငွေမှုံရော မြသင်းကြူပါ ဝမ်းသာကြလေသည်။

"ဦးမွန်ထော်တို့ ရောက်လာကြပြီလား ..၊ ကျွန်မတို့ သားအမိကတော့ အမြဲမျှော်နေတာပါ"

"ကျုပ်တို့လဲ လာဖို့ပါပဲ ..၊ ဒါပေမယ့် ဒေါ်ငွေမှုံ့ကို ပြောသွားခဲ့တဲ့အတိုင်း နေရာလဲ ပြောင်း၊ အလုပ်ပြောင်းဖို့ ကြိုးစားနေရလို့ မရောက်ဖြစ်ကြတာပါဗျာ"

"အခု ဘယ်လိုအစီအစဉ်လုပ်ဖို့ စိတ်ကူးထားသလဲ"

"ဒီကိုပဲ ရွှေ့ပြီးနေကြမယ်လို့ ဆုံးဖြတ်ပြီးကြပြီ ..၊ အသက်လဲကြီးပြီဆိုတော့ ငါးဖမ်းတဲ့အလုပ်တွေလဲ မလုပ်ချင်တော့ပါဘူး။ ဒီမှာပဲ ခြံလေးမြေလေးဝယ်ပြီး လုပ်ကိုင်စားသောက်ဖို့ စိတ်ကူးတော့တယ်ဗျာ"

"ကောင်းတာပေါ့ရှင် ..၊ ကျွန်မတို့လဲ တတ်နိုင်သမျှ အကူအညီပေးပါ့မယ် ..၊ တကယ်လို့ တခြားနေရာမှာဝယ်ဖို့ အဆင်မပြေသေးရင်လဲ ကျွန်မတို့ခြံက အကျယ်ကြီးရယ် .. ဒီခြံထဲမှာ လုပ်ကိုင် စားသောက်ရင်လဲ ရပါတယ်"

"အခုလိုပြောတာ ကျေးဇူးတင်ပါတယ် ဒေါ်ငွေမှုံရယ်"

"ဦးမွန်ထော်က ပြောင်းမယ်ဆိုတော့ သူတို့တစ်တွေကရော



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

ဒေါ်ငွေမှုံက နီမောင်တို့သုံးယောက်ကို ကြည့်ရင်း မေးသည်။

"သူတို့က ကျုပ်ရဲ့ သားတွေ၊တူတွေလို ဖြစ်နေကြတာဆိုတော့ ကျုပ်ပြောင်းရင် သူတို့လဲ လိုက်ပြောင်းကြမှာပါပဲ"

"ကောင်းတာပေါ့ရှင် ..၊ သိုက်သိုက်ဝန်းဝန်းရှိကြတာပေါ့"

ဟု လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျနေကြသည်။

ညနေပိုင်းအချိန်တွင် နီမောင်က သူတို့ထားခဲ့သော လှေအခြေအနေကြည့်ရန် ဝေါင်ဘက်သို့ ဆင်းလာသောအခါ မြသင်းကြူပါ လိုက်လာလေသည်။

"ကိုနီမောင်တို့ ဒီကိုပြောင်းတော့မယ်ဆိုတာ တကယ်လားဟင်"

"ဟုတ်ပါတယ် .. တကယ်ပြောင်းကြမှာပါ ..၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး။ အစ်ကိုတို့ပြောင်းလာတော့ ကောင်းတာပေါ့၊ ကျွန်မတို့သားအမိက အစ်ကိုတို့ လာကြဦးမယ်ဆိုလို့ မျှော်နေကြတာ"

"ကျွန်တော်တို့လဲ မြသင်းကြူတို့ သားအမိကို အမြဲသတိရနေကြတာပါ"





နီမောင့်စကားကြောင့် မြသင်းကြူက သဘောကျစွာ ပြုံးလိုက်လေသည်။

"ဒါထက် မြသင်းကြူကို မေးရဦးမယ်"

"ဘာမေးမှာလဲ .. မေးလေ"

"တခြားတော့ မဟုတ်ပါဘူး .. ပင်လယ်ဘက်က ကျွန်းတစ်ကျွန်းမှာ မြသင်းကြူနဲ့ ဆွေမျိုးသားချင်းတော်စပ်တဲ့သူတွေ ရှိတယ် မဟုတ်လားဟင်"

"အစ်ကိုကို ဘယ်သူက ပြောသလဲ"

"ကျွန်တော် မြနှင်းဖြူ၊ မြဝင်းသူတို့နဲ့ ထပ်တွေ့ရတယ်..၊ သူတို့ ပြောပြလို့ သိရတာပါ"

မြသင်းကြူက ဆည်းဆာရောင်လွှမ်းနေသော ပင်လယ်ပြင်ဘက်သို့ မျှော်ကြည့်ရင်း ခေါင်းညိတ်ပြလေသည်။

"ဟုတ်ပါတယ် .. မြနှင်းဖြူဆိုတာ ကျွန်မရဲ့ အစ်မပါ။ မြဝင်းသူက ညီမလေး တော်ပါတယ်၊ အစ်ကိုတို့တွေ့ခဲ့တဲ့ ဘိုးပန်းဖြူ ဆိုတာ ကျွန်မရဲ့ အဘိုးပါပဲ"

"ဒီလိုဖြစ်ပါရက်နဲ့ မြသင်းကြူက ဒီမှာ ဘာကြောင့်လာ[illegible]တာ လဲဟင်၊ ရွာသာယာကို ကျွန်တော် ရောက်ခဲ့ဖူးတယ်၊ [illegible]ပြီး သာယာ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

မြသင်းကြူက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကျွန်မလဲ သူတို့နဲ့ ခွဲမနေချင်ပါဘူး ..၊ ဟိုမှာနေရတာလဲ ပျော်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့လုပ်ရမယ့်တာဝန်တွေ ရှိလို့ အဘိုးစေခိုင်းတဲ့အတိုင်း ဒီမှာ လာနေကြရတာပါ"

ဟု ပြောပြလေသည်။

နီမောင့်အနေနှင့်တော့ မြသင်းကြူ ဘာကိုရည်ရွယ်ပြောနေသည်ကို သဘောမပေါက်လှပေ ..။

"မြနှင်းဖြူတို့နဲ့တွေ့တော့ သူတို့ ပြောသွားတယ်၊ မြသင်းကြူ မျှော်နေတဲ့အကြောင်းလေ ..၊ ကျွန်တော်လဲ နေ့တိုင်း သတိရနေတာပါပဲ"

မြသင်းကြူက ပြုံးနေလေသည်။

"နောက်ဆိုရင် မြသင်းကြူလဲ မျှော်စရာ မလိုတော့ဘူး၊ ကျွန်တော်လဲ သတိရစရာ မလိုတော့ဘူး"

"ဟင်!... ဘာဖြစ်လို့လဲဟင်"

"ကျွန်တော်တို့က ဒီကို ပြောင်းလာတော့မှာလေ..၊ အဲဒီအခါကျတော့ နေ့တိုင်းတွေ့နေကြရတော့မှာဆိုတော့ အဲဒါတွေ မလိုတော့ဘူးလေ"





"ဟင် .. အစ်ကိုစကားကလဲ .."

"ကျွန်တော်ဖြင့် တွေးကြည့်ရုံနဲ့တင် ဝမ်းသာနေမိတာ၊ မြသင်းကြူရေဟင် .."

"ကျွန်မလဲ ပျော်ပါတယ် အစ်ကိုရယ်"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ လှေရှိရာသို့ ရောက်လာကြသည်။

သောင်ပြင်ပေါ်သို့ ဆွဲတင်ထားသော လှေကို နေသားမပျက် တွေ့ရလေသည်။

နီမောင်က လှေကိုကြည့်နေတော့ မြသင်းကြူက မနီးမဝေးမှာ ရပ်စောင့်ပေးသည်။

"ကျွန်တော်တို့နှစ်ယောက် တွေ့ကြရတာ သိပ်ပြီးဆန်းကြယ်တာပဲနော်"

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"ဩော် .. ဟိုဘက်ကျွန်းမှာ နေတဲ့လူနဲ့ ဒီဘက်ကျွန်းမှာ နေတဲ့လူ မမျှော်လင့်ဘဲ တွေ့ကြရတယ်"

"ဒါများ ထူးဆန်းတာမှ မဟုတ်တာ အစ်ကိုရယ် ..၊ ဘဝဟောင်းက ရေစက်ပါလာရင် ဘယ်လောက်ပဲဝေးဝေး ဆုံတွေ့နိုင်တာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မြသင်းကြူကြူက ဒီလိုပဲ သဘောထားလားဟင်"

သူမက ခေါင်းညိတ်ပြရင်း လေးလေးနက်နက် ပြောသည်။

"အစ်ကို ရွာသာယာကို ရောက်သွားတာ သာမန်အကြောင်း မဟုတ်သလို အခုလို ကျွန်မတို့နဲ့ တွေ့ရတာလဲ သာမန် တိုက်ဆိုင်မှု တစ်ခု မဟုတ်ပါဘူး။ ဘဝရေစက်ရှိလို့ အကြောင်းတိုက်ဆိုင်မှုတွေ ရှိလို့ တွေ့ရတာပဲလို့ ကျွန်မ ထင်တယ်"

"ဒီလိုဆိုတော့လဲ ကောင်းတာပေါ့ မြသင်းကြူရယ်..၊ ဘဝ ရေစက်ရှိသူချင်း ဒီဘဝမှာ ပြန်ဆုံကြတော့ တစ်သက်လုံး အတူတူ နေသွားကြရရင် ပိုမကောင်းဘူးလားဟင်'

"အစ်ကိုက ဒီလိုပဲ ဆုံးဖြတ်ထားပြီးလို့လား"

"ဟုတ်တယ် ဆုံးဖြတ်ထားပြီးပြီ ..၊ မြသင်းကြူ သဘောက ရောဟင်"

"ကျွန်မအနေနဲ့ ဘာများငြင်းပယ်စရာရှိမလဲ အစ်ကိုရယ်"

ဟု ခေါင်းကလေးငုံ့ကာ ပြောလိုက်လေသည်။

နီမောင်က အနီးသို့ တိုးကပ်သွားပြီး သူမ လက်နုစ်ဖက်ကို ဆွဲယူကာ ဆုပ်ကိုင်ထားလေသည်။

မြသင်းကြူကလည်း မရှုန်းဖယ်ဘဲ ချစ်ရည်ရွှမ်းသော မျက်ဝန်း ဖြင့် မော့ကြည့်လေသည်။





သူမ၏မျက်ဝန်းရိပ်တွင် လှပသော ပန်းနုရောင်ဆည်းဆာ ရောင်များ ယှက်သန်းနေသည်။

စွန်းထင်ိနေလေတော့သည်။

ထို့နောက်မှာတော့ မြသင်းကြူက နီမောင့်ရင်ခွင်တွင်းသို့ ညင်သာစွာ တိုးဝင်လာလေတော့သည်။

နောက်ထပ် တစ်လခန့်ကြာသောအခါ ကဒုံကနီတွင် မင်္ဂလာ ပွဲတစ်ခု ကျင်းပကြလေသသည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးက မြသင်းကြူပင် ဖြစ်ပေသည်။

ထိုမင်္ဂလာပွဲသို့ ရပ်ဝေးရပ်နီးမှ ဧည့်သည်များ လာရောက်ကြ လေသည်။

ထိုအထဲတွင် ရွာသာယာမှ ဘိုးပန်းဖြူ၊ မြနှင်းဖြူ၊ မြဝင်းသူ တို့ သုံးယောက်ပါ ရောက်လာပြီး ၎င်းတို့ယူဆောင်လာသော ပုလဲလုံး အချို့ကို လက်ဆောင်အဖြစ် ပေးကြလေသည်။

လောကတွင် သာမန်လူသားတို့၏ ဉာဏ်တစ်ထွာတစ်မိုက် ဖြင့် လိုက်မမီနိုင်သည့် ထူးဆန်းအံ့သြဖွယ်ကောင်းသော အကြောင်း အရာများစွာတို့ ရှိနေသည်ကိုတော့ သံသယရှိစရာ မလိုတော့ပါ ချေ..။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကျွန်ုပ် ရေးသားသော (ကျောက်ပြာသာဒ် ပလ္လင်မှော်) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း ..။

အနီဃာဟောတု သုခီအတ္တာနံ ပရိဟရန္တု

[illegible]

စာပြီးချိန် ။ ။ ၂၀၁၁ ခုနှစ် ၊ ဩဂုတ်လ ၁၀ ရက် ၊ ဗုဒ္ဓဟူးနေ့
နံနက် ၁၀ နာရီ ..။



www.burmeseclassic.com